ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၁) ရက် ၊ ကြာသပတေးနေ့ ၊ (20-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၇၃)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရတနာပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်နှင့် ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊မန်းဦးမင်းမောင်၊ ဦးခင်မောင်ဆွေ၊Jeng Phang နော်တောင်၊ဦးစိုင်းလုံးဆိုင်၊ဒုတိယဗိုလ်ချုပ်ကြီးထိုးထွဋ်၊ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရတနာပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်နှင့် ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနားကျင်းပနိုင်ရေးပြင်ဆင်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ Pa**

ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

မြို့ရွာသန့်ရှင်း ကျန်းမာရေဂါကင်း

မိမိတို့နေထိုင်ရာ မြို့ရွာသန့်ရှင်းသပ်ရပ်၍ သာယာလှပရန်၊ ဒေသခံပြည်သူများ ကိုယ်ကျန်းမာစိတ်ချမ်းသာဖြစ်စေရန်အတွက် အထောက်အကူပြုသည့် အချက်တစ်ချက်မှာ မြို့ရွာအစဉ်သန့်ရှင်းသာယာလှပရေးဖြစ်ပါသည်။

ထို့ကြောင့် မိမိပတ်ဝန်းကျင် မြို့ရွာသန့်ရှင်းသာယာလှပရန်အတွက် ရေစီးရေလာကောင်းစေရန် ရေနုတ်မြောင်းဆယ်ခြင်း၊ အလင်းရောင်လုံလောက်စွာရရှိစေရန် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများမဖြစ်စေရန် ဆေးဖျန်းခြင်း၊ သောက်သုံးရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း စသည်တို့ဆောင်ရွက်ပေးရမည်ဖြစ်သည်။

လူတို့၏နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်အရေးကြီးလှသည်။ ထို့ပြင် လူတို့နေထိုင်ကြသည့် ပတ်ဝန်းကျင်တွင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သာယာလှပသောမြို့ရွာ **Clean City**၊ **Clean Village** များဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်မျှတသည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေး ဒေသခံများ၊ ဒေသတွင်းတာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ စျေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်မှာ လေးစားဖွယ်ကောင်းလှပေသည်။

မိမိတို့မြို့ရွာများ၏ လူနေမှုအဆင့်အတန်းခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စွန့်ပစ်အမှိုက်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများပါ ကျွဲကူးရေပါဆိုသလို များပြားစွာပါဝင်လာနိုင်ပေမည်။ ထို့ကြောင့် မိမိနေထိုင်ရာမြို့ရွာဒေသများ သန့်ရှင်းပြီး စိမ်းလန်းလှပနေရန် ကျန်းမာရေးအခြေအနေကောင်းများ ဖြင့်ပြည့်စုံစေရန် ရေရှည်မျှော်မှန်း၍ မိမိအိမ်နှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကို တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ရပေမည်။ ထိုသို့ ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြို့ရွာသန့်ရှင်းသာယာလှပစေပြီး အနာရောဂါကင်းသည့် ကျန်းမာသောလူမှုဘဝများလည်း ရရှိပိုင်ဆိုင်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး၌ အသေးစားစီးပွားရေးလုပ်ငန်းမှတ်ပုံတင် ၃၀၅ ခု ခွင့်ပြုထုတ်ပေးထား

မန္တလေး အောက်တိုဘာ ၁၉

ယခုဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးတွင် တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေး လုပ်ငန်းရှင်များကို တရားဝင်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် လုပ်ငန်းမှတ်ပုံတင် ၃၀၅ ခု ခွင့်ပြုထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဝင်းဝိုလ်က ပြောပြ၍သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းရှင်များထုတ်လုပ်သည့် ကုန်ပစ္စည်းများအလိုက် ခွင့်ပြုပေးထားကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုပေးထားသည့် မှတ်ပုံတင်များမှာ စားသောက်ရေးဆိုင်ရာလုပ်ငန်း ၁၄၅ ခု၊ ဝတ်ဆင်ရေးဆိုင်ရာ လုပ်ငန်းသုံးခု၊ နေထိုင်ရေးဆိုင်ရာ လုပ်ငန်း ၁၇ ခု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ၅၂ ခု၊ ကုန်ကြမ်းပစ္စည်းဆိုင်ရာ လုပ်ငန်းတစ်ခု၊ စိုက်ပျိုးရေးပစ္စည်းဆိုင်ရာလုပ်ငန်း ၁၀ ခု၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်း နှစ်ခု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း နှစ်ခု၊ အထွေထွေ အသေးစားစက်မှုလုပ်ငန်း ၇၃ ခု စုစုပေါင်း လုပ်ငန်းမှတ်ပုံတင် ၃၀၅ ခု ထုတ်ပေးထားကြောင်း သိရသည်။

"အခု ဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းမှတ်ပုံတင် ၄၉၀ ကျော်လျှောထားပြီး ထုတ်ပေးသွားမှာပါ။ ဒီနေ့ထိ လုပ်ငန်းမှတ်ပုံတင် ၃၀၅ ခု ထုတ်ပေးပြီးသွားပါပြီ။ လုပ်ငန်းမှတ်ပုံတင်တွေ ဆက်လက်ထုတ်ပေးသွားမှာပါ။ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် တရားဝင်လုပ်ငန်းမှတ်ပုံတင်တွေ ဘဏ္ဍာနှစ်အလိုက် ထုတ်ပေးနေတာပါ။ တိုင်းဒေသကြီးအတွင်း မြို့နယ်၊ ကျေးရွာအလိုက် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်တွေ တရားဝင်ထုတ်ကုန်တွေ ထုတ်လုပ်ရောင်းချနိုင်အောင်မှတ်ပုံတင်တွေထုတ်ပေးနေတာပါ"ဟု ဦးဝင်းဝိုလ်က ပြောပြသည်။

အဆိုပါ လုပ်ငန်းမှတ်ပုံတင် ထုတ်ပေးမည့် လုပ်ငန်းအမျိုးအစားများမှာ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်နှင့် စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ကြမ်းလုပ်ငန်း၊ ဓာတ်သတ္တုပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များထုတ်လုပ်ရေးလုပ်ငန်း စသည်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

(၁၈၅)

မန္တလေး-ကျောက်မြောင်းကြားတွင် ရောဝတီလင်းပိုင်နှင့် ကွန်ပစ်ငါးဖမ်းသည့်ဝေလကို ကြည့်ရှုသူ တစ်ရက် ဦးရေ ၁၀၀ ကျော်ရှိနေ

မန္တလေး အောက်တိုဘာ ၁၉

မန္တလေး-ကျောက်မြောင်းကြားတွင် အောက်တိုဘာလဒုတိယပတ်မှစ၍ ရောဝတီလင်းပိုင်နှင့်ကွန်ပစ်ငါးဖမ်းသည့်ဝေလကို လာရောက်ကြည့်ရှုသူ တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်ရှိနေကြောင်း ရောဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးမြို့ အပါအဝင် အခြားမြို့များမှ ခရီးသွားများအနေဖြင့် မန္တလေး-ကျောက်မြောင်းကြားရှိ ရောဝတီလင်းပိုင်များကို ကြည့်ရှုကြသည့် ခရီးသွားအဖွဲ့များရှိကြောင်း၊ ယခုလတ်တလောတွင် ရောဝတီလင်းပိုင်များ နေထိုင်ကျက်စားလျက်ရှိသည့် မန္တလေး-ကျောက်မြောင်းကြား သွားရောက်လည်ပတ်သည့် ခရီးသွားများ များပြားလာကြောင်း သိရသည်။

"မန္တလေး ဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ရောဝတီလင်းပိုင်တွေကို ပြည်တွင်းကခရီးသွားတွေ ကြည့်ရှုမှုများလာတယ်။ အဓိကကတော့ မန္တလေး-ကျောက်မြောင်းကြားမှာရှိတဲ့ လင်းပိုင်တွေနဲ့ကျေးရွာတွေက ရေလုပ်သားတွေ အကျိုးတူပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဝေလကို လာရောက်ကြည့်ရှု လေ့လာကြတာများပါတယ်" ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ မန္တလေး-ကျောက်မြောင်းကြား ရောဝတီလင်းပိုင်များကို အောက်တိုဘာလ ပထမပတ်က လာရောက်ကြည့်ရှုသူ တစ်ရက်လျှင် ဦးရေ ၆၀ ကျော်သာရှိကြောင်း၊ ယခုအောက်တိုဘာလ ဒုတိယပတ်မှစ၍ ရောဝတီလင်းပိုင်များကို လာရောက်ကြည့်ရှုသူ တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်ရှိလာကြောင်း၊ ရောဝတီလင်းပိုင်များအနေဖြင့် ယခုအခါ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာနှင့် မင်းကွန်းဒေသအနီးတွင် နေထိုင်ကျက်စားလျက်ရှိကြောင်း ရောဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။ (၁၈၄)

မန္တလေးဈေးကွက်တွင် မတ်ပဲအရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၄၀၀၀ ထိပေါက်ဈေးရှိလာ

မန္တလေး အောက်တိုဘာ ၁၉

မန္တလေးဈေးကွက်တွင် မတ်ပဲအရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၄၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဗိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်တွင် အောက်တိုဘာလ ပထမပတ်အတွင်းက မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၇၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၁၈ ရက်တွင် မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၄၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

"ပြည်တွင်းကထွက်ရှိတဲ့ မတ်ပဲတွေကို အခုလက်ရှိမှာ ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက် ဈေးကောင်းရနေပါတယ်။ မန္တလေးဈေးကွက်ထဲ မတ်ပဲအသစ်တွေဝင်တာတော့ မရှိသေးပါဘူး။ အရင်လက်ကျန် မတ်ပဲတွေပဲ အရောင်းအဝယ်လုပ်နေတယ်။ ဈေးကွက်ထဲ မတ်ပဲလက်ကျန်ရှားလာပြီး အရောင်းအဝယ်ကလဲ ပြန်ကောင်းလာတာကြောင့် မတ်ပဲတွေ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် မတ်ပဲများကို ယခုအခါတွင် ပြည်ပက ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ မတ်ပဲများ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာပြီး မန္တလေးဈေးကွက်အတွင်း၌ မတ်ပဲများ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေစွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၀၁၀၉-၄၅၈၈၉၃၃၀၀၊ကြော်ငြာ-၀၄၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၄၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံစွန်းမြို့နယ်၊ ဘိုးရာစလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မင်းလှမြို့နယ်၌ မြစ်မီးရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ လွှဲပြောင်းပေးအပ်

မင်းလှ အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံရေကျော်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးရန် မျိုးစေ့ဝယ်ယူခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများဝယ်ယူခြင်း စသည်တို့အတွက် တောင်သူများ အဆင်ပြေစေရန် ရည်ရွယ်၍ ရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက စီမံကိန်းနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းများ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလသတ်မှတ်ချက်များ စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းတို့က မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် လက်ပံရေကျော်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နေကြာစိုက်ပျိုးမည့်တောင်သူ ၄၆ ဦး၊ အခြားအသက်မွေးဝမ်းကျောင်လုပ်ငန်းလုပ်ကိုင်မည့်တောင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီ ထွက်သီးနှံ) ရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မင်းရွာကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းပြီးစီးမှု စစ်ဆေး

မော်လမြိုင် အောက်တိုဘာ ၁၉

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မင်းရွာကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မင်းရွာကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

မင်းရွာကျေးရွာတွင် အိမ်အရောက်ရေပိုက်လိုင်း ပေ ၅၅၈၀ သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၁၄ ဒသမ ၈၇ သန်းဖြင့် ပြည်လွှဲထူးကုမ္ပဏီက ယခုနှစ် သြဂုတ်လစတုတ္ထပတ်က စတင်တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ဖြိုးလေး

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲမျိုးစုံကေ ၁၂ သိန်းကျော်စိုက်ပျိုးမည်

မုံရွာ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးတွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံကေ ၁၂ သိန်းကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံကေ ၁၂ သိန်းကျော် စိုက်ပျိုးရန်လျာထားပြီး မော်လိုက်ခရိုင်တွင် ၂၀၂၃၆ ကေ၊ တမူးခရိုင်တွင် ၃၁၆၆ ကေ၊ ကလေးခရိုင်တွင် ၁၁၈၀၉၁ ကေ၊ ခန္တီးခရိုင်တွင် ၅၃၁ ကေ၊ ဟုမ္မလင်းခရိုင်တွင် ၆၇၁၆ ကေ၊ နာဂဒေသတွင် ၉၀၈ ကေ၊ မုံရွာခရိုင်တွင် ၂၃၅၁၆၃ ကေ၊ ယင်းမာပင်ခရိုင်တွင် ကေ ၂၀၂၉၆၀၊ ရွှေဘိုခရိုင်တွင် ၁၈၇၃၇၃ ကေ၊ ရေဦးခရိုင်တွင် ၁၉၃၉၄၆ ကေ၊ ကန့်ဘလူခရိုင်တွင် ၁၀၃၁၃၃ ကေ၊ စစ်ကိုင်းခရိုင်တွင် ကေ ၁၃၈၇၈၀၊ ကသာခရိုင်တွင် ၂၆၈၀၁ ကေ၊ ကောလင်းခရိုင်တွင် ၁၄၆၀၈ ကေ တို့ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲမျိုးစုံစိုက်ပျိုးရာမှာလဲ ဈေးကွက်ဝင်ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ အပါအဝင် ပဲမျိုးပေါင်း ၁၇ မျိုးလောက် စိုက်ပျိုးနေပါတယ်။ ပဲမျိုးစုံ ၁၂ သိန်းကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန နိုင်ငံတကာဆက်ဆံရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနစိတ်တာဝန်ခံ ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ပဲမျိုးစုံစိုက်ပျိုးမည့်အနေဖြင့် မတ်ပဲ ၁၆၃၂၅၄ ကေ၊ ပဲတီစိမ်း ကေ ၉၈၀၀၀၊ ထောပတ်ပဲကေ ၃၁၈၀၀၊ စွန်တာနီကေ ၉၃၅၀၊ စွန်တာပြာကေ ၂၂၂၈၅၀၊ ပဲပုပ် ကေ ၃၅၀၀၀၊ ကုလားပဲကေ ၄၁၇၃၀၀၊ ပဲလွမ်းကေ ၄၀၀၀၀၊ ပဲယင်းကေ ၃၄၅၀၀၊ ပဲကြီးကေ ၅၈၃၀၀၊ အခြားပဲ ၁၄၂၀၅၈ ကေ တို့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရေယာအများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ် သီးထပ်သီးညှပ်လည်း စိုက်ပျိုးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

ကမ္ဘာ့ဈေးကွက်ပေါ် ကုန်ကြမ်းဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ကုန်ကြမ်းထုတ်ကုန်ပို့ကုန်ရောင်းရငွေ ကျပ်ပေါင်း ၁ သန်းခန့် ဆုံးရှုံး

ရန်ကုန် အောက်တိုဘာ ၁၉

ကမ္ဘာ့ဈေးကွက်ပေါ် ကုန်ကြမ်းဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ကုန်ကြမ်းထုတ်ကုန်ပို့ကုန်ရောင်းရငွေ ကျပ်ပေါင်း ၁ သန်းခန့် ဆုံးရှုံးခဲ့ကြောင်း ကုန်ကြမ်းထုတ်ကုန်ပို့ကုန်ရောင်းသူများ ကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက ပြောကြားခဲ့သည်။

ကုန်ကြမ်းထုတ်ကုန်ပို့ကုန်ရောင်းသူများ ကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက ပြောကြားခဲ့ရာ ကုန်ကြမ်းထုတ်ကုန်ပို့ကုန်ရောင်းသူများ ကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက

အသက်မွေးမှုတစ်ခုပညာကိုယ်စီပါပို့ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းကိုသွားကြစို့

❖ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းရဲ့ ထူးခြားချက်တစ်ခုကတော့ အခြားမသန်စွမ်းကျောင်းတွေလို အတန်းပညာသင်ကြားပေးတဲ့ ကျောင်းမျိုးမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းပညာကိုပဲ အဓိကထားသင်ကြားပေးတဲ့ကျောင်းဖြစ်ပါတယ်။ လက်ရှိပို့ချနေတဲ့ ဘာသာရပ်ဆိုင်ရာသင်ရိုးညွှန်းတမ်းနဲ့ သင်ခန်းစာတွေကို အမြဲတမ်းဆန်းသစ်ခေတ်မီနေအောင် ကြိုးစားရပါတယ်။ သင်တန်းသားအားလုံးကို အခမဲ့ကျောင်းအိပ်၊ ကျောင်းစား လက်ခံသင်ကြားပေးတာဖြစ်တဲ့အပြင် သင်တန်းသားတွေရဲ့ အသွား၊ အပြန်ခရီးစရိတ်နဲ့ သင်တန်းကာလမှာအသုံးပြုရမဲ့ သင်ထောက်ကူပစ္စည်းတွေကိုလဲ ပံ့ပိုးပေးပါတယ်။ ❖

မနုဿတ္တဘာဝေါဒုလ္လဘောဟူသော ဆိုရိုးရှိသည့် အတိုင်းလူဘဝကိုရနိုင်ခဲသည်။ ရခဲလှသောလူဘဝကို ရရှိထားသော်လည်း ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေဆဲဖြစ်သည့် ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပွားနေသည့် သဘာဝဘေးအန္တရာယ်များ၊ နေ့စဉ်ဖြစ်ပွားနေသောမတော်တဆမှုများက မသန်စွမ်းသူဦးရေ တိုးပွားလာအောင်တွန်းပို့လျက်ရှိသည်။ ထို့ကြောင့်လည်း ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်သကဲ့သို့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာ့လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း တစ်နည်းအားဖြင့် ၅၉ သိန်းကျော်မှာလည်း မသန်စွမ်းသူများဖြစ်ကြသည်။

မသန်စွမ်းသူများ၏ ဘဝတွင် နိစ္စဓူဝခံစားတွေ့ကြုံနေရသောအခက်အခဲ၊ အတားအဆီးများသည် **မမြင်ရ**ခြင်းမှကြောင့်မဟုတ်ဘဲ ၎င်းတို့ရင်ဆိုင် ကြုံတွေ့နေရသည့် **ပတ်ဝန်းကျင်အတားအဆီး** များကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးခြင်း၊ မသန်စွမ်းမှုနှင့်သဟဇာတဖြစ်မည့် အတားအဆီးကင်းသည့် (Barries Free) ပတ်ဝန်းကျင်အခြေအနေများကို ဖန်တီးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းသူတို့ဘဝ သာယာလှပအောင် ဝိုင်းဝန်းဖန်တီးပေးကြရန်လိုသည်။

မသန်စွမ်းသူများသည် အခြားသူများထက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အကြမ်းဖက်ခံရမှုများနှင့် ဥပဒေပိုင်းဆိုင်ရာအထောက်အပံ့ကောင်းများရရှိမှုအားနည်းနေကြသူများဖြစ်သည်။ အသက်ဆုံးရှုံးမှုတွင်လည်း အခြားသူများထက်ပိုမိုမြင့်မားကာ ရှပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာနှင့် စီးပွားရေးပိုင်းဆိုင်ရာ အတားအဆီးပေါင်းများစွာကို ရင်ဆိုင်နေကြရသည်။ ထို့ပြင် ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်လည်း နည်းပါးနေသေးသည့် အနေအထားနှင့် ရင်ဆိုင်ကြုံတွေ့နေရသူများဖြစ်ကြသည်။

သို့ဖြစ်၍ မသန်စွမ်းသူတိုင်းလူအခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များညီမျှစွာအပြည့်အဝရရှိရေးကို ကာကွယ်ဆောင်ရွက်နိုင်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန်အတွက် ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on The Rights Of Persons with Disabilities – UNCRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ရာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၅ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် UNCRPD ၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သည်။

UNCRPD ပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင်လည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်များကို လက်တွေ့ဖော်ဆောင်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတစ်ရပ်ကို ဖွဲ့စည်းကာ မသန်စွမ်းမှုအမျိုးအစားအလိုက် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို အားတက်ကြည်နူးဖွယ်တွေ့မြင်ရသည်။

စင်စစ်မသန်စွမ်းသူများသည် လူအဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လူအဖွဲ့အစည်းတွင် ဆင်းရဲနေသူ၊ ဝင်ငွေမရှိသူအများစုမှာ မသန်စွမ်းသူများဖြစ်ကြသည်။ ၂၀၀၈ - ၂၀၀၉ အခြေခံမသန်စွမ်းမှုစာရင်းကောက်ယူမှုစစ်တမ်းအရ မသန်စွမ်းသူများ ၏ ၈၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်နေသည်ကို တွေ့ရှိရသည်။ မသန်စွမ်းသူများသည်အလုပ်လုပ်ရန် ဆန္ဒပြင်းပြကြပြီး စွမ်းဆောင်နိုင်မှုများရှိကြသော်လည်း ၎င်းတို့ဘဝတွင် ပညာသင်ကြားခွင့်အပြည့်အဝမရရှိခဲ့ခြင်း၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့် ဘဝတစ်သက်တာ ကျွမ်းကျင်မှုပညာများဆည်းပူးတတ်မြောက်ခွင့်မရရှိခြင်း၊ လုပ်ငန်းခွင်သို့သွားရောက်သည့် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးယာဉ်၊ ရထားများသည် မသန်စွမ်းသူများအတွက် အဆင်မပြေခြင်း၊ အလုပ်ခွင်များတွင် ရှပ်ပိုင်းဆိုင်ရာအတားအဆီးများရှိနေခြင်း၊ အလုပ်ရှင်အများစု၏ ငြင်းပယ်ခွဲခြားဆက်ဆံမှုနှင့် အလုပ်ခန့်အပ်သည့် မူဝါဒစနစ်တချို့ကြောင့် မသန်စွမ်းသူများမှာအလုပ်ရရှိရန် လွန်စွာခက်ခဲကြသည်။ ထို့ကြောင့်လည်း မသန်စွမ်းသူများအပေါ် ၎င်းတို့၏ မိသားစု၊ ရပ်ရွာလူထုနှင့် နိုင်ငံ၏ ဝန်ထုပ်ဝန်ပိုးများအဖြစ် ရှုမြင်သတ်မှတ်ခံနေကြရသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ရသည်။

အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကိုတည်ဆောက်ရာ၌ နိုင်ငံသားတိုင်းရရှိခံစားသင့်သည့် အခွင့်အရေးများစနစ်တကျ သာတူညီမျှရနိုင်ရေးမှာ လွန်စွာအရေးကြီးသည်။ မသန်စွမ်းသူများ၏ စစ်မှန်သောအခွင့်အရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အမြင်အာရုံမသန်စွမ်းသူတို့အတွက် ရန်ကုန်မြို့နှင့် စစ်ကိုင်းမြို့တို့တွင် မျက်မမြင်ကျောင်းနှစ်ကျောင်းကို လည်းကောင်း၊ အကြားအာရုံမသန်စွမ်းသူတို့အတွက် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် နားမကြားသောကလေးများ ကျောင်းနှစ်ကျောင်းကိုလည်းကောင်း ဖွင့်လှစ်ပေးထားသည်။ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက်ကိုမူ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှစ်ကျောင်းနှင့် ရန်ကုန်မြို့တွင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတစ်ခုတို့ကို ဖွင့်လှစ်ကာ မသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

အထက်ပါ မသန်စွမ်းသင်တန်းကျောင်းများအနက် အရွယ်ရောက်ပြီးသော မသန်စွမ်းသူများအသက်မွေးမှုတစ်ခုပညာကိုယ်စီပါအောင် လေ့ကျင့်သင်ကြားပေးနေသော မသန်စွမ်းသက်ကြီးသင်တန်းကျောင်းနှင့် စပ်လျဉ်း၍ ဖော်ညွှန်းတင်ပြလိုသည်။ အဆိုပါသင်တန်းကျောင်းသည် မြန်မာနိုင်ငံလွတ်လပ်ပြီးခေတ်က မသန်စွမ်းသူများကို ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်သန္ဓေတည်ရာဌာနဖြစ်ခြင်းကြောင့် အခြားကျောင်းများထက် ပိုမိုစိတ်ဝင်စားမိသည်။ ထိုခေတ်တွင် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက ၁၉၅၄ ခုနှစ် သြဂုတ် ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၉)ဖြင့် ဝန်ကြီး ဦးဘစော ဥက္ကဋ္ဌအဖြစ်ပါဝင်သော "မသန်စွမ်းဖြစ်လာသူများလူစဉ်မီရေးနှင့် အလုပ်အကိုင်ရရှိရေး" ဘုတ်အဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ အဆိုပါဘုတ်အဖွဲ့က ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း မြေကွက်အမှတ်(၂၅)တွင် တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရသဖြင့် မသန်စွမ်းဖြစ်သူ ရဲဘော်ဟောင်းများကို အခမဲ့ဆေးဝါးကုသပြီး ခြေတုလက်တုများတပ်ဆင်ပေးကာ သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာများ စတင်သင်ကြားပေးသည်။ ၁၉၅၈ခုနှစ်တွင် နိုင်ငံတော်အစိုးရက မသန်စွမ်းဖြစ်လာသူများ အလုပ်အကိုင်ရရှိရေးအက်ဥပဒေ(၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ်-၃၃)ကို ပြဋ္ဌာန်းခဲ့သည်။

၁၉၅၉ခုနှစ် အောက်တိုဘာလတွင် မသန်စွမ်းဖြစ်လာသူစစ်မှုထမ်းဟောင်းများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေးဌာန အုပ်ချုပ်ရေးအဖွဲ့ကို ဖျက်သိမ်းပြီး အသစ်ပြန်လည်ဖွဲ့စည်းသောအဖွဲ့က မသန်မစွမ်းဖြစ်လာသူ (အရပ်သားများအပါအဝင်) လူစဉ်မီရေးနှင့် အလုပ်အကိုင်ရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးရ လက်ထက် ၁၉၆၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဌာနတာဝန်ခံ ဗိုလ်မှူးကြီးစောမြင့် ဥက္ကဋ္ဌအဖြစ်ပါဝင်သော "မသန်မစွမ်းသူများလူစဉ်မီရေးနှင့် အလုပ်ရရှိရေးအဖွဲ့"အမည်ဖြင့် ပြန်လည်ဖွဲ့စည်းကာ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၆၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် လူမှုဝန်ထမ်းဌာနက မသန်စွမ်းဌာန၏လုပ်ငန်းတာဝန်များ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှုပိုင်းဆိုင်ရာများနှင့် မြေ ၃၅ ဒသမ ၇၄၄ ဧကကို လွှဲပြောင်းလက်ခံရယူပြီး "လူမှုဝန်ထမ်းသင်တန်းကျောင်း"ဟုခေါ်တွင်ကာ မသန်စွမ်းဖြစ်လာသူများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းနှင့် လူမှုရေးသင်တန်းများကိုဖွင့်လှစ်ခဲ့သည်။ ၁၉၇၈ ခုနှစ် သြဂုတ်လမှစပြီး လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းနှင့်ပူးတွဲ၍ ဖွင့်လှစ်ခြင်းမပြုတော့ဘဲ "မသန်မစွမ်းသက်ကြီးသင်တန်းကျောင်း" အမည်ဖြင့် သီးခြားဖွင့်လှစ်ခဲ့သည်။

သို့ရာတွင် "မသန်မစွမ်း"ဟူသောအသုံးအနှုန်းသည် မသန်လည်းမသန်၊ စွမ်းဆောင်နိုင်မှုလည်း မရှိဟူသောအဓိပ္ပာယ်သက်ရောက်နေသဖြင့် မသန်ပေမဲ့ စွမ်းသူများဖြစ်ကြသည်ဟု သဘောသက်ရောက်သည့် "မသန်စွမ်း"ဟူသောအသုံးအနှုန်းကို ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၃ ရက် (အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့)မှစ၍ ပြောင်းလဲခေါ်ဝေါ်သုံးစွဲရန် လူမှုဝန်ထမ်းဝန်ကြီးဌာနက တရားဝင်သတ်မှတ်ခဲ့သည်။ ထိုစဉ်မှစ၍ "မသန်မစွမ်းသက်ကြီးသင်တန်းကျောင်း" ဟူသောအမည်ကိုလည်း "မသန်စွမ်းသက်ကြီးသင်တန်းကျောင်း"ဟု ပြောင်းလဲခေါ်တွင်ခဲ့သည်။

မသန်စွမ်း သက်ကြီးသင်တန်းကျောင်းသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၆၅)တွင်တည်ရှိပြီး ဆက်သွယ်နိုင်သော ဖုန်းနံပါတ်မှာ ၀၁-၉၆၆၁၇၁၂ ဖြစ်သည်။ သင်တန်းကျောင်း၏ ရည်ရွယ်ချက်များမှာ -

(က) မသန်စွမ်းသူများဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုယ်ပိုင်ဂုဏ်သိက္ခာဖြင့် အသက်ရှင်နေထိုင်ရေးအတွက် မသန်စွမ်းမှုအမျိုးအစားနှင့် ဝါသနာထုံမှုအပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးရန်၊

(ခ) မသန်စွမ်းသူများသည် တတ်မြောက်ထားသောအသက်မွေးမှုပညာရပ်များဖြင့် ဝင်ငွေရလုပ်ငန်းများတွင် လုပ်ငန်းကျွမ်းကျင်သူများအဖြစ် ဘဝရပ်တည်မှုရရှိနိုင်ရန်၊

(ဂ) မသန်စွမ်းသူများကို မိမိကိုယ်ကို အားကိုးပြီး အခြားသူများအပေါ် မှီခိုလိုစိတ်များ ပပျောက်စေရေးအတွက် ပြန်လည်ထူထောင်မှုပေးရန်ဟူ၍ဖြစ်သည်။

အဆိုပါသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးနေသောသင်တန်းအမျိုးအစားများအနက် စက်ချုပ်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းတို့သည် သုံးလတာကာလတက်ရောက်ရမည့် သင်တန်းများဖြစ်ပြီး ရေဒီယိုအီလက်ထရွန်နစ်သင်တန်းမှာမူ ၁၂ လကြာတက်ရောက်ရမည့်သင်တန်းဖြစ်သည်။

အထက်ပါသင်တန်းများကို အောက်ပိုင်းအကြောသေသူများ၊ သူငယ်နာအကြောတင်းသူများ၊ ပိုလီယိုအကြောသေသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ လူမျိုး၊ ဘာသာမရွေးတက်ရောက်နိုင်သည်။ သင်တန်းသားလက်ခံရေးစည်းမျဉ်းအရ အသက် ၁၈ နှစ်မှ ၄၅ နှစ်ကြားဖြစ်ပြီး မသန်စွမ်းဆေးရုံမှဆေးကုသမှုခံယူ၍ အားပြုကိရိယာတပ်ဆင်ပြီးသူ၊ မိမိ၏တစ်ကိုယ်ရေဝေယျာဝစ္စကို မိမိဘာသာလုပ်ကိုင်နိုင်သူဖြစ်ရန်လိုသည်။ သို့ရာတွင် ကူးစက်ရောဂါရှိသူ၊ စိတ်ကျန်းမာရေးအားနည်းသူ၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို လက်ခံသင်ကြားပေးခြင်းမပြုဟု သိရသည်။

ထိုကျောင်းအဆောက်အအုံအတွင်းရှိ သင်တန်းခန်းမများကို သွားရောက်လေ့လာခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ခင်စိုးထံ ဝင်ရောက်တွေ့ဆုံခဲ့ရာ

စာမျက်နှာ ၅ သို့ ➤

လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်

မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမိုပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင် တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒဲ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

ကျည်မြင်တိုင်မြို့နယ်ရှိ အဆင့်မြင့်အရိုးရောဂါအထူးကုဆေးရုံကြီး ငါးထပ်အဆောက်အအုံသစ်ကို ၂၀၂၃ ခုနှစ်တွင် ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ အဆင့်မြင့် အရိုးရောဂါအထူးကုဆေးရုံကြီး ငါးထပ်အဆောက်အအုံသစ်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်မည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေယံအောင်က ပြောပြ၍ သိရသည်။

အရိုးရောဂါအထူးကု ဆေးရုံကြီးသည် R.C အမျိုးအစား ငါးထပ်အဆောက်အအုံဖြစ်ပြီး အလျား ၁၅၄ ပေ၊ အနံ ၉၁ ပေရှိကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သတ်မှတ်ကာလဖြစ်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရရှိရန်ပုံငွေ ပေါ်မူတည်၍ အပြီးတည်ဆောက်သွားနိုင်ရန်ဖြစ်သော်လည်း ကိုဗစ်ရောဂါကြောင့် အနည်းငယ်ကြန့်ကြာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

"လာမဲ့ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေနဲ့ ဖွင့်လှစ်နိုင်ဖို့မြင်ဆင်နေပါတယ်။ အဆင့်မြင့် အရိုးရောဂါအထူးကုဆေးရုံကြီး ငါးထပ်အဆောက်အအုံသစ်မှာ ခါးရိုးခွဲစိတ်ကုသ လူနာဆောင်၊ သံလိုက်ဓာတ်မှန်ခန်း(MRI Scan Room)တွေလဲ ပါပါတယ်"ဟု ဦးဝေယံအောင်က ပြောပြသည်။

အဆင့်မြင့်အရိုးရောဂါအထူးကုဆေးရုံကြီး ငါးထပ်အဆောက်အအုံသစ်နှင့်အတူ ရှစ်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာလည်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါဆေးရုံကြီးကို ကြည့်မြင်တိုင်မြို့နယ် ဟံသာဝတီလမ်းတွင် တည်ရှိသော အရိုးရောဂါအထူးကုဆေးရုံဝင်းအတွင်း အရိုး၊ အကြော၊ အဆစ်များ ပြန်လည်သန်စွမ်းရေးအတွက် လေ့ကျင့်ရေးဌာနအဖြစ် အသုံးပြုခဲ့သည့်နေရာတွင် တည်ဆောက်နေခြင်း ဖြစ်ကြောင်း သိရသည်။ ASH

➤ **စာမျက်နှာ ၄ မှအဆက်**

ၦင်းက "ကျွန်မတို့ကျောင်းရဲ့ သက်တမ်းဟာ ၂၀၂၂ ခုနှစ် ဩဂုတ် ၃၀ ရက်က (၆၈)နှစ်ပြည့်ခဲ့ပါပြီ။ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းရဲ့ ထူးခြားချက်တစ်ခုကတော့ အခြားမသန်စွမ်းကျောင်းတွေလို အတန်းပညာသင်ကြားပေးတဲ့ ကျောင်းမျိုးမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းပညာကို ပဲ အဓိကထားသင်ကြားပေးတဲ့ကျောင်းဖြစ်ပါတယ်။ လက်ရှိပို့ချနေတဲ့ ဘာသာရပ်ဆိုင်ရာသင်ရိုးညွှန်းတမ်းနဲ့ သင်ခန်းစာတွေကို အမြဲတမ်းဆန်းသစ်ခေတ်မီနေအောင် ကြိုးစားရပါတယ်။ သင်တန်းသားအားလုံးကို အခမဲ့ကျောင်းအိပ်၊ ကျောင်းစား လက်ခံသင်ကြားပေးတာဖြစ်တဲ့အပြင် သင်တန်းသားတွေရဲ့ အသွား၊ အပြန် ခရီးစရိတ်နဲ့ သင်တန်းကာလမှာအသုံးပြုရမဲ့ သင်ထောက်ကူပစ္စည်းတွေကိုလဲ ပံ့ပိုးပေးပါတယ်။ ဒီကျောင်းက သင်ယူတတ်မြောက်သွားတဲ့ မသန်စွမ်းသူတွေ သူတို့ရပ်ရွာမှာ ကိုယ့်အားကိုယ်ကိုးပြီး လူတစ်လုံးသူတစ်လုံးဖြစ်နေတာကြားရတိုင်း ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု မုဒိတာစကားဆိုသည်။

ယနေ့ခေတ်သည် Information and Communication Technology - ICT ခေါ် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာများ တိုးတက်ထွန်းကားနေသော ခေတ်ဖြစ်သကဲ့သို့ ကမ္ဘာတစ်ဝန်း Knowledge based society ခေါ် ပညာအခြေပြုလူအဖွဲ့အစည်းကိုထူထောင်နေသောကာလဖြစ်သည်။ ဤကဲ့သို့သော ICT ပွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများကို မသန်စွမ်းသူများလည်း ရရှိခံစားခွင့်ရှိသည်။ သို့ဖြစ်၍ အဆိုပါသင်တန်းကျောင်းတွင် သင်ကြားပို့ချနေသော စက်ချုပ်၊ ဓာတ်ပုံ၊ တံဆိပ်ရိုက်၊ ဆံသ၊ ကွန်ပျူတာနှင့် ရေဒီယိုအီလက်ထရွန်နစ် သင်တန်းခြောက်မျိုးစလုံးကိုအခြေခံမှစ၍ တစ်ဆင့်ထက်တစ်ဆင့်မြင့်သော ခေတ်မီနည်းစနစ်များရရှိအောင် သင်တန်းနည်းပြ ဆရာ၊ ဆရာမများက သင်ကြားပို့ချနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခွင့်ရရှိခဲ့၍ ဝုဏ်ယူဝမ်းမြောက်မိပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများ အနေဖြင့် "မိုးရွာတုန်းရေခံ၊ လသာတုန်းဗိုင်းငင်"ဆိုသည့်အတိုင်းရရှိလာသောအခွင့်အရေးကို လက်လွတ်မခံဘဲ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းက ပို့ချသင်ကြားပေးနေသော ဘာသာရပ်သင်တန်း ခြောက်မျိုးအနက် မိမိနှင့်ဆီလျော်အပ်စပ်သောသင်တန်းတစ်မျိုးမျိုးကို ရွေးချယ်တက်ရောက်ရန် အကြံပြုတိုက်တွန်းအပ်ပါသည်။

ကိုးကား

– **မြန်မာရိုင်ငံလူမှုဝန်ထမ်းသမိုင်း(၂၀၀၃)**

ကြည်ထွန်း(လူမှု)

ဤအလံတော် အောက်ဝယ်

- ဝေဟင်မှာ တလူလူလွင့်
  အသွင်တင့်ပါတဲ့ သုံးရောင်ခြယ်၊
  ဝါစိမ်းနီ အောက်ခံထား
  ဝင့်ကြွားသည့် ကြယ်၊
  မြန်မာတို့ရဲ့ နှလုံးအိမ်ဝယ်
  မြတ်နိုးဖွယ် သင်္ကေတ၊
  မြန်မာ့အလံ မြန်မာ့မြေထက်
  တွဲလက်တူမျှ။

- သွေးချင်းတွေ အတူတကွ
  နေထိုင်ကြ အလှကိုယ်စီ၊
  တစ်ဦးအပေါ် တစ်ဦး မရိုင်း
  ကိုင်းကျွန်းသို့မှီ၊
  ပြည်ထောင်စုကွဲ့ တို့မြန်ပြည်
  စုပေါင်းခြင်းသည် တို့အသက်၊
  ထာဝရအစဉ်ဥမကွဲ
  အသိုက်လည်းမပျက်။

- စည်းလုံးခြင်းဖြင့် ခရီးဆက်
  အခက်အခဲနှင့် ကြုံတဲ့အခါ၊
  အနာဂတ်ကို မြော်မြင်တွေး
  သွေးနီးကြပါ၊
  တို့အားလုံး တစ်မိုးအောက်မှာ
  စိုးကြောက်စရာ ရင်ဆိုင်လည်း၊
  နွယ်ချင်းဝင် ပင်ချင်းယှက်
  ရှေ့ဆက်အမြဲ။ ။

မောင်စိုးငွေ(ကသစ်မြေ)

တောင်သာမြို့နယ် အင်ကြင်းသာတောတိုက်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

တောင်သာ အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး မြင်းမြခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အင်ကြင်းသာတောတိုက်ကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးသည် တာဝန်ခံ အင်ဂျင်နီယာတို့နှင့်အတူ အင်ကြင်းသာတောတိုက်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်များနှင့်အညီ အရည်အသွေးပြည့်မီရေးကြီးကြပ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးက ပြောပြ၍ သိရသည်။

ချစ်ဦးကို

နိုင်ငံတကာ သတင်းများ

ကြွေးဝန်ပိနိုင်ငံများအားကူညီရန် အိန္ဒိယကို ကုလသမဂ္ဂအကြီးအကဲ အကူအညီတောင်းခံ

ဒေလီ အောက်တိုဘာ ၁၉

ကြွေးဝန်ပိနေသောဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီရေးအတွက် ဂျီ-၂၀ အုပ်စုဝင်နိုင်ငံများကို တွန်းအားပေးရာတွင်ကူညီရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အိန္ဒိယနိုင်ငံကို ယနေ့တွင် တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဂျီ-၂၀ အုပ်စုအလှည့်ကျဥက္ကဋ္ဌ ရာထူးကို အင်ဒိုနီးရှားနိုင်ငံထံမှ ဒီဇင်ဘာ ၁ ရက်မှစ၍ လက်လွှဲရယူရမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြွေးဝန်ကို လျှော့ချရေးအတွက် ဂျီ-၂၀ အုပ်စုဝင်နိုင်ငံများ၏ အင်အားကို ရယူရာတွင် အိန္ဒိယနိုင်ငံ၏ အကူအညီကို မိမိတောင်းခံထားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အိန္ဒိယကျောင်းသားများနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

သက်တမ်းတစ်နှစ်ကြာ ဂျီ-၂၀ အုပ်စုအလှည့်ကျဥက္ကဋ္ဌ ရာထူးကို မကြာမီရယူရတော့မည့် အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ပါကစ္စတန်၊ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာစီးပွားရေးအကျပ်အတည်းများကြောင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)၏ အကူအညီကို ရယူရန် ကြိုးစားနေကြရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားမှာ ကြွေးမြီဖိအားအောက်ရောက်နေရသည်ဖြစ်ရာယင်းနိုင်ငံများကို ကူညီရေးအတွက် ဂျီ-၂၀ အုပ်စု၏ ကြွေးမြီပေးချေမှု ဆိုင်းငံ့ထားရေး အစီအစဉ်ကို သက်တမ်းတိုးခြင်းကဲ့သို့သော အရေးပေါ်တုံ့ပြန်မှုများ လိုအပ်ကြောင်း ကုလသမဂ္ဂ အကြီးအကဲက ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင်စတင်ခဲ့သည့် ဂျီ-၂၀အုပ်စု၏ ကြွေးမြီပေးချေမှု ဆိုင်းငံ့ရေးအစီအစဉ်အရ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ဦးရေ ၅၀ နီးပါးခန့်မှာ ပြီးခဲ့သည့်နှစ် နှစ်ကုန်ပိုင်းထိတိုင် ကြွေးမြီ ပြန်လည်ပေးဆပ်မှုများ ဆိုင်းငံ့ထားနိုင်ခဲ့သည်။

KKO

ကိုရီးယားနှစ်နိုင်ငံ ရေပြင်နယ်နိမိတ်အနီးသို့ မြောက်ကိုရီးယားစစ်ဘက်က အမြောက်များဖြင့် ပစ်ခတ်

ဆိုးလ် အောက်တိုဘာ ၁၉

မြောက်ကိုရီးယား နိုင်ငံသည် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံ ရေပြင်နယ်နိမိတ်အနီးသို့ အောက်တိုဘာ ၁၈ ရက် ညပိုင်းတွင် အမြောက်များဖြင့် ပစ်ခတ်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

တောင်ကိုရီးယား နိုင်ငံက နှစ်စဉ်ပြုလုပ်မြစ်ရေးလေ့ကျင့်မှုများကို စတင်ခဲ့ပြီး တစ်ရက်အကြာတွင် မြောက်ကိုရီးယားနိုင်ငံက နှစ်နိုင်ငံ ရေပြင်နယ်နိမိတ်စည်းအနီးသို့ အမြောက်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် အောက်တိုဘာ ၁၈ ရက်ညပိုင်းတွင် အနောက်ဘက် ကမ်းရိုးတန်း ကမ်းလွန်ရေပြင် အတွင်းသို့ အမြောက်ဖြင့် အချက် ၁၀၀ ခန့် ပစ်ခတ်ခဲ့ပြီး အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ အချက်ပေါင်း ၁၅၀ ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား အမြောက်ကျည်များသည် တောင်ကိုရီးယား ရေပြင်ပိုင်နက်အတွင်း ကျရောက်ခြင်းမရှိခဲ့သော်လည်း ကိုရီးယားနှစ်နိုင်ငံကြား ကြားခံရေပြင်ဇုန် တောင်ဘက်ခြမ်း နယ်မြေအတွင်း ကျရောက်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်၏ အဆိုအရ သိရသည်။

ကိုရီးယားနှစ်နိုင်ငံ ကြားခံရေပြင်ဇုန်သည် နယ်စပ်တစ်လျှောက်ရန်လိုမှုများ လျှော့ချရေးအတွက် ၂၀၁၈ ခုနှစ်တွင် ရယူခဲ့သော သဘောတူညီချက်အရ သတ်မှတ်ပိုင်းခြားထားသော ကြားခံရေပြင်ဇုန်ဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် အောက်တိုဘာ ၁၄ ရက်မှစ၍ အဆိုပါရေပြင်ကြားခံဇုန်ကိုနှစ်ကြိမ်တိုင်တိုင်အမြောက်များဖြင့် ပစ်ခတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

တာဂျစ်ကစ္စတန်နယ်စပ်တစ်လျှောက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များ စေလွှတ်ပေးရန် စီအက်စ်တီအိုကို ကာဂျစ်စတန် တောင်းဆို

ဘစ်ရှက်ခ် အောက်တိုဘာ ၁၉

တာဂျစ်ကစ္စတန်နှင့် ပိုင်ဆိုင်ခွင့်အငြင်းပွားနေသည့် နယ်စပ်တစ်လျှောက်၌ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ပေးရန် ကာဂျစ်စတန်နိုင်ငံက ရုရှားဦးဆောင်သော ဒေသတွင်းလုံခြုံရေးအုပ်စုကို တောင်းဆိုထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တာဂျစ်ကစ္စတန်နှင့် ကာဂျစ်စတန်တို့ကြားရယူထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ခိုင်မာရေးအတွက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များ စေလွှတ်ပေးရန် ရုရှားနိုင်ငံဦးဆောင်သည့် စုပေါင်းလုံခြုံရေး စာချုပ်အဖွဲ့(စီအက်စ်တီအို)ကို တောင်းဆိုထားကြောင်း ကာဂျစ်စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

စီအက်စ်တီအိုသည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်ပိုင်း ထွက်ပေါ်လာသည့် နိုင်ငံသစ်များ ပါဝင်သော ဒေသတွင်းလုံခြုံရေးအဖွဲ့ဖြစ်သည်။

ပြီးခဲ့သည့်လက ကာဂျစ်စတန်နှင့် တာဂျစ်ကစ္စတန်တပ်များကြားပိုင်ဆိုင်ခွင့်အငြင်းပွား နယ်မြေ၌ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ရာ အနည်းဆုံး လူဦးရေ ၁၀၀ ကျော်သေဆုံးခဲ့ရသည်။

ကာဂျစ်စတန်နှင့်တာဂျစ်ကစ္စတန်တို့သည် စက်တင်ဘာ ၁၆ ရက်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူခဲ့ပြီး ယင်းသဘောတူညီချက်မှာ လက်ရှိအချိန်ထိ ခိုင်မြဲဆဲဖြစ်သည်။

သို့သော် ကာဂျစ်စတန်နိုင်ငံသည် စစ်လက်နက်ယန္တရားများကို နယ်စပ်ဘက်သို့ရွှေ့ပြောင်း၍ ခံတပ်များတည်ဆောက်နေကြောင်း တာဂျစ်ကစ္စတန်နယ်ခြားစောင့်တပ်က စွပ်စွဲထားကြောင်း သိရသည်။ KKO

ဝါရင့်ပါတီခေါင်းဆောင် ဒါဂျီကို ဥက္ကဋ္ဌအဖြစ် အိန္ဒိယကွန်ဂရက်ပါတီ ကြေညာ

ဒေလီ အောက်တိုဘာ ၁၉

အိန္ဒိယနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သော ကွန်ဂရက်ပါတီသည် ဝါရင့်ပါတီခေါင်းဆောင်တစ်ဦးဖြစ်သည့် မယ်လ်လီကာဂျန် ခါဂျီကို ပါတီဥက္ကဋ္ဌသစ်အဖြစ် ယနေ့တွင် ကြေညာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကွန်ဂရက်ပါတီသည်ပါတီဥက္ကဋ္ဌသစ်မဲခွဲရွေးချယ်ပွဲကို အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပခဲ့ပြီး ပေါ်ထွက်လာသည့် မဲရလဒ်အရ ခါဂျီကို ပါတီဥက္ကဋ္ဌသစ်အဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။

ပါတီတွင်း မဲခွဲပွဲရလဒ်အရ ခါဂျီသည်၂၄ နှစ်တာကာလအတွင်း နေရှား-ဂန္ဓီမိသားစုဝင်မဟုတ်သည့် ပထမဆုံးကွန်ဂရက်ပါတီဥက္ကဋ္ဌဖြစ်လာခဲ့ရသည်။

သက်တမ်းအားဖြင့် ၁၃၇ နှစ်ရှိပြီဖြစ်သည့် ကွန်ဂရက်ပါတီသည် နိုင်ငံရေးအစဉ်အလာ ကြီးမားခဲ့သော်လည်း ပြီးခဲ့သည့်အမျိုးသားရွေးကောက်ပွဲနှစ်ပွဲ၌ လက်ရှိဝန်ကြီးချုပ် မိုဒီ၏ ဘာရတီယာဂျနေတာပါတီကို ရှုံးနိမ့်ခဲ့ရသည်။

သို့သော် နေရှား-ဂန္ဓီမိသားစုဝင် မဟုတ်သူတစ်ဦးကို ပါတီဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခြင်းဖြင့် ၂၀၂၄ ခုနှစ် အမျိုးသားရွေးကောက်ပွဲ၌ မတိုင်မီ နိုင်ငံရေးအရ အားသစ်လောင်းရန် ကွန်ဂရက်ပါတီက ရည်မှန်းထားသည်။

သို့ရာတွင် ၂၀၂၄ ခုနှစ် အမျိုးသားရွေးကောက်ပွဲ၌ အမျိုးသားရေးဝါဒီပါတီဖြစ်သည့် ဘရာတီယာဂျနေတာပါတီသာ ဆက်လက်အနိုင်ရဖွယ်ရှိသည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

KKO

ရုရှားကို ရှုတ်ချရေးဆုံးဖြတ်ချက်မူကြမ်းအားထောက်ခံခဲ့သူ မာဒါဂါစကားနိုင်ငံခြားရေးဝန်ကြီး ရာထူးမှဖယ်ရှားခံရ

အန်တာနာနာရိုဗို အောက်တိုဘာ ၁၉

ယူကရိန်း နယ်မြေများကို သိမ်းသွင်းရေးအတွက် ရုရှားနိုင်ငံ၏ကြိုးစားမှုများအား ရှုတ်ချရေးဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ထောက်ခံမဲပေးခဲ့သည့် မာဒါဂါစကားနိုင်ငံခြားရေးဝန်ကြီးမှာ ရာထူးမှဖယ်ရှားခံခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံသည် အောက်တိုဘာ ၁၂ ရက်တွင် ယူကရိန်းနယ်မြေများအား သိမ်းသွင်းရန် ရုရှားနိုင်ငံ၏ကြိုးပမ်းမှုများအား ရှုတ်ချရေးဆုံးဖြတ်ချက်မူကြမ်းကို တစ်ခဲနက်မဲခွဲအတည်ပြုခဲ့ကြသည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို အထွေထွေညီလာခံအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံအနက် ၁၄၃ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြသည်။

သို့ရာတွင် အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို ထောက်ခံမဲပေးခဲ့သည့်အတွက် မာဒါဂါစကားနိုင်ငံခြားရေးဝန်ကြီးရစ်ချက်ရန်ဒရီယာမင်ဒရာတိုကို မာဒါဂါစကားသမ္မတ အန်ဒရီ ရာဂျိုလီနာက ရာထူးမှထုတ်ပယ်ခဲ့ကြောင်း မာဒါဂါစကားသမ္မတရုံးသတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

မာဒါဂါစကားသည် ကုလသမဂ္ဂ အထွေထွေညီလာခံ မဲခွဲပွဲမတိုင်မီ ကာလထိ ယူကရိန်းပြဿနာဆိုင်ရာ မူကြမ်းကို ထောက်ခံမဲပေးခဲ့သည့်အတွက် မာဒါဂါစကားနိုင်ငံခြားရေးဝန်ကြီးရစ်ချက်ရန်ဒရီယာမင်ဒရာတိုကို မာဒါဂါစကားသမ္မတ အန်ဒရီ ရာဂျိုလီနာက ရာထူးမှထုတ်ပယ်ခဲ့ကြောင်း မာဒါဂါစကားသမ္မတရုံးသတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

မာဒါဂါစကားသည် ကုလသမဂ္ဂ အထွေထွေညီလာခံ မဲခွဲပွဲမတိုင်မီ ကာလထိ ယူကရိန်းပြဿနာဆိုင်ရာ မဲခွဲဆုံးဖြတ်မှုများ၌ ပါဝင်မဲပေးခြင်း မရှိခဲ့ကြောင်း သိရသည်။

ယူကရိန်း ပြဿနာကြောင့် အာဖရိကနိုင်ငံအတော်များများမှာ သံတမန်ရေးအရ အကျပ်တွေ့ခဲ့ရပြီး အထွေထွေညီလာခံမဲခွဲပွဲ၌ ပါဝင်မဲပေးခြင်းမရှိခဲ့သည့် နိုင်ငံပေါင်း ၃၅ နိုင်ငံအနက် ၁၈ နိုင်ငံမှာ အာဖရိကနိုင်ငံများဖြစ်ကြကြောင်း သိရသည်။

KKO

SCIENCE AND TECHNOLOGY

နေအဖွဲ့အစည်းအတွင်းရှိ ကမ္ဘာနီးစပ်ဂြိုဟ်သိမ် ၃၀၀၀၀ ကျော်ကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား



ပဲရမ် အောက်တိုဘာ ၁၉

နေအဖွဲ့အစည်းအတွင်း ရှိနေကြသော ကမ္ဘာနီးစပ်ဂြိုဟ်သိမ် (အင်နှိုအီးအေအက်စ်) ၃၀၀၀၀ ကျော်ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားပြီး ဖြစ်ကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ဥရောပ အာကာသအေဂျင်စီ၏အဆိုအရ သိပ္ပံပညာရှင်များ သိရှိထားပြီးဖြစ်သည့် ကမ္ဘာနီးစပ်ဂြိုဟ်သိမ်အရေအတွက်မှာ လက်ရှိအချိန်တွင် ၃၀၀၃၉ စင်းထိရှိလာပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာနီးစပ်ဂြိုဟ်သိမ်များသည် ကမ္ဘာ၏ နေပတ်လမ်းနှင့်နီးကပ်သော ပတ်လမ်းများမှတစ်ဆင့် နေကိုလှည့်ပတ်နေသော ဂြိုဟ်သိမ်များဖြစ်ကြပြီး အချို့ဂြိုဟ်သိမ်များမှာ ကမ္ဘာမြေနှင့် တစ်ချိန်ချိန်တွင် ဝင်တိုက်မည့် အလားအလာများရှိကြောင်း သိရသည်။

ရှာဖွေတွေ့ရှိထားသည့် ကမ္ဘာနီးစပ်ဂြိုဟ်သိမ် ၃၀၀၀၀ ကျော်အနက် ၁၄၂၅ စင်းမှာ ကမ္ဘာမြေနှင့် ဝင်တိုက်မည့်အလားအလာများရှိနေသည်ဖြစ်ရာ ၎င်းဂြိုဟ်သိမ်များကို ရေဒီယိုတယ်လီစကုပ်ကွန်ရက်တစ်ခုဖြင့် အမြဲတမ်းစောင့်ကြည့်နေကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘာနီးစပ်ဂြိုဟ်သိမ် ၃၀၀၀၀ ကျော်အနက် အများစုကို နည်းပညာများ လျင်မြန်စွာ မြင့်မားလာသော ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရှာဖွေတွေ့ရှိထားသည့် ကမ္ဘာနီးစပ်ဂြိုဟ်သိမ် ၃၀၀၀၀ ကျော်အနက် ၁၀၀၀၀ ခန့်မှာ အချင်းအားဖြင့် ပေ ၄၆၀ နှင့်အထက်ရှိသည့်ဂြိုဟ်သိမ်များဖြစ်ပြီး ၁၀၀၀ ခန့်မှာ အချင်းပေ ၃၂၈၀ အထက်ရှိသော ဂြိုဟ်သိမ်များဖြစ်ကြကြောင်း သိရသည်။

KKO

အတောက်ပဆုံး ဂမ်မာရောင်ခြည်အလင်းပွင့်ကို နက္ခတ္တရူပသိပ္ပံပညာရှင်များ လေ့လာစူးစမ်း

ဝါရင်တန် အောက်တိုဘာ ၁၉

ရှာဖွေတွေ့ရှိခဲ့ဖူးသမျှတွင် အတောက်ပဆုံး ဂမ်မာရောင်ခြည် အလင်းပွင့်ကို နက္ခတ္တရူပသိပ္ပံပညာရှင်များက လေ့လာစူးစမ်းနေကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ဗို့အား ၁၈ ၀၀၀ ၀၀၀ ၀၀၀ ဗို့ရှိသော အဆိုပါအလင်းပွင့်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂ ဒသမ ၄ ဘီလီယံအကွာ၌ ဖြစ်ပွားနေသည့် အာကာသဖြစ်စဉ်တစ်ရပ်မှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ ဂမ်မာရောင်ခြည်ပေါက်ကွဲမှုကို အောက်တိုဘာ ၉ ရက်က အာကာသအခြေစိုက် ရေဒီယိုတယ်လီစကုပ်တစ်ခုက ပထမဆုံးအကြိမ် ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် အဆိုပါဂမ်မာရောင်ခြည်ပေါက်ကွဲမှုမှ ကြွင်းကျန်ရစ်သောအလင်းရောင်များကို ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များက စောင့်ကြည့်နေကြဆဲဖြစ်သည်။

၎င်းဂမ်မာရောင်ခြည်ပေါက်ကွဲမှု၌ ပါဝင်သည့် ဖိုတွန်အလင်းမှုန်ပမာဏနှင့် ကမ္ဘာမြေသို့ရောက်ရှိလာသော ဖိုတွန်စွမ်းအင်ပမာဏအရ အဆိုပါဂမ်မာရောင်ခြည်ပေါက်ကွဲမှုသည် စံချိန်တင်ပြင်းထန်သော ဂမ်မာရောင်ခြည်ပေါက်ကွဲမှုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားထားသည်။

အဆိုပါ ဂမ်မာရောင်ခြည်ပေါက်ကွဲမှုသည် နေထက် အဆပေါင်း ၃၀ ကြီးမားသောသက်တမ်းကုန်ကြယ်တစ်စင်းကြောင့် ပေါ်ထွက်လာခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။ KKO

အာကာသယာဉ်ကို အကာအကွယ်ပေးမည့် ဥက္ကာခဲအန္တရာယ်ကာကွယ်ရေးဒိုင်းများကို နာဆာသိပ္ပံပညာရှင်များက မိုက်ခရိုကျည်ဆန်များဖြင့် ပစ်ခတ်စမ်းသပ်

ဝါရင်တန် အောက်တိုဘာ ၁၉

အင်္ဂါဂြိုဟ်နမူနာကျောက်သားများကို ကမ္ဘာဆီသို့ပြန်ယူလာမည့် အာကာသယာဉ်ကို အကာအကွယ်ပေးမည့် ဥက္ကာခဲအန္တရာယ်ကာကွယ်ရေးဒိုင်းများကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက မိုက်ခရိုကျည်ဆန်များဖြင့် ပစ်ခတ်စမ်းသပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

အင်္ဂါဂြိုဟ်ကျောက်သားနမူနာများ ပြန်လည်သယ်ယူရေးအာကာသယာဉ်၏ ဥက္ကာခဲအန္တရာယ်ကာကွယ်ရေးဒိုင်းများကို မိုက်ခရိုကျည်ဆန်များဖြင့် ပစ်ခတ်စမ်းသပ်မှုကို နယူးမက္ကဆီကိုပြည်နယ် ရှိက်ဆန်းအာကာသယာဉ်စမ်းသပ်ရေးစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်မှုတွင် မိုက်ခရိုကျည်ဆန်များသည် နယူးယောက်မှ ဆန်ဖရန်စစ္စကိုသို့ ငါးမိနစ်အတွင်းပျံသန်းမည့် လေယာဉ်တစ်စင်း၏ အမြန်နှုန်းဖြင့် ဥက္ကာခဲကာကွယ်ရေးဒိုင်းကို ဝင်ရောက်ထိရိုက်ခဲ့ကြကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ကျောက်သားနမူနာများ ပြန်လည်သယ်ယူရေးယာဉ်၏ ဥက္ကာခဲကာကွယ်ရေးဒိုင်းသည် တစ်စက္ကန့်လျှင် မိုင် ၅၀ အလျင်နှုန်းဖြင့် ပျံသန်းနေသော ဥက္ကာခဲမှုန်ခဲစများ ရန်မှ အာကာသယာဉ်ကို ကာကွယ်ပေးနိုင်ရမည်ဖြစ်သည်။

အထက်ပါဒိုင်း၏ အကာအကွယ်မရှိခဲ့ပါက ဥက္ကာမှုန်တစ်မှုန် ထိရိုက်ခဲ့လျှင်ပင် အာကာသယာဉ် ပျက်စီးသွားနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

နာဆာနှင့် ဥရောပအာကာသအေဂျင်စီတို့သည် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က ကောက်ယူစုဆောင်းထားသော နမူနာကျောက်သားများကို ၂၀၃၃ ခုနှစ်တွင် ကမ္ဘာမြေသို့ ပြန်လည်ယူဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။ KKO

HEALTH

ဆံပင်ဖြောင့်ဆေးသုံးစွဲသူ အမျိုးသမီးများ၌ သားအိမ်ကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

နယူးယောက် အောက်တိုဘာ ၁၉

ဆံပင်ဖြောင့်ဆေးများသုံးစွဲသူ အမျိုးသမီးများ၌ သားအိမ်ကင်ဆာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားကျန်းမာရေးအင်စတီကျူမှ သုတေသနပညာရှင်များသည် ဆံပင်ဖြောင့်ဆေးများ၏ ကျန်းမာရေးဆိုးကျိုးများကို ဖော်ထုတ်ရေးအတွက် အမျိုးသမီး ၃၃၀၀၀ ကျော်တို့ကို ဆယ်နှစ်ကြာအချိန်ယူ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ ဆံပင်ဖြောင့်ဆေးများကို တစ်နှစ်လျှင် လေးကြိမ်နှင့်အထက် သုံးစွဲသူ အမျိုးသမီးများကြား သားအိမ်ကင်ဆာဖြစ်ပွားနှုန်းမှာ ၄ ဒသမ ၀၅ ရာခိုင်နှုန်းထိရှိသော်လည်း ဆံပင်ဖြောင့်ဆေးမသုံးသူ အမျိုးသမီးများကြားတွင်မူ ၁ ဒသမ ၆၄ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ဆံပင်ဖြောင့်ဆေးများတွင် ပါဝင်သောဓာတုပစ္စည်းများသည် သွေးလှည့်ပတ်မှုစနစ်မှတစ်ဆင့် သားအိမ်အတွင်း ရောက်ရှိသွားမှုကြောင့် ဆံပင်ဖြောင့်ဆေးသုံးသူ အမျိုးသမီးများကြား သားအိမ်ကင်ဆာဖြစ်နိုင်ခြေ မြင့်မားနေခြင်းဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

ဆံပင်ဖြောင့်ဆေးများတွင် ပါဝင်သည့် Parabens၊ Bisphenol A နှင့် Formaldehyde စသည့် ဓာတုပစ္စည်းများအားလုံးကြောင့် သားအိမ်ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

အမျိုးသမီးများဖြစ်ပွားတတ်သည့် ကင်ဆာရောဂါများအနက် သားအိမ်ကင်ဆာမှာ အဖြစ်များသောရောဂါဖြစ်သည်။ KKO

ကလေးများ ရုပ်သံကြည့်ချိန်များလာမှုကြောင့် မျက်လုံးခြောက်ရောဂါဖြစ်ပွားမှုများ ရှိလာ

လန်ဒန် အောက်တိုဘာ ၁၉

တီဗီ၊ စမတ်ဖုန်းနှင့် ကွန်ပျူတာကြည့်ချိန် မြင့်တက်လာမှုကြောင့် အသက်ခြောက်နှစ်မျှသာရှိသော ကလေးများသည်ပင် အရွယ်ရောက်သူများတွင်သာ ဖြစ်ပွားတတ်သော မျက်လုံးရောဂါတစ်မျိုး ခံစားလာကြရကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

မျက်လုံးခြောက်ရောဂါ (Dry Eye Dieses) သည် မျက်လုံးအတွက် မျက်ရည်လုံလောက်စွာ မထုတ်နိုင်တော့သည့်အချိန်တွင် ဖြစ်ပွားတတ်ပြီး လူကြီးပိုင်းများတွင်သာ ဖြစ်ပွားတတ်သည့်မျက်လုံးရောဂါတစ်မျိုးဖြစ်သည်။

သို့ရာတွင် မူကြိုအရွယ်ကလေးများတွင်လည်း မျက်လုံးခြောက်ရောဂါကို တွေ့ရှိလာရကြောင်း ဒြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကလေးများကြား တီဗီ၊ စမတ်ဖုန်းနှင့် ကွန်ပျူတာကြည့်ချိန် များလာမှုကြောင့် အသက်ခြောက်နှစ်အရွယ် ကလေးများမှာပင် မျက်လုံးခြောက်ရောဂါဖြစ်ပွားမှုများ ရှိလာခြင်းဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မျက်လုံးခြောက်ရောဂါသည် သာမန်အားဖြင့် အသက် ၅၀ နှင့် ၆၀ ကြားရှိသူများ၌ ဖြစ်ပွားလေ့ရှိကြောင်း၊ ကုသခြင်းမရှိပါက မျက်လုံးခြောက်ရောဂါကြောင့် မျက်လုံးများ အလွန်ကျိန်းစပ်နာကျင်ခြင်း၊ နီရဲရောင်ရမ်းခြင်း၊ အထိမခံနိုင်ခြင်းစသည်တို့ ခံစားရတတ်ကြောင်း သိရသည်။ KKO

နိုင်ငံတကာ အားကစားသတင်းများ

Guadalajara Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဆက်ကာရီ တက်ရောက်

မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၉

မက္ကဆီကိုနိုင်ငံတွင် ကျင်းပနေသည့် Guadalajara Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ဝရီတင်းနစ်မယ် ဆက်ကာရီနှင့် ယူကရိန်းတင်းနစ်မယ် မာတာကော့ယုခ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆက်ကာရီက (၆-၄၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း National Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ကမ္ဘာ့အဆင့်(၆)နေရာတွင်ရပ်တည်နေသည့် ဆက်ကာရီသည် ဒုတိယအဆင့်တွင် အကောင်းဆုံးလက်စွမ်းပြ ကစားနိုင်ခဲ့ပြီး မာတာကော့ယုခ်အနေဖြင့် Double Fault ၁၅ ကြိမ်ထိ ကျူးလွန်ခဲ့သောကြောင့် နှစ်ပွဲပြတ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းလည်းဖြစ်သည်။

ဆက်ကာရီက "ကျွန်မအနေနဲ့ ဒီပြိုင်ပွဲဝင်ဖို့ အဝေးကြီးက လာခဲ့ရတာပါ။ မနှစ်တုန်းကလဲ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့ပါတယ်။ မနှစ်ကလဲ မက္ကဆီကိုပရိသတ်တွေ ကျွန်မကို အားပေးခဲ့ကြတယ်။ ပရိသတ်တွေရဲ့ အားပေးမှုကိုရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ မက္ကဆီကို ပရိသတ်တွေကြောင့်လဲ ဒီပြိုင်ပွဲမှာပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။ ဒုတိယအဆင့်ပြိုင်ပွဲမှာလဲ ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တယ်။ တတိယအဆင့်မှာလဲ ကျွန်မ အကောင်းဆုံးလုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

အီတလီစီးရီးအေ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

ML

ဂျူဗင်တပ် Vs အမ်ပိုလီ

ကစားမည့်ရက်/အချိန် ၂၂-၁၀-၂၀၂၂ (နံနက် ၀၁:၁၅နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အမ်ပိုလီ ၂ - ၃ ဂျူဗင်တပ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဂျူဗင်တပ်	**- ဝေး(ရှုံး)**	**ဝေး(ရှုံး)**	**ဝေး(နိုင်)**
အမ်ပိုလီ	**- အိမ်(ရှုံး)**	**ဝေး(သရေ)**	**အိမ်(နိုင်)**

ဂျူဗင်တပ်အသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှု ပျောက်ဆုံးနေပေမဲ့ အိမ်ကွင်းကစားပုံကောင်းမွန်တာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲယူပြီး ဖိအားအောက်က ရုန်းထွက်ရမှာပါ။ လက်ရှိ အမ်ပိုလီအသင်းကတော့ ကစားသမားစုဖွဲ့အားနည်းပြီး တွေ့ဆုံမှုအသာရခဲ့တာမရှိပါဘူး။ ဒါကြောင့် နိုင်ပွဲရှာဖွေလာမဲ့ ဂျူဗင်တပ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

အင်တာနက်စန့်မှန်း - ဂျူဗင်တပ် ၁ - ၀ အမ်ပိုလီ

အားကစားသတင်း အတိုအထွာများ

- ဂူးဒက်ရာခွဲစိတ်မှုပြုလုပ်ခဲ့ရသည့် ကန်တီအနေဖြင့် လေးလခန့် အနားယူရမည်ဖြစ်၍ ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်ဟု ချဲလ်ဆီးအသင်းက အတည်ပြုပြောကြားခဲ့သည်။
- ဂျူဗင်တပ်အသင်းနှင့် လေ့ကျင့်ခန်းပြန်လည်ပြုလုပ်နိုင်ခဲ့သည့် ပေါ်ဂါဘာအနေဖြင့် ပြင်သစ်အသင်းနှင့်ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။
- ဆမ့်ဗိုးရီးယားအသင်းက ခြေချင်းဝတ်ဒက်ရာကြောင့် ပွဲကစားနိုင်ခြင်းမရှိသည့် ကွင်းလယ်ကစားသမားဟယ်ရီဝင့်ကို စပါးအသင်းသို့ပြန်လည်စေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ML

မန်ယူအသင်းကစားသမားများက ကွင်းလယ်ဒိုင်ကို ပြင်းထန်စွာစောဒကတက်ခဲ့သည့်အတွက် အက်ဖ်အေ၏စွဲချက်တင်ခံရ

လန်ဒန် အောက်တိုဘာ ၁၉

အင်္ဂလန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မန်ယူအသင်းနှင့်နယူးကာဆယ်အသင်းတို့ပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီး ပေါလ်ဆန်ကို မန်ယူအသင်းကစားသမားများက ပြင်းပြင်းထန်ထန် စောဒကတက်ခဲ့ကြသောကြောင့် ကစားသမားထိန်းသိမ်းမှု အားနည်းသည့်ပြစ်ချက်ဖြင့် မန်ယူအသင်းကို အရေးယူရန်စွဲချက်တင်ခဲ့ကြောင်း မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းနှင့်နယူးကာဆယ်အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကွင်းလယ်ဒိုင်လူကြီး ပေါလ်ဆန်အနေဖြင့်လည်း အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည့်အတွက် မန်ယူအသင်း ကစားသမားများက မကြာခဏ စောဒကတက်ခဲ့မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် နယူးကာဆယ်အသင်းက ၎င်းတို့အသင်းဂိုးရေယာထိပ်တွင် ပြစ်ဒဏ်ဘောကန်ရန် ရရှိခဲ့သည့်အချိန်တွင် ကွင်းလယ်ဒိုင်လူကြီး ပေါလ်ဆန်က ပြစ်ဒဏ်ဘောကန်တင်ရန် ခရာမှုတ်သတိပေးသည့်အချိန် ခံစစ်ကစားသမားတစ်ဦးက နစ်ပုစ်ကို ဘောလုံးပေးပို့ခဲ့ပြီး နစ်ပုစ်ကလည်း ဘောလုံးကို ခြေထောက်ဖြင့်တားကာ ရပ်တန့်ခဲ့သည့်အချိန်၌ မန်ယူအသင်းမှ ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုက ကြားမှဖြတ်ယူ၍ ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

သို့သော် ကွင်းလယ်ဒိုင်လူကြီးက အဆိုပါသွင်းဂိုး ခွင့်ပြုပေးရန် ငြင်းဆိုခဲ့သည့်အတွက် မန်ယူအသင်းကစားသမားများအားလုံးက ကွင်းလယ်ဒိုင်လူကြီး ပေါလ်ဆန်ကို ဝိုင်းဝန်းပြီး ပြင်းပြင်းထန်ထန် စောဒက တက်ခဲ့သောကြောင့် အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်က အရေးယူမှုပြုလုပ်ရန် စွဲချက်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

WBO ဘူပါမစ်ဒယ်ဝိတ်တန်းယာယီချန်ပီယံအတွက် ဇက်ချ်ပါကားနှင့် ဂျွန်ရိုက်ဒါတို့ ယှဉ်ပြိုင်ထိုးသတ်မည်

လန်ဒန် အောက်တိုဘာ ၁၉

WBO ဘူပါမစ်ဒယ်ဝိတ်တန်းယာယီချန်ပီယံအတွက် ဗြိတိန်လက်ဝှေ့သမား ဇက်ချ်ပါကားနှင့် တစ်နိုင်ငံတည်းသားလက်ဝှေ့သမား တစ်ဦးဖြစ်သည့် ဂျွန်ရိုက်ဒါတို့ နိုဝင်ဘာ ၂၆ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ထိုးသတ်သွားမည်ဟု WBO က ထုတ်ပြန်ခဲ့ကြောင်း Saddo Boxing သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ WBO ဘူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံမှာ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်ဇ်ဖြစ်ပြီး လက်ရှိချန်ပီယံကို စိန်ခေါ်နိုင်ရန် ဇက်ချ်ပါကားနှင့် ဂျွန်ရိုက်ဒါတို့က ယာယီချန်ပီယံစိန်ခေါ်ပွဲစဉ်ကို ထိုးသတ်သွားမည်ဖြစ်သည်။

အသက် ၂၈ နှစ်ရှိ ဇက်ချ်ပါကားသည် စိန်ခေါ်ပွဲ ၂၂ ပွဲထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးသော်လည်း အသက် ၃၄ နှစ်အရွယ် ဂျွန်ရိုက်ဒါမှာ စိန်ခေါ်ပွဲ ၃၆ ပွဲ ထိုးသတ်ထားပြီး ငါးပွဲရှုံးနိမ့်ထားသည့်လက်ဝှေ့သမား တစ်ဦးဖြစ်သည်။

ဂျွန်ရိုက်ဒါအနေဖြင့် အတွေ့အကြုံရှိသည့် ဝါရင့်လက်ဝှေ့သမားတစ်ဦးဖြစ်သကဲ့သို့ WBA ဘူပါမစ်ဒယ်ဝိတ်တန်း ယာယီချန်ပီယံဟောင်းတစ်ဦးလည်းဖြစ်သည်။

ပွဲစီစဉ်သူ Promoter ဖြစ်သူ ဖရန့်ဝါရင်က "WBO ယာယီချန်ပီယံ စိန်ခေါ်ပွဲစဉ်အတွက် ဇက်ချ်ပါကားနဲ့ ဂျွန်ရိုက်ဒါတို့ နိုဝင်ဘာ ၂၆ ရက်ကျရင် O2 ကွင်းကြီးထဲမှာ ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပါတယ်။ ဇက်ချ်ပါကားဟာ ဒီမီထရီယက်စ်နဲ့ထိုးသတ်ဖို့ စီစဉ်ခဲ့ပေမဲ့ ဒီမီထရီယက်စ်ဘက်က ငြင်းဆန်ခဲ့တဲ့အတွက် ဂျွန်ရိုက်ဒါနဲ့ ပွဲစီစဉ်ခဲ့တာဖြစ်ပါတယ်။ ဒီမီထရီယက်စ်ဟာ ဇက်ချ်ပါကားရဲ့စိန်ခေါ်မှုကို ငြင်းဆန်တာ ဒါနဲ့ဆိုနှစ်ကြိမ်ရှိပါပြီ။ ဒီစိန်ခေါ်ပွဲစဉ်ဟာ ဇက်ချ်ပါကားအတွက် အရမ်းအရေးကြီးပါတယ်။ ဒီပွဲစဉ်မှာ အနိုင်ရမှ ကန်နဲလိုနဲ့ ယှဉ်ပြိုင်ထိုးသတ်ခွင့် ရမှာဖြစ်ပါတယ်။ ဇက်ချ်ပါကားအနေနဲ့ ရှုံးပွဲမရှိစံချိန်ကိုလဲ ဆက်လက်ထိန်းသိမ်းနိုင်ဖို့ ပြင်ဆင်ထားသလို ကမ္ဘာ့ချန်ပီယံကိုစိန်ခေါ်ဖို့လဲ စိတ်အားထက်သန်နေတယ်။ ဒီပွဲမှာ အနိုင်ရပြီဆိုရင် ကန်နဲလိုနဲ့ သေချာပေါက် ထိုးသတ်ရမှာဖြစ်သလို ကန်နဲလိုအနေနဲ့ ဝိတ်တန်းပြောင်းခဲ့မယ်ဆိုရင် ဇက်ချ်ပါကားအနေနဲ့ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရလာမှာလဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

နာပိုလီအသင်းက ကွင်းလယ်ကစားသမား လိုဘော့ကာကို လေးနှစ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

ရောမ အောက်တိုဘာ ၁၉

ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းများပြသနေသည့်ကွင်းလယ်ကစားသမား လိုဘော့ကာကို နာပိုလီအသင်းက စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြောင်း The Get Italian Football News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နာပိုလီအသင်းနှင့် ကွင်းလယ်ကစားသမား လိုဘော့ကာတို့ကြား သဘောတူညီချက်တွင် တစ်နှစ်လုပ်ခ ယူရှိ သုံးသန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး စာချုပ်သက်တမ်းကုန်ဆုံး၍ တစ်နှစ်သက်တမ်းတိုးပါက လုပ်ခလစာ ယူရှိ ၂ ဒသမ ၅ သန်းအပြင် အပိုဆုကြေးနှစ်သိန်း ထပ်မံရရှိမည်ဖြစ်ကာ လာမည့် နိုဝင်ဘာလဆန်းပိုင်းတွင် အတည်ပြု လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ကွင်းလယ်ခံစစ်ကစားသမားလိုဘော့ကာသည် ယခုနှစ် ဘောလုံးရာသီ နည်းပြ စပယ်လက်တီ လက်အောက်တွင် အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲစလုံး ပါဝင်ခွင့်ရခဲ့ကာ သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည့်အပြင် ပြိုင်ဘက်အသင်း၏ တိုက်စစ်ဆင်မှုများကို အကောင်းဆုံးဟန့်တားမှု ပြုလုပ်နိုင်ခဲ့ကာ အသင်းအနေဖြင့် ရလဒ်ကောင်းများပိုင်ဆိုင်ခဲ့ပြီး အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နိုင်ခဲ့သည်။

ထို့ကြောင့် နာပိုလီအသင်းတာဝန်ရှိသူများက လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည့် လိုဘော့ကာကို ကာလရှည်စာချုပ်ဖြင့် သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ပြီး လေးနှစ်စာချုပ် ချုပ်ဆိုရန် သဘောတူညီမှု ရယူခဲ့ကြောင်း သိရသည်။

ML

မြန်မာနေရှင်နယ်လီဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆) နောက်ဆုံးပွဲစဉ်တွင် ရတနာပုံအက်ဖ်စီက မြဝတီအက်ဖ်စီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနေရှင်နယ်လီဂ် ပြိုင်ပွဲ ပွဲစဉ်(၁၆) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့်မြဝတီအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစတည်းက ရတနာပုံအက်ဖ်စီ အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး မြဝတီအက်ဖ်စီအသင်းကလည်း ခံစစ်ပိုင်းအားပြုကာ တန်ပြန်တိုက်စစ်များမှ တစ်ဆင့် အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၂၀ တွင် မျိုးကိုထွန်းက ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရတနာပုံအက်ဖ်စီအသင်းက မြဝတီအက်ဖ်စီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြဝတီအက်ဖ်စီအသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်တိုက်စစ်ဖွင့် ဖိအားပေးကစားခဲ့ရာ အကြိတ်အနယ်ရှိခဲ့သော်လည်း နှစ်ဖက်အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် နောက်ထပ်သွင်းဂိုးများ မြင်တွေ့ရခြင်းမရှိခဲ့ဘဲ ပွဲပြီးဆုံးချိန်တွင် မျိုးကိုထွန်း၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ရတနာပုံအက်ဖ်စီအသင်းက မြဝတီအက်ဖ်စီအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

ကွင်းလယ်ကစားသမားလီအိုကို စာချုပ်သက်တမ်းတိုးရန် အေစီမီလန်အသင်း ဆက်လက်ကြိုးပမ်း

မီလန် အောက်တိုဘာ ၁၉

အေစီမီလန်အသင်းသည် ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် လီအိုကို ဥရောပကလပ်အသင်းကြီးများဖြစ်သည့် မန်စီးတီး၊ မန်ယူ၊ ချဲလ်ဆီးနှင့် ပီအက်စ်ဂျီ အသင်းတို့က ခေါ်ယူရန် အပြိုင်ကမ်းလှမ်းနေသဖြင့် ၎င်းကိုစာချုပ်သက်တမ်းတိုးနိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ပံကစားသမား လီအိုသည် အေစီမီလန်အသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်း၏ ခြေစွမ်းပိုင်းကြောင့် ဥရောပထိပ်သီး ကလပ်များက စိတ်ဝင်စားနေသဖြင့် အသင်းတာဝန်ရှိသူများက လီအိုနှင့်ပတ်သက်သည့် စာချုပ်သက်တမ်းတိုးမည့် ကိစ္စကို အရှိန်မြှင့်တင်ခဲ့ရာ သဘောတူညီမှုရရှိရန်နီးစပ်နေကြောင်း သိရသည်။

အေစီမီလန်အသင်း အားကစားဒါရိုက်တာ မာဆာရာက "လီအိုဟာ သူ့ရဲ့ခြေစွမ်းတွေနဲ့ အသင်းကို နောက်တစ်ဆင့် ရောက်ရှိအောင် ကူညီနိုင်ခဲ့တာပါ။ ဒါကြောင့် အသင်းအနေနဲ့ သူကို ကာလရှည် ဆက်ရှိဖို့အတွက် သက်တမ်းတိုးဖို့ အရှိန်မြှင့် လုပ်ဆောင်နေပါတယ်။ သူဟာ ၂၀၂၄ ခုနှစ်မှာ စာချုပ်သက်တမ်းကုန်ဆုံးပေမဲ့ အသင်းရဲ့ စာချုပ်သစ်ကိုလက်ခံပြီး သူ့ရဲ့ အနာဂတ်ကို အေစီမီလန်အသင်းမှာပဲဆက်ရှိမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

Joburg Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ထရစ္စတန် ပါဝင်ယှဉ်ပြိုင်မည်ဟု ပြောကြား

ဂျိုဟန်နက်စ်ဘတ် အောက်တိုဘာ ၁၉

တောင်အာဖရိက နိုင်ငံတွင် နိုဝင်ဘာ ၂၄ ရက်၌ စတင်ကျင်းပသွားမည့် Joburg Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ ထရစ္စတန်က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု BL သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ထရစ္စတန်သည် လက်ရှိချန်ပီယံတစ်ဦးဖြစ်သကဲ့သို့ မွေးရပ်မြေတွင် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဖြစ်သည့်အတွက် မဖြစ်မနေ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြိုင်ပွဲကို ဂျိုဟန်နက်စ်ဘတ်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့်အရေးနှင့် ပတ်သက်၍ အောက်တိုဘာ ၁၈ ရက်က ဂျိုဟန်နက်စ်ဘတ်မြို့တော်ဝန် မိုရီရှိကိုယ်တိုင် သတင်းစာရှင်းလင်းပွဲပြုလုပ်၍ အတည်ပြုခဲ့ခြင်းဖြစ်ကာ Joburg Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဂျိုဟန်နက်စ်ဘတ်မြို့ရှိ ဟောက်စတန် ဂေါက်ကလပ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထရစ္စတန်က "Joburg Open ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ကျွန်တော်နှစ်သက်တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ မွေးရပ်မြေမှာကျင်းပတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်သလို ဒီနှစ်မှာ လက်ရှိချန်ပီယံတစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရမှာကို ဝမ်းသာပါတယ်။ Joburg Open ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ကျွန်တော့်ရဲ့ကစားသမားဘဝကို မြှင့်တင်ပေးခဲ့တဲ့ ပြိုင်ပွဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

စည်းကြပ်ဒိုင်ကို စောဒကတက်ခဲ့သည့် နည်းပြကလော့ပ် အက်ဖ်အေ၏ စွဲချက်တင်ခံရ

လန်ဒန် အောက်တိုဘာ ၁၉

ပြီးခဲ့သည့် အောက်တိုဘာ ၁၆ ရက်က လီဗာပူးအသင်းနှင့်မန်စီးတီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် နည်းပြကလော့ပ်က စည်းကြပ်ဒိုင်ကို စောဒကတက်မှုကြောင့် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရသော်လည်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ၎င်း၏လုပ်ရပ်ကို ထပ်မံအရေးယူရန် စွဲချက်တင်ထားကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းက မန်စီးတီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ပွဲကစားချိန် ၈၆ မိနစ်တွင် ကွင်းလယ်ကစားသမား ဆာလာဟ်နှင့် မန်စီးတီးကစားသမား ဘာနာဒို ဆေးဗားတို့၏ ကွင်းဘေးတွင်ဖြစ်ခဲ့သည့် ပြစ်ဒဏ်ကို စည်းကြပ်ဒိုင်က လျစ်လျူရှုခဲ့သည့်အတွက် စောဒကတက်ပြောဆိုခဲ့ရာ ကွင်းလယ်ဒိုင်အန်တိုနီတေလာက တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။

ထို့ကြောင့် အက်ဖ်အေက နည်းပြကလော့ပ်၏ ဒိုင်အကူကို မချေမင်ံ တုံ့ပြန်ပြောဆိုမှုသည် ချမှတ်ထားသည့် စည်းမျဉ်းဥပဒေ E3 ကို ချိုးဖောက်ရာရောက်ခဲ့၍ ထပ်မံအရေးယူရန် စွဲချက်တင်ခဲ့ခြင်းဖြစ်ပြီး နည်းပြကလော့ပ်ကို လာမည့် အောက်တိုဘာ ၂၁ ရက် နောက်ဆုံးထား၍ အယူခံတင်သွင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

နည်းပြကလော့ပ်သည် အနီကတ်ပြစ်ဒဏ်ကြောင့် လာမည့်ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်ကို ကြီးကြပ်ခွင့်လွဲချော်မည်ဖြစ်သည့်အပြင် အက်ဖ်အေ၏စွဲချက်ကို ပြန်လည်ချေပနိုင်ခြင်းမရှိပါက ငွေဒဏ် သို့မဟုတ် ပွဲပယ်ပြစ်ဒဏ် ထပ်မံကျခံရနိုင်ကြောင်း သိရသည်။

ML

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်

ဖနွမ်းပင် အောက်တိုဘာ ၁၉

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီက အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နှစ်စဉ် နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပခဲ့သော်လည်း ပြီးခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၂၁ ခုနှစ်က ကိုဗစ်-၁၉ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရသည့်အတွက် ယခုနှစ်မှသာ ကျင်းပနိုင်ခဲ့သော်လည်း လာမည့်ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ ပြိုင်ပွဲကျင်းပရေးကော်မတီက အားကစားနည်းများကို ထုတ်ပြန်ကြေညာခဲ့ရာတွင် ပြေးခုန်ပစ်အားကစားနည်း၊ Aquatics၊ ကြက်တောင်အားကစားနည်း၊ ဘတ်စကက်ဘောအားကစားနည်း၊ Billiards အားကစားနည်း၊ လက်ဝှေ့အားကစားနည်း၊ Dance Sports အားကစားနည်း၊ Fancing အားကစားနည်း၊ ဘောလုံးအားကစားနည်း၊ ဂေါ့ဖ်အားကစားနည်း၊ ကရာတေးအားကစားနည်း၊ ပီတန်းအားကစားနည်း၊ Sailing အားကစားနည်း၊ စားပွဲတင်တင်းနစ်အားကစားနည်း၊ တိုက်ကွမ်ဒို အားကစားနည်း၊ Triathlon အားကစားနည်း၊ ဘော်လီဘော အားကစားနည်း၊ Cycling အားကစားနည်း၊ ချက်ဖ်အားကစားနည်း၊ Cricket အားကစားနည်း၊ Gymnastics အားကစားနည်း၊ ဟော်ကီအားကစားနည်း၊ ဂျူဒို အားကစားနည်း၊ ပိုက်ကျော်ခြင်း အားကစားနည်း၊ Soft tennis အားကစားနည်း၊ တင်းနစ်အားကစားနည်း၊ Wresting အားကစားနည်း၊ အလေးမအားကစားနည်း၊ ဝူရှူ အားကစားနည်း၊ ကာယဗလ အားကစားနည်း၊ E-Sports အားကစားနည်း၊ Floorball အားကစားနည်း၊ Jetski အားကစားနည်း၊ Teqball အားကစားနည်း၊ Traditional Boat Race အားကစားနည်း၊ Obstancle Race အားကစားနည်း၊ ပန်ကက်စီလက်အားကစားနည်း၊ MMA အားကစားနည်းတို့ကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

STA

မိန့်ဇ် Vs **ကိုလုံး**

ကစားမည့်ရက်/အချိန် ၂၂-၁၀-၂၀၂၂ (နံနက် ၀း၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ကိုလုံး ၃ - ၂ မိန့်ဇ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

မိန့်ဇ်	**အိမ်(သရေ)**	**ဝေး(နိုင်)**	**ဝေး(နိုင်)**
ကိုလုံး	**ဝေး(ရှုံး)**	**ဝေး(ရှုံး)**	**အိမ်(နိုင်)**

နှစ်ပွဲဆက်နိုင်ပွဲရယူထားတဲ့ မိန့်ဇ်အသင်းက အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိပါတယ်။ အဝေးကွင်းနှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ ကိုလုံးအသင်းအတွက် အခုအဝေးကွင်းပွဲစဉ်မှာလဲ ရှုန်းကန်ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိတဲ့ မိန့်ဇ်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

အင်တာနက်စန်းမှန်း - မိန့်ဇ် ၂ - ၀ ကိုလုံး

ဂျာမန်ပိုကယ်ဖလား ဒုတိယအဆင့်ပွဲစဉ်ရလဒ်

ဟန်နိုဗာ	၀ -	၂	ဒေါ့မွန်
ဖရိုင်းဘတ်	၁ -	၀	စိန့်ပေါ်လီ
ပါဒါဘွန်း	၂ -	၂	ဝါဒါဘရီမင်

မိနစ် (၉၀)ရလဒ်ဖြစ်ပါသည်။ (၀၄၀)

တရုတ်၏ BRI ကို ပုံတူကူးချလာသော အနောက်အုပ်စု

မောင်သောင်းဝင်း(တမန်ဟောင်း)

လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလအတွင်း တရုတ်နိုင်ငံသည် အာဖရိကဒေသတွင် ကားလမ်းနှင့် ရထားလမ်းအရှည် ကီလိုမီတာ ၁၀၀၀၀၀ ကျော် ဖောက်လုပ်တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ထိုသို့လမ်းများ ဖောက်လုပ်ခြင်းသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) ၏တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ BRI သည် တရုတ်နိုင်ငံဦးဆောင်သော ကမ္ဘာလုံးဆိုင်ရာ ချပ်ပိုင်းနှင့်ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများတည်ဆောက်သွားမည့်စီမံကိန်းတစ်ခုပင်ဖြစ်သည်။

အာဖရိကဒေသရှိ BRI စီမံကိန်းများအနက် Trans-African Highway 5 (TAH5) လမ်းဖောက်လုပ်မှုသည် အပြီးသတ်သွားပြီဖြစ်သည်။ ၎င်း TAH5 လမ်းသည် ဆီနီဂေါနိုင်ငံမြို့တော် Dakar မှသည် ချဒ်နိုင်ငံမြို့တော် N'Djamena သို့ ဆက်သွယ်ဖောက်လုပ်ထားရှိသည်။ ထို့နောက် TAH5 လမ်းသည် အာဖရိကဦးချို အဖျားစွန်းဒေသရှိ ဂျီဘူတီမြို့သို့ရောက်ရှိမည်ဖြစ်ပြီး Dakar မှ အရှေ့ဘက် ကီလိုမီတာ ၈၇၀၀ ရှိမည်ဖြစ်သည်။ အာဖရိကဒေသတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရေးစီမံကိန်းတွင် အကြီးမားဆုံးအစိတ်အပိုင်းပင်ဖြစ်သည်။ တရုတ်ကုမ္ပဏီများသည် အာရှ၊ အရှေ့အလယ်ပိုင်းနှင့်တောင်အမေရိကတို့တွင် ကားလမ်းများ၊ ဆိပ်ကမ်းများနှင့် ရထားလမ်းများ ဖောက်လုပ်တည်ဆောက်လျက်ရှိသည်။

အခြေခံအဆောက်အအုံများ

BRI သည် ကားလမ်းနှင့်မြန်နှုန်းမြင့်ရထားလမ်းများအပြင် ရေအားလျှပ်စစ်စီမံကိန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဆေးရုံများ၊ သတ္တုတွင်းများ၊ ရေနံပိုက်လိုင်းများ၊IT အခြေခံအဆောက်အအုံများနှင့် ဥပဒေပြုဆိုင်ရာအဆောက်အအုံများပင်ပါရှိသည်။ အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကုန်ကျသည့် အသစ်တည်ဆောက်ထားသော ဇင်ဘာဘွေနိုင်ငံလွတ်တော် အဆောက်အအုံကို တရုတ်နိုင်ငံက တည်ဆောက်ပေးထားသည်။ တရုတ်နိုင်ငံသည် ကမ္ဘာတိုက်အသီးသီးတွင် အရပ်ဘက်ဆိုင်ရာစီမံကိန်းများ တည်ဆောက်ပေးကာ ယုံကြည်မှုတည်ဆောက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၁၅၀ ကျော်တွင် စီမံကိန်း ၁၃၀၀၀ ကျော်အတွက် အမေရိကန်ဒေါ်လာသန်း ၁၀၀၀၀ ကျော် အသုံးပြုသွားမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည့် နိုင်ငံများတွင် စစ်အစိုးရအုပ်ချုပ်သော နိုင်ငံများ၊ ဘာသာရေးအရ အုပ်ချုပ်သောနိုင်ငံများနှင့် ဒီမိုကရေစီနိုင်ငံများပါဝင်သည်။ BRI စီမံကိန်းအရ တည်ဆောက်ခဲ့သောတံတားများအနက် မော်ရိုကိုနိုင်ငံရှိ Mohammaed VI တံတားသည် အာဖရိကဒေသတွင် အကြီးမားဆုံးတံတားတစ်စင်းပင်ဖြစ်သည်။ တရုတ်ဆောက်လုပ်ရေးဆိုင်ရာစက်မှုလုပ်ငန်းအသင်းသည် ထိုတံတားကြီးဆောက်လုပ်ရန် ဗီသုကာပညာရှင် Luban Prize ကို ကန်ထရိုက်ပေးခဲ့ခြင်းဖြစ်သည်။

ဒေါ်လာငွေပြန်လည်ရှာဖွေခြင်း

တရုတ်နိုင်ငံသည် ပြည်ပကုန်သွယ်မှုပိုငွေဖြင့် BRI တွင် ဘဏ္ဍာငွေရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ နေ့စဉ်ကုန်သွယ်မှုပိုငွေသည် အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ခန့်ရှိပြီး ဥရောပသမဂ္ဂတစ်ခုလုံးပင်လျှင် တစ်နေ့ကုန်သွယ်မှုပိုငွေသည် အမေရိကန်ဒေါ်လာ သန်း ၃၀၀ သာရှိသည်။ ထိုသို့ရရှိသောကုန်သွယ်မှုပိုငွေကို BRI တွင် ရင်းနှီးမြှုပ်နှံလျက်ရှိရာ အာဖရိကဒေသသည် ရင်းနှီးမြှုပ်နှံမှုအများဆုံး ရရှိထားသည်။ ဆိုရလျှင် တရုတ်နိုင်ငံသည် အာဖရိကဒေသတွင် အခြေခံအဆောက်အအုံများတည်ဆောက်လျက်ရှိသောကြောင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုမြင့်တက်လျက်ရှိသည်။ နောက်ဆုံးတွင် အရှေ့နှင့် အနောက်အာဖရိကကို အပြီးသတ်ဆက်သွယ်နိုင်တော့မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် BRI စီမံကိန်းမှ အမေရိကန်ဒေါ်လာနှင့် ယူရိုငွေပြန်လည်ရှာဖွေနိုင်မည့်အပြင် ဆိုလာပြားများ၊ တယ်လီကွန်နည်းပညာများ၊ စက်မှုနှင့် စားသုံးကုန်ပစ္စည်းများရောင်းချရေးအတွက် စျေးကွက်များ ဖန်တီးကာ အာဖရိကမှအရင်းအမြစ်များ ထုတ်ယူအသုံးချနိုင်တော့မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် အမေရိကန်နှင့် EU တို့နေရာတွင် အာဖရိက၏ အကြီးမားဆုံးကုန်သွယ်ဖက်အဖြစ် အစားထိုးရပ်တည်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

BRI သည် တရုတ်နိုင်ငံ၏ ပြည်တွင်းအခြေခံအဆောက်အအုံများကို အာဆီယံနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ထိုင်းနိုင်ငံတို့နှင့်လည်းချိတ်ဆက်ဆောင်

ရွက်လျက်ရှိသည်။ အမှန်တော့တရုတ်နိုင်ငံတွင် ကုန်ထုတ်လုပ်မှုစရိတ်နှင့် အခြားသောကုန်ကျစရိတ်များ မြင့်တက်လျက်ရှိသောကြောင့် စျေးနှုန်းချိုသာသော အရှေ့တောင်အာရှနှင့်အာဖရိကဒေသတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လာခြင်းဖြစ်သည်။

လွန်ခဲ့သော ၁၀ စုနှစ်အတွင်း ရည်မှန်းချက်အတိုင်းအကောင်အထည်ဖော်ခဲ့ရာ လက်ရှိအချိန်တွင် BRI သည် တရုတ်နိုင်ငံအရှေ့ပိုင်းမှသည် အနောက်ဥရောပထိ ယူရေးရှားဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်ပြီဖြစ်သည်။ BRI တွင် အဓိကကျသောလမ်းများမှာ-

(၁) တရုတ်နိုင်ငံအနောက်ပိုင်းမှသည် ကာဇက်စတန်ကိုဖြတ်သန်း၍ ရုရှားနိုင်ငံ အနောက်ပိုင်းသို့ ဖောက်လုပ်ထားသော ယူရေးရှားကုန်းမြေလမ်းကြောင်းသစ်။

(၂) တရုတ်နိုင်ငံအနောက်ပိုင်းမှသည် တူရကီနိုင်ငံသို့ ဆက်သွယ်ဖောက်လုပ်ထားသော တရုတ်-အလယ်အာရှ-အနောက်အာရှ စကြီ်လမ်း။

(၃) တရုတ်နိုင်ငံတောင်ပိုင်းမှသည် လာအို၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ကို ဆက်သွယ်ဖောက်လုပ်ထားသော တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ်စီးပွားရေး စကြီ်လမ်း။

(၄) တရုတ်-ပါကစ္စတန် စီးပွားရေးစကြီ် (CPEC)။ ၎င်းစီမံကိန်းသည် အမေရိကန်ဒေါ်လာ ၆၂ ဘီလီယံကုန်ကျမည်ဖြစ်ပြီး အာဖရိကနှင့် အနောက်အာဖရိကသို့ ကုန်သင်္ဘောများသွားလာရေးအတွက် ဂွါဒါဆိပ်ကမ်းကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

(၅) ထို့နောက် ဟိမဝန္တာဖြတ်ကျော်လမ်းကွန်ရက်တို့ဖြစ်သည်။ ၎င်းလမ်းကွန်ရက်သည် ကုန်းတွင်းပိတ်နီပေါနိုင်ငံကို အခြားနိုင်ငံများနှင့် ချိတ်ဆက်စေနိုင်မည်ဖြစ်သည်။

BRI ၏နိုင်ငံရေးဆိုင်ရာရည်မှန်းချက်များ

အနောက်တိုင်းမီဒီယာများသည် ယူကရိန်းအရေးကိုသာအလေးထားဖော်ပြနေသဖြင့် စက်တင်ဘာလအတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ ဆမာခန်း၌ပြုလုပ်ခဲ့သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO) အစည်းအဝေးအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြနိုင်ခြင်းမရှိဘဲ လျစ်လျူရှုခဲ့ရသည်။ SCO သည် BRI နိုင်ငံရေးဆိုင်ရာရည်မှန်းချက်များအနက်မှ တစ်ခုပင်ဖြစ်သည်။ SCO အဖွဲ့ဝင်များမှာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့်အီရန်နိုင်ငံတို့ဖြစ်ကြသည်။ EU မှငြင်းဆန်ခံရသော တူရကီနိုင်ငံအနေဖြင့်လည်း SCOအဖွဲ့ဝင်အဖြစ်ပါဝင်လာတော့မည်ဖြစ်သည်။ SCO သည် အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် သာတူညီမျှရှိမှုကိုအလေးထားလျက်ရှိသည်။ ၎င်းအဖွဲ့၏ နိုင်ငံရေးအမြင်သည် ၁၉၅၅ ခုနှစ် ဘန်ဒေါင်းညီလာခံမှနှင့်ဆင်တူလျက်ရှိသည်။ ဘန်ဒေါင်းညီလာခံသည် ဥရောပမှ လွတ်လပ်ရေးရရှိခဲ့သော အာရှ-အာဖရိကနိုင်ငံများ၏ညီလာခံတစ်ခုပင်ဖြစ်ပြီး ၁၉၆၁ ခုနှစ်တွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဒုတိယနိုင်ငံရေးဆိုင်ရာရည်မှန်းချက်မှာ BRI သည်BRICS ၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၎င်းအဖွဲ့တွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့်တောင်အာဖရိကနိုင်ငံတို့ပါဝင်လျက်ရှိသည်။ ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော BRICS ၌ လက်ရှိအချိန်တွင် ရေနံတင်ပို့သည့်နိုင်ငံများ (OPEC) အပါအဝင် စီးပွားရေးဆိုင်ရာ စိတ်အားထက်သန်သောနိုင်ငံများ ပါဝင်ဆွေးနွေးလျက်ရှိသည်။ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းများဖြစ်ပေါ်ခဲ့ပြီးနောက် BRICS ကိုစတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဒေါ်လာလွှမ်းမိုးသည့် စျေးကွက်ပျက်ခဲ့ပြီး ဒေါ်လာငွေကြေးခိုင်မာမှုအပေါ်သံသယဝင်လာသည့် စီးပွားရေးအင်အားကြီးနိုင်ငံများသည် ဒေါ်လာငွေကြေးနေရာတွင် အစားထိုးနိုင်ရန် BRICSကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အကြွေးထောင်ချောက်များ

BRI သည်နောက်ဆုံးတွင် ပြောင်းလဲမှုဖြစ်ပေါ်လာနိုင်ကြောင်း အနောက်အုပ်စုက ယုံကြည်ယူဆထားသည်။ BRI သည် တရုတ်နိုင်ငံ၏ စီမံကိန်းမဟုတ်ဘဲ အကြွေးထောင်ချောက်သာဖြစ်သည်ဟု ကနဦးပိုင်းကစွပ်စွဲပြောဆိုလျက်ရှိသည်။ အမှန်တော့ ထိုကောက်ချက်သည် မှန်းဆပြောဆိုချက်များသာ ဖြစ်ဖွယ်ရာရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် အာဖရိကဒ္ဒတင်ရှိနေသောပြည်ပကြွေးမြီ အမေရိကန်ဒေါ်လာ ၆၉၆ ဘီလီယံအနက် တရုတ်အစိုးရနှင့်ပုဂ္ဂလိကကြွေးမြီရှင်များက ထုတ်ချေးထားမှုသည် ၁၂ ရာခိုင်နှုန်းသာရှိခဲ့သည်။ ကျန်ကြွေးမြီများမှာ အနောက်အုပ်စုများက ပိုင်ဆိုင်ထားခြင်းဖြစ်ပြီး အတိုးနှုန်းများမှာလည်း မြင့်မားလျက်ရှိသည်။

၁၉၆၀ ပြည့်လွန်နှစ်များကတည်းက အနောက်အုပ်စုသည် အာဖရိကဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများပုံအောက်ထုတ်ခဲ့သည်။ ထိုအရင်းအနှီးများသည် အာဖရိကဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်လူနေမှုအဆင့်အတန်းမြင့်မားလာမှုကို ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ဥရောပကော်မရှင် (EC) သည် တရုတ်ပုံစံအတိုင်း လိုက်ပါဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့သည်။ EC သည် Global Gateway ဟု ခေါ်ဆိုသည့် 'ကမ္ဘာလုံးဆိုင်ရာအောင်မြင်မှုလမ်းစ' ကိုထုတ်ပြန်ကြေညာခဲ့ပြီး လာမည့် ငါးနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန် ယူရို ဘီလီယံ ၃၀၀ အသုံးပြုသွားမည်ဖြစ်ကြောင်း အဆိုပြုခဲ့သည်။

Global Gateway သည် နိုင်ငံတကာတည်ငြိမ်အေးချမ်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် မိတ်ဖက်နိုင်ငံများ၏လိုအပ်ချက်ကိုအခြေခံလျက် ကမ္ဘာလုံးဆိုင်ရာအခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ Global Gateway သည် ရင်းနှီးမြှုပ်နှံသူများအတွက် ပွင့်လင်းမြင်သာမှု၊ မိတ်ဖက်နိုင်ငံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ ရေရှည်အကျိုးစီးပွားအတွက် ရည်မှန်းဆောင်ရွက်သွားမည်ဟုဆိုသည်။

ယခုနှစ် ဇွန်လတွင် အမေရိကန်၊ ကနေဒါ၊ ဂျာမနီ၊ ဂျပန်နှင့် အခြားသော G-7 အဖွဲ့ဝင်နိုင်ငံများသည် ဂျာမနီနိုင်ငံတောင်ပိုင်းတွင် အစည်းအဝေးပြုလုပ်ခဲ့ပြီး 'ကမ္ဘာလုံးဆိုင်ရာအခြေခံအဆောက်အအုံနှင့်ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်အစီအစဉ်' ကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ၎င်းအစီအစဉ်အရ လာမည့် ငါးနှစ်အတွင်း ဝင်ငွေနည်းနှင့် အလယ်အလတ်အဆင့် ဝင်ငွေရှိသောနိုင်ငံများတွင် ကမ္ဘာလုံးဆိုင်ရာအခြေခံရင်းနှီးမြှုပ်နှံမှုအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ အသုံးပြုသွားမည်ဟုဆိုသည်။

သို့သော် ယူကရိန်းအရေးကို အကြောင်းပြု၍ ရုရှားစွမ်းအင်သည် လက်ရှိအချိန်တွင် အာရှသို့ စီးဆင်းနေပြီဖြစ်သည့်အတွက် ဥရောပအနေဖြင့် အရှေ့အုပ်စုကို ယှဉ်ပြိုင်နိုင်ရန် အခက်ကြုံလာပြီဖြစ်သည်။ စွမ်းအင်ဈေးနှုန်းမြင့်တက်လာမှုကြောင့် စွမ်းအင်ကို မှီခိုအားထားလုပ်ကိုင်နေရသော ဥရောပစက်မှုလုပ်ငန်းများသည် အာရှနှင့်အာဖရိကသို့ ရင်းနှီးမြှုပ်နှံမှုများရွှေ့ပြောင်းလုပ်ဆောင်လာမည်မှာ အသေအချာပင်ဖြစ်သည်။ ဆိုရလျှင် EU နှင့် G-7 အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာအခြေခံအဆောက်အအုံဖြစ်သည့် BRI ကိုပုံတူကူးချကာ ၎င်းတို့ပုံစံဖြင့် အကောင်အထည်ဖော်သွားရန်စီမံဆောင်ရွက်လျက်ရှိသော်လည်း တရုတ်နိုင်ငံကိုအမှီလိုက်နိုင်ရေးအတွက် များစွာကြိုးပမ်းရဦးမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကိုးကား

- **West Follows China's Lead With its Own' Belt and Roads' by Asia Times.**

မြေပုံမြို့နယ် ချောင်းကြီးကျောင်းတိုက်ဆရာတော်ထံ အဆိုတော် ရတနာမိုင် မီသားစုက အလှူငွေကျပ်ငါးသိန်း လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၉

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ချောင်းကြီးကျောင်းတိုက်ဆရာတော်ထံ အဆိုတော် ရတနာမိုင်မီသားစုက ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကို အောက်တိုဘာ ၁၈ ရက်က ချောင်းကြီးကျောင်းတိုက်ဆရာတော် ခေတ္တရောက်ရှိသီတင်းသုံးနေသည့် တာမွေမြို့နယ် အလိုတော်ပြည့်ကျောင်းတိုက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုတော် ရတနာမိုင်မီသားစုသည် ဖခင် ဦးမောင်ရင်အားရည်စူးအလှူကို လစဉ်နီးပါးလှူဒါန်းလျက်ရှိပြီး ယခုအောက်တိုဘာလတွင်လည်း မြေပုံမြို့နယ် ချောင်းကြီးကျောင်းတိုက်တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဖေကြီးအတွက် ရည်စူးအလှူအနေနဲ့ လစဉ်နီးပါး လှူဒါန်းဖြစ်နေပါတယ်။ ဒီလမှာလဲ မြေပုံမြို့နယ် ချောင်းကြီးကျောင်းတိုက်ဆရာတော် ရန်ကုန်ကို ကြွလာချိန်မှာ ကျောင်းဆောင်သစ်ဆောက်လုပ်ဖို့အတွက် အလှူငွေ လှူဒါန်းဖြစ်ခဲ့ပါတယ်။ လတ်တလော အနုပညာအလုပ်အနေနဲ့ကတော့ အွန်လိုင်းကနေ သီချင်းသစ်တွေ လွှင့်တင်ပေးနေပါတယ်"ဟု အဆိုတော်ရတနာမိုင်က ပြောပြသည်။

အဆိုတော် ရတနာမိုင်အနေဖြင့် လတ်တလောတွင် အွန်လိုင်းမှ တေးသီချင်းသစ်များကို အခါအားလျော်စွာ ထုတ်လွှင့်လျက်ရှိပြီး တေးစီးရီးသစ် တစ်ခွေစာအတွက်လည်း ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ အဆိုပါတေးစီးရီးသစ်တွင် ကိုယ်တိုင်ရေး သီချင်းသစ်များလည်း ပါဝင်မည်ဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ASH

The Caretaker ဇာတ်ကားတွင် မင်းသမီး ဆစ်ဒနီဆွီနေး ပါဝင်မည်

နယူးယောက် အောက်တိုဘာ ၁၉

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Caretaker အမည်ရှိ ဇာတ်ကားတွင် မင်းသမီး ဆစ်ဒနီဆွီနေး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇာတ်ကားသည် စာရေးဆရာ မားကပ်တလီဝါး၏ The Caretaker အမည်ရှိ ဝတ္ထုတိုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

The Caretaker ဇာတ်ကားသည် ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုတွင် တွေ့ရသည့် အိမ်စောင့်အလုပ်ကိုရရှိပြီးနောက် ချောက်ချားဖွယ်အဖြစ်နှင့် ရင်ဆိုင်ခဲ့ရသော မိန်းမငယ်တစ်ဦး၏အဖြစ်ကို ရိုက်ကူးပုံဖော်မည်ဖြစ်သည်။

မင်းသမီး ဆစ်ဒနီဆွီနေးသည် The Caretaker ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်အပြင် ထုတ်လုပ်သူတာဝန်ကိုပါ ရယူမည်ဖြစ်ကြောင်း သိရသည်။

The Caretaker ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို မသိရသေးသော်လည်း ၎င်းဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကားဂါဒူဆက်က ရေးသားပေးထားသည်။

လက်ရှိတွင် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီသည် The Caretaker ဇာတ်ကားရုံတင်မည်ရက်ကို သတ်မှတ်ဆုံးဖြတ်ခြင်းမရှိသေးကြောင်း သိရသည်။ KKO

ဒဂုံမြို့နယ် Queen Shin Saw Pu Art Studio & Gallery တွင် ပန်းချီဆရာလေးဦး၏ Image အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Queen Shin Saw Pu Art Studio & Gallery ပန်းချီခန်းမတွင် ပန်းချီဆရာလေးဦး၏ Image အွန်လိုင်းပန်းချီပြပွဲကို အောက်တိုဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း Queen Shin Saw Pu Art Studio & Gallery ပန်းချီပြခန်းတာဝန်ခံ မသဇင်ကျော့ရှင်းက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် ပန်းချီ စောတင့်ဝေ၊ ပန်းချီ နီပိုဦး၊ ပန်းချီ သက်မွန်၊ ပန်းချီ သိန်းရွှေကြည်တို့၏ ရေဆေး၊ ဆီဆေး အပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၄၀ ခန့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲကတော့ မဂ္ဂဇင်း၊ ဂျာနယ်လောက က ပန်းချီဆရာ လေးယောက်ရဲ့လက်ရာစုံကို စုစည်းပြီးတော့ ပြသမှာဖြစ်ပါတယ်။ အွန်လိုင်းပြပွဲဖြစ်ပေမဲ့ပြခန်းမှာလဲ လာရောက်လေ့လာကြည့်ရှုနိုင်ပါတယ်။

ပန်းချီကားအများစုကတော့ ပန်းချီဆရာတွေရဲ့ စိတ်ကြိုက်ဖန်တီးထားတဲ့လက်ရာတွေဖြစ်ပါတယ်။ ပန်းချီကားအားလုံးကတော့ တစ်ခါမှ အွန်လိုင်းကော ပန်းချီပြခန်းတွေမှာပါ မမြင်တွေ့ရသေးတဲ့ လက်ရာသစ်တွေဖြစ်ပါတယ်"ဟု အဆိုပါ ပန်းချီပြခန်းတာဝန်ခံ မသဇင်ကျော့ရှင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၄×၃) ပေ၊ (၄ ×၂) ပေ၊ (၃×၂) ပေ၊ (၃၀×၄၀) လက်မ၊ (၁၈×၂၄) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။ ASH

Chevalier ဇာတ်ကားကို ၂၀၂၃ ခုနှစ်တွင် ရုံတင်ပြသရန် စီစဉ်ထား

နယူးယောက် အောက်တိုဘာ ၁၉

Chevalier အမည်ရှိ ဒရာမာဇာတ်ကားကို ၂၀၂၃ ခုနှစ် ဧပြီ ၇ ရက်တွင် ရုံတင်ပြသရန် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

Chevalier ဇာတ်ကားသည် ပြင်သစ်တယောပညာရှင် ကျိုးဆက်ဟိုးလော့၏ဘဝကို အခြေခံရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ စတက်ဖန်ရော်ဘီဆင်က ရေးသားပေးထားပြီး ဒါရိုက်တာ စတီဖင်ဝီလျံက ရိုက်ကူးပေးထားသည်။

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် အဆိုပါဇာတ်ကားကို ရုံတင်ပြသမှု မပြုလုပ်မီ ယခုနှစ် တိုရွန်တိုနိုင်ငံ တကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက် ပြသခဲ့ပြီးဖြစ်သည်။

Chevalier ဇာတ်ကားတွင် မင်းသား ကယ်ဗင်ဟာရစ်ဆင်ဂျူနီယာက တယောဆရာ ကျိုးဆက်ဟိုးလော့အဖြစ် သရုပ်ဆောင်ထားပြီး ကယ်ဗင်ဟာရစ်ဆင်ဂျူနီယာသည် ဒါရိုက်တာ ဘက်လေးမန်း၏ အဲဗစ်ဇာတ်ကား၌ ဘလူးဂီတသမား ဘီဘီကင်းအဖြစ်လည်း သရုပ်ဆောင်ခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။ KKO

စစ်တွေမြို့တွင် တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

စစ်တွေ အောက်တိုဘာ ၁၉

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၇ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ပြည်လုံးချမ်းသာဘုရားကြီးရှေ့ရှိ ဝက်ပါကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်လုံးချမ်းသာဘုရားကြီး ဂေါပကအဖွဲ့ဝင် ဦးမောင်ဒုတ်က ပြောပြ၍ သိရသည်။

ယခုနှစ် တန်ဆောင်တိုင်ပွဲတော်တွင် ပြုလုပ်မည့် ဆွမ်းလောင်းလှူပွဲကို သံယာတော်အပေါ် ၅၅၀ ဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၎င်းပွဲတွင် လှည့်လည်မည့် ဇနီးမောင်နှံအရှေ့ကြီးကိုလည်း ပြန်လည်ပြုလုပ်နေပြီဖြစ်ပြီး ညပိုင်းတွင် မီးထွန်းပွဲတော်နှင့် ဈေးပွဲတော်လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် တန်ဆောင်တိုင်ပွဲတော်ကို ပြည်လုံးချမ်းသာဘုရားကြီးရှေ့မှာရှိတဲ့ ဝက်ပါကွင်းမှာ ဆွမ်းတော်ကြီးလောင်းလှူပွဲ၊ မြို့ပတ်ပြီး အရှုပ်ကြီးတွေလှည့်လည်ပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲ၊ ဈေးရောင်းပွဲတော်တွေလဲပါဝင်ပါမယ်။ ကိုဗစ်ကြောင့် နှစ်နှစ်လောက်နားခဲ့ရပြီး မနှစ်ကစတင်ပြီးတော့ စည်စည်ကားကားနဲ့ ပြန်လည်ကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်"ဟု ပြည်လုံးချမ်းသာဘုရားကြီး ဂေါပကအဖွဲ့ဝင် ဦးမောင်ဒုတ်က ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၈ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက်ပိုင်းက သံယာတော်အပေါ် ၅၅၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် တန်ဆောင်မုန်းလပြည့်ညတွင် မီးပူဇော်ပွဲ၊ မီးထွန်းပွဲတို့ကို ပြည်လုံးချမ်းသာဘုရားကြီးရှေ့ရှိ ဝက်ပါကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ASH

SAC Chairman Prime Minister Senior General Min Aung Hlaing attends opening of Mid-Year Myanmar Gems Emporium 2022

Senior General Min Aung Hlaing checks the 4.5-ton giant jade stone.

Nay Pyi Taw October 19

The opening ceremony of the Mid-Year Myanmar Gems Emporium 2022 took place at Mani Yadana Jade Hall in Nay Pyi Taw this morning, attended by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the ceremony were members of the SAC Lt-Gen Moe Myint Tun, U Mahn Nyein Maung, U Khin Maung Swe, Jeng Phang Naw Taung, U Sai Lone Seng, Lt-Gen Soe Htut, Council Joint Secretary Lt-Gen Ye Win Oo, Union ministers, the chairman of Nay Pyi Taw Council, the commander of Nay Pyi Taw Command, officials from the Russian Embassy to Myanmar and Russian businesspersons, departmental officials, responsible persons from Myanmar Gems Entrepreneurs Association and guests.

The Prime Minister and those present at the ceremony viewed a video records on production process of jewellery items and preparations to hold the 2022 Mid-year Myanmar Gems Emporium.

The Senior General and party viewed jade and gem lots and pearl lots displayed in the hall and uncut jade lots outside the hall. The Senior General gave guidance responding to the reports of officials.

The Myanmar Gems Emporium has been held since 1964 to sell mined gems and jewellery for earning foreign exchange for the State and benefiting the economy of citizens. This emporium, the floor prices of pearl lots were set as US dollar, and foreign gem merchants need to pay US dollar, yuan and baht for payment and local gem merchants, kyat. Foreign gem merchants must pay US dollar, euro, yuan and baht for payment for floor prices of gem and jade lots and local merchants, kyat. The lowest floor price of pearl lots are set at US$1,000, gem lot euro 500, jade finished lots euro 1,000 and uncut jade lots euro 5,000.

The emporium will last from 19 to 25 October to sell 400 lots of pearl, 120 lots of gems and 2,150 lot of jade to local and foreign gem merchants through open tender. Moreover, private jewellery shops are open at the hall. 100

Senior General Min Aung Hlaing views uncut jade stone.

Senior General Min Aung Hlaing views jade stone.

Senior General Min Aung Hlaing views gems and jewelries.

Russian diplomats and businesspersons views pearl lots.

Russian diplomats and businessmen view lots of gems and jewelries.

SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses first coordination meeting of Central Committee for Organizing 75th Anniversary Diamond Jubilee Independence Day 2023

Vice-Senior General Soe Win addresses first coordination meeting of Central Committee for Organizing 75th Anniversary Diamond Jubilee Independence Day 2023.

Nay Pyi Taw October 19

The first coordination meeting of the Central Committee for Organizing the 75th Anniversary Diamond Jubilee Independence Day 2023 took place at the meeting hall of the Union Government's office in Nay Pyi Taw at 2 pm today, addressed by Chairman of the Central Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

The meeting was attended by Central Committee members Union Ministers, the chairman of Nay Pyi Taw Council, the Chief of the General Staff (Army, Navy and Air), the Nay Pyi Taw Command commander, deputy ministers, senior military officers from the Office of the Commander-in-Chief (Army) and officials while other Central Committee members attended it via video link.

Addressing the meeting, the Vice-Senior General said the first meeting was held to make preparations for holding the diamond jubilee of Independence Day. Measures must be taken to celebrate it at a national level and on a grand scale.

Looking back to history, although there have been successive governments since Myanmar regained independence on 4 January 1948, the country still has to suffer an ill legacy of internal instability due to different political, racial and religious ideologies resulting from the colonialists' divide-and-rule policy adopted during the pre-independence period. To be able to discard such different ideologies and seek common ground through cooperation, the SAC, since its duty assumption, formed the National Solidarity and Peacemaking Central Committee, Work Committee and Coordination Committee and invited both NCA signatories and non-signatories of the ethnic armed organizations in April 2021. At the peace negotiation table, the Prime Minister himself had received individual organizations and discussed policy issues while the work coordination teams had held open bilateral discussions to seek solutions. Meanwhile, the Prime Minister is overseeing the measures to adopt and implement two national tasks—national prosperity and food security. The aim is not only to understand and accept the different ideologies and discard such differences but also to build a Union based on multi-party democracy and federalism. Therefore, in celebrating the 75th Anniversary Independence Day, measures must be taken in accord with the abovementioned policies.

The country's independence was not easily won and obtained. For more than a hundred years from the period of losing independence to the period of regaining independence, our ethnic brothers and sisters paid a lot of lives, blood and sweat. Although the independence may be lost in a day or a morning, a lot of resources have been sacrificed to regain independence. The celebration must be carried out in order to ensure that the efforts to regain independence are not forgotten and to maintain and strengthen the sovereignty gained. The belief and sentiments must be shaped and enshrined that the preservation of the country's independence and sovereignty is the responsibility of all Myanmar people, including the younger generation.

Similarly, during the period of independence, the country has not progressed as much as it should because of the instability and unrest that arose with independence. The situation where the country can enjoy development and prosperity only through peace and stability, as well as the two national goals set by the Prime Minister today to bring about this change, and the multi-party democratic system that the entire people are shaping. They must also shape the construction of a union based on democracy and a federal system.

Therefore, the celebration will be carried out with five national objectives. The five national objectives are the strengthening of a disciplined multi-party democratic system, the construction of a union based on democracy and federalism, doing our best to ensure the country's prosperity and food security as national goals, building a better country and socio-economic life according to the slogan "Keep moving forward to achieve our goal" with the national interest in mind, efforts to strengthen national unity and union peace, the successful holding of a free and fair multi-party democratic general election and the establishment of an electoral system in which all ethnic groups can have proportional representation.

The central committee has been formed to hold the celebration in a grand and lively manner in accordance with the national level. Further, the working committee and the necessary sub-committees must be formed and the activities must be coordinated and managed in details after today's meeting.

While undergoing preparation for the ceremony to mark the Diamond Jubilee Independence Day and during the ceremony, measures on COVID-19 prevention and control are to be systematically taken. In respect of the security sector, assessments must be made from all sides and every point of view to ensure 100 percent security and not to suffer any breach.

As this is a rare chance for the people who will participate in the Diamond Jubilee Independence Day ceremony, those people are to be given assignments in a persuasive way so that they will feel honoured to have such a chance. Ministries and members of region and state governments are to go that way too. All the officials are urged to work all together to be able to successfully hold the Diamond Jubilee Independence Day Ceremony.

Afterwards, members of the Central Committee presented sector-wise reports on formation of the committee to hold the Diamond Jubilee Independence Day Ceremony and respective working committees, preparations and tasks to be done further.

Then, the Secretary of the Central Committee obtained the confirmation on forming the committee to hold the Diamond Jubilee Independence Day Ceremony and other working committees.

The Vice-Senior General made coordination on the reports and gave necessary instructions. 100

Chinese diplomat involved in protester attack, says UK MP

Beijing October 19

One of China's most senior UK diplomats was involved in violence against protesters at the Manchester consulate on Sunday, a British MP says.

"What we saw was the Chinese consul-general then ripping down posters and peaceful protest," Alicia Kearns told MPs in the House of Commons.

MPs in Parliament have privilege, allowing them to speak freely without fear of legal action.

China has not commented on Zheng Xiyuan's alleged involvement.

But the foreign ministry in Beijing defended the actions of consulate staff.

Spokesman Wang Wenbin said on Tuesday that people had "illegally entered" the grounds and any country's diplomats would have taken "necessary measures" to protect their premises.

The UK's foreign office summoned Chinese chargé d'affaires Yang Xiaoguang - the deputy to the ambassador who is currently not in the UK - to demand an explanation for what happened at the consulate. However, an official was sent in the deputy's place.

A foreign office statement said it was reiterated at Tuesday's meeting that all diplomats and consular staff based in the UK must respect the UK's laws and regulations.

The official Chinese version of what happened is at odds with video footage and statements from police. Officers had to pull back a protester as he was being attacked after he had been dragged inside the consulate gate.

BBC

နိုင်ငံတကာစစ်မှုရေးရာအမြှာမြှာ

ယူကရိန်းစစ်ဘက်က Kherson ဒေသတွင် တင့်ကားအစီးရေ ၃၂၀၊ တပ်ဖွဲ့ဝင် ၉၈၀၀ ဆုံးရှုံးခဲ့ရ

ယူကရိန်းစစ်ဘက်က Kherson ဒေသတွင် တင့်ကားအစီးရေ ၃၂၀ အပါအဝင် တပ်ဖွဲ့ဝင်ဦးရေ ၉၈၀၀ နှင့် စက်လက်နက်ပစ္စည်းအခု ၁၅၉၀ ကို ပြီးခဲ့သည့် ခြောက်ပတ်အတွင်း ဆုံးရှုံးခဲ့ကြောင်း အောက်တိုဘာ ၁၇ ရက်တွင် Kherson ဒေသ၏ ယာယီလက်ထောက်အုပ်ချုပ်ရေးမှူး Kirill Stremousov က ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့ခြောက်ပတ်အတွင်း မအောင်မြင်တဲ့ တန်ပြန်ထိုးစစ်ကြီးပမ်းမှုတွေ ဘယ်လောက်ရှိခဲ့တယ်ဆိုတာ ရုရှားကာကွယ်ရေးဝန်ကြီးဌာနရဲ့ စာစောင်တွေမှာ ယူကရိန်းနာဇီတွေရဲ့ တင့်ကားအစီးရေ ၃၂၀ လောက် ဆုံးရှုံးခဲ့တာတွေ၊ ခြေလျင်တိုက်ခိုက်ရေးယာဉ် IFV ၂၅၀ လောက်၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ် ၅၄၂ စီး၊ စက်သေနတ်တင်ပစ်ကပ်ယာဉ် ၃၃၅ စီး၊ လေယာဉ် ၃၆ စင်းနဲ့ ရဟတ်ယာဉ်ခုနစ်စင်းတို့ ဆုံးရှုံးခဲ့တာတွေ၊ ယူကရိန်းနာဇီတွေ အနေနဲ့ Kherson ဒေသတစ်ခုတည်းမှာ စုစုပေါင်း စစ်လက်နက်၊ စက်ပစ္စည်း ကိရိယာ ၁၅၉၀ ကျော်ဆုံးရှုံးခဲ့တာတွေ ပြီးတော့ ကြေးစားစစ်သားတွေအပါအဝင် စစ်သည်ဦးရေ ၉၈၀၀ ဆုံးရှုံးခဲ့တာတွေကို Channel One ရုပ်သံလိုင်းတွင် Kirill Stremousov က ပြောကြားခဲ့သည်။

Kherson ဒေသရှိ ယူကရိန်းတပ်ဖွဲ့များ၏အောင်မြင်မှုနှင့် ဆုံးရှုံးမှုများဆိုင်ရာ သတင်းများမှာမမှန်ကြောင်း Stremousov က ပြောကြားခဲ့သည်။

"တကယ်တော့ သူတို့အားလုံးက အတုတွေပဲ။ Kherson ဒေသ၏အခြေအနေသည် အပြည့်အဝထိန်းချုပ်နိုင်ဆဲဖြစ်သည်"ဟု Kirill Stremousov က ပြောကြားခဲ့သည်။

အောက်တိုဘာ ၁၅ ရက်တွင် ယူကရိန်းတပ်များသည် Kherson ဒေသသို့ ထိုးစစ်ဆင်ရန် ချီတက်လာသည်ဟု Stremousov က အစောပိုင်းတွင် ပြောကြားခဲ့သည်။ သို့သော် ရုရှားတပ်ဖွဲ့များသည် ယူကရိန်းကို ထိုးစစ်ဆင်ရန် အခွင့်အရေးမပေးခဲ့ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။ ယူကရိန်းတပ်ဖွဲ့များသည် Kherson ဒေသတွင် ရုရှားတို့၏ကာကွယ်ရေးခံစစ်စည်းကို ဖြတ်ကျော်ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သော်လည်း ရုရှားတပ်များက ထိန်းသိမ်းဟန့်တားထားနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

Official says Ukraine lost 320 tanks, 9,800 troops in Kherson Regi on over past six weeks ကို ဘာသာပြန်ဆိုပါသည်။

ယူကရိန်းစစ်ဆင်ရေးအတွင်း ကွပ်ကဲရေးစခန်းနှစ်ခုနှင့် ခဲယမ်းမီးကျောက်သိုလှောင်ရုံခြောက်ရုံ ရုရှား ပယ်ရှားရှင်းလင်းနိုင်ခဲ့

"ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ရုရှားတိုက်ခိုက်ရေးလေယာဉ်၊ ဒုံးကျည်နှင့် အမြောက်တပ်များသည် ယူကရိန်းစစ်ဘက် ကွပ်ကဲမှုဌာနချုပ်နှစ်ခု၊ ခဲယမ်းမီးကျောက်သိုလှောင်ရုံ ခြောက်ရုံကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရသူ ဒုတိယဗိုလ်ချုပ်ကြီး Igor Konashenkov က အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

"လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း စစ်ဆင်ရေးနည်းဗျူဟာနဲ့ ကြည်းတပ်လေကြောင်းတပ်ဖွဲ့၊ ဒုံးကျည်နဲ့ အမြောက်တပ်ဖွဲ့တွေက Kharkov ဒေသရှိ Dvurechnaya အခြေချနေထိုင်ရာနေရာတွေနဲ့ Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ Drobyshevo နယ်မြေတွေရှိ ကွပ်ကဲမှုဌာနချုပ်နှစ်ခုကို တိုက်ခိုက်ခဲ့ပါတယ်။ Kharkov ဒေသရှိ Figolevka၊ Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ Verkhnekamenskoye နဲ့ Soledar၊ Nikolayev ဒေသရှိ Novogrigorovka၊ Kherson ဒေသရှိ Davydov-Brod နဲ့ Novopetrovka နယ်မြေတွေရှိ ခဲယမ်းမီးကျောက်များထားသိုရာ နေရာခြောက်ခုကိုလဲ ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပါတယ်"ဟု Igor Konashenkov က ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့ဝင်များသည် နယ်မြေ ၁၂၇ တွင် တပ်ဖြန့်စွဲရာနေရာများ၊ တပ်ဖွဲ့ဝင်များစုစည်းရာနှင့် စစ်ဘက်ဆိုင်ရာ ပစ္စည်းများကို တပ်ဖြန့်တိုက်ပွဲဝင်သည့် နေရာများရှိ ယူကရိန်းအမြောက်တပ်ဖွဲ့ရင်း ၃၉ ခုကိုတိုက်ခိုက်ခဲ့ကြောင်း၊ ရုရှားတပ်ဖွဲ့များသည် ယူကရိန်းရှိ အထူးစစ်ဆင်ရေးအတွင်း စစ်ဘက်ကွပ်ကဲမှုဌာနချုပ်များနှင့် စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အအုံနေရာများကို တိကျပဲ့ထိန်းလက်နက်များဖြင့် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်း Igor Konashenkov က ပြောကြားခဲ့သည်။

Kherson ဒေသရှိ ခုခံကာကွယ်ရေးခံစစ်စည်းကို ဖြတ်ကျော်ရန် ယူကရိန်းစစ်ဘက်၏ကြိုးပမ်းမှုကို ရုရှားတပ်ဖွဲ့များက တားဆီးနိုင်ခဲ့ပြီး စစ်သွေးကြွ ၁၀၀ ကျော်ကို ဖယ်ရှားပစ်ခဲ့သည်ဟု Igor Konashenkov ကဆိုသည်။

"Nikolayev-Krivoi Rog လမ်းကြောင်းမှာ Kherson ဒေသရှိ Bruskinskoye အခြေချရာနယ်မြေရှိ ကာကွယ်ရေး(ခံစစ်စည်း)ကို ဖြတ်ကျော်ဖို့ ယူကရိန်းတပ်ဖွဲ့တွေရဲ့ကြိုးပမ်းမှုကို ရုရှားတပ်ဖွဲ့တွေက ဟန့်တားနိုင်ခဲ့ပါတယ်။ ယူကရိန်းစစ်သည် ၁၀၀ ကျော်၊ တိုက်ခိုက်ရေးသံချပ်ကာယာဉ် ၁၃ စီးနဲ့ မော်တော်ယာဉ် ရှစ်စီးတို့ကိုဖျက်ဆီးနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

Russian forces wipe out two command posts in Ukraine operation, top brass reports (https://tass.com/ politics/ 1523737) ကို ဘာသာပြန်ဆိုပါသည်။

ရုရှားတပ်ဖွဲ့များက ယူကရိန်းစစ်ဆင်ရေးတွင် Harpoon-3 သေနတ်များကို အောင်မြင်စွာအသုံးပြုနိုင်ခဲ့

ရုရှားတပ်ဖွဲ့များသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် မောင်းသူမဲ့ဒရုန်းများကို တိုက်ခိုက်ရန် Harpoon-3 တန်ပြန်ဒရုန်းတိုက်ဖျက်ရေးသေနတ်များကို အောင်မြင်စွာအသုံးပြုနိုင်ခဲ့ကြောင်း ပြည်တွင်းကာကွယ်ရေးအသိုင်းအဝိုင်း သတင်းရင်းမြစ်တစ်ခုက TASS သို့ အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

"ရုရှားတပ်ဖွဲ့များသည် မောင်းသူမဲ့ဒရုန်းများကို တိုက်ခိုက်ရန်အတွက် နောက်ဆုံးပေါ် Harpoon-3 တန်ပြန်ဒရုန်းတိုက်ခိုက်ရေးသနတ်များကို အောင်မြင်စွာအသုံးပြုလျက်ရှိသည်။ ရန်သူဒရုန်းများကို လျှပ်စစ်သံလိုက်လှိုင်း (electromagnetic pulse)ဖြင့် တိုက်ခိုက်ဖျက်ဆီးခြင်းဖြစ်သည်"ဟု သတင်းရင်းမြစ်ကဆိုသည်။ ဒရုန်းတိုက်ဖျက်ရေးလက်နက်များသည် အလွန်ထိရောက်ပြီး အလွယ်တကူ လုပ်ဆောင်နိုင်သည်ဟု သိရသည်။

ဒရုန်းဆီသို့ သေနတ်တွင် တပ်ဆင်ထားသည့် အင်တင်နာက ညွှန်ပြပေးခြင်းဖြစ်ပြီး ပျံသန်းနေသောဒရုန်းယာဉ်၏ အီလက်ထရွန်နစ်စနစ်များသည် တည်နေရာကို ဆုံးဖြတ်နိုင်စွမ်းမရှိသည့်အပြင် ၎င်း၏အော်ပရေတာနှင့် အဆက်အသွယ်ပြတ်တောက် သွားစေမည်ဖြစ်ကြောင်း၊ စက်၏ချို့ယွင်းချက်များ မရှိစေရန်လည်း လုပ်ဆောင်ထားကြောင်း၊ ယူကရိန်းစစ်ဆင်ရေးတွင် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးသေနတ်များကို မည်သည့်ဒေသများတွင် ဖြန့်ကြက်အသုံးပြုနေသည်ကိုမူ ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း၊ သို့သော်လည်း Stupor လျှပ်စစ်သံလိုက်လှိုင်းစနစ်ကို ယူကရိန်းတွင် ရုရှားတပ်များက ပထမဆုံးအကြိမ် အသုံးပြုခဲ့ကြောင်း TASS သတင်းရင်းမြစ်က ဇူလိုင်လက ပြောကြားခဲ့သည်။

Harpoon-3 တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို Automation and Programming Technologies Company က ဒီဇိုင်းထုတ်လုပ်တီထွင်ထားခြင်းဖြစ်သည်။ စနစ်၏ ပထမဆုံးရှေ့ပြေးပုံစံကို လွန်ခဲ့သောနှစ်များစွာက ထုတ်ဖော်ပြသခဲ့သည်။ ပိုမိုကောင်းမွန်သော ဝိသေသလက္ခဏာများနှင့် လုပ်ဆောင်ချက်အသစ်များပါရှိသော Harpoon-2M ဗားရှင်းကို ၂၀၁၉ ခုနှစ် ကတည်းက စစ်လက်နက်ပြပွဲများတွင် ထုတ်ဖော်ပြသခဲ့သည်။ အဆင့်မြှင့်တင်ထားသော Harpoon-3 တန်ပြန်ဒရုန်းကာကွယ်ရေးစနစ်ကို ပြီးခဲ့သည့်နှစ်က မော်စကိုမြို့ အပြင်ဘက် MAKS-2021 လေကြောင်းပြပွဲတွင် ထုတ်ဖော်ပြသခဲ့သည်။

Russian troops successfully use Harpoon-3 anti-drone guns in Ukraine operation — source ကို ဘာသာပြန်ဆိုပါသည်။

မင်းမျိုး

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငရုတ်ကေ ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မုံရွာ အောက်တိုဘာ ၁၉

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငရုတ်စိုက်ပျိုးမှုအနေဖြင့် ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငရုတ်စိုက်ပျိုးမှုအနေဖြင့် ၆နှစ်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ငရုတ်ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ငရုတ်စိုက်ပျိုးမှုတွေကတော့ တိုးတက်လာပါတယ်။ ချောင်ဦး၊ ယင်းမာပင်ဘက်တွေမှာ ပြည်ပကို တင်ပို့ဖို့ စိုက်ပျိုးတာတွေလဲရှိလာပါတယ်။ ငရုတ်စိုစိုက်ပျိုးပြီး ကုန်ထုတ်လုပ်ဖို့အတွက် ဒီနှစ်ဆောင်းကာလမှာ တိုးချဲ့စိုက်ပျိုးသွားမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငရုတ်စိုက်ပျိုးပြီးစီးမှု အနေဖြင့် မော်လိုက်ခရိုင်တွင် ၄၄ ဧက၊ ခန္ဓီးခရိုင်တွင် ၆၇ ဧက၊ ဟူမွလင်းခရိုင်တွင် ၂၀၅ ဧက၊ နာဂ ဒေသတွင် ၇၈၇ ဧက၊ မုံရွာခရိုင်တွင် ၁၀၄၂ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၁၀၇ ဧက၊ ရွှေဘိုခရိုင်တွင် ၁၄၄ ဧက၊ ရေဦးခရိုင်တွင် ၂၁၆ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၂ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၂၉၁ ဧက၊ ကသာခရိုင်တွင် ၁၀၂ ဧက၊ ကောလင်းခရိုင်တွင် ၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ငရုတ်စိုက်ပျိုးသည့် တောင်သူများအနေဖြင့် ငရုတ်အထွက်နှုန်းကောင်းရေး၊ ဈေးကွက်ရရှိရေး စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရေး၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငရုတ်သီးနှံသည် ၁၅ ရက်လျှင် တစ်ကြိမ်ဖြင့် ခြောက်လထိ ခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိသာချိန် ၁၀၀ ခန့်ထွက်ပြီး နောက်အပတ်များတွင် ပိသာ ၄၀၀ နှင့် ၅၀၀ ကြား ထွက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

ဘုရင့်နောင် ဆန်စပါးကုန်စည်ဒိုင်တွင် တစ်ရက်လျှင် ဆန်သစ်အိတ်ရေ တစ်သိန်းခန့် ဝင်ရောက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးစပါးများ ထွက်ရှိလာပြီဖြစ်သောကြောင့် ရန်ကုန်မြို့ရှိ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်)တွင် တစ်ရက်လျှင် ဆန်သစ် ၂၄ ပြည်ဝင်အိတ်ရေ တစ်သိန်းခန့် ဝင်ရောက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် သက်ရင့်မျိုးများဖြစ်သော ဆင်းသုခ၊ မနောသုခနှင့် ရတနာတိုးဆန်များ ထွက်ပေါ်လာချိန်ဖြစ်သောကြောင့် ယခုရက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်)တွင် နေ့စဉ်ဆန်သစ်အိတ်ရေ တစ်သိန်းခန့် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိမှာတော့ မိုးစပါးတွေက ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီး အရှေ့၊ အနောက်တွေ

ကလဲ ပေါ်နေပါတယ်။ အခုမိုးစပါးပေါ်တဲ့ရာသီအချိန်မှာတော့ ဘုရင့်နောင်ကုန်စည်ဒိုင်ကို တစ်ရက်ကို ဆန်အိတ်ပေါင်း တစ်သိန်းလောက်ဝင်တယ်။ သက်ရင့်မျိုးတွေဖြစ်တဲ့ မနောသုခတို့၊ ရတနာတိုးတို့ အဝင်များပါတယ်။ လက်ရှိစျေးအနေအထားအရဆိုရင် အဲဒီဆန်နှစ်မျိုးက အတူတူလောက်ရှိတယ်။ အများအားဖြင့် ဆင်းသုခမျိုးစပါးတွေကပိုပေါတယ်။ သူကသက်တမ်းတိုတော့ အရင်ဆုံးပေါ်တယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)မှ အတွင်းရေးမှူး ဦးသန်းဦးက ပြောပြသည်။

ယခုအခါ မိုးစပါးများထွက်ပေါ်လာပြီဖြစ်သော်လည်း သက်ရင့်စပါးပေါ်ချိန်နှင့် သက်ကြီးစပါးပေါ်ချိန်ကွာခြားမှုရှိသည့်အတွက် ဥရောပစျေးကွက်ဝင် သက်ကြီးစပါးမျိုးများ စျေးကွက်အတွင်းသို့ လာမည့်နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ဝင်ရောက်နိုင်ကြောင်း သိရသည်။

မိုးယဉ်(ဥတ္တလာ)

ရမည်းသင်းမြို့နယ် ဝါးရုံတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ရမည်းသင်း အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းပုံပိုးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဝါးရုံတောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာစိုး၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ဝါးရုံတောကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာစိုးက လမ်းရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဝါးရုံတောကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၄၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို Cash For Work (CFW)စီမံကိန်းပုံပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် သြဂုတ်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ဝါးရုံတောကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဖြိုးထက်အောင်(ဟျော်ဘွယ်)

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

သက်ရှိကမ္ဘာကြီး ရှင်သန်ရပ်တည်ဖို့...
သဘာဝတောတောင်များ ထာဝရတည်တံ့စေဖို့...
သင့်ဘဝ သန့်ရှင်းကျန်းမာလုပစေဖို့...
နေ့စဉ်နှင့်အမျှ ရှားပါးလာသော
အဖိုးတန်ရေချိုကို ချွေတာကြပါစို့။

မန္တလေးမြို့ ကုန်စည်စျေးနှုန်းများ

၁၉-၁၀-၂၀၂၂

ရွှေ

၁၆ပဲရည် (တစ်ကျပ်သား)	ကျပ်	၂၅၉၃၀၀၀
၁၅ပဲရည် (တစ်ကျပ်သား)	ကျပ်	၂၄၉၂၀၀၀

(ခွဲထက်ရွှေဆိုင်၏ စျေးနှုန်းများသာဖြစ်ပါသည်။)

ဆန်

ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်)	ကျပ်	၈၂၀၀၀/၈၅၀၀၀
ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်)	ကျပ်	၇၂၀၀၀/၇၅၀၀၀
ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်)	ကျပ်	၇၀၀၀၀/၇၃၀၀၀
မဂျမ်းတော(အသစ်) (တစ်အိတ်)	ကျပ်	၅၃၀၀၀/၅၆၀၀၀
မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်)	ကျပ်	၄၂၀၀၀/၄၅၀၀၀
နွေဇီယာ(အသစ်) (တစ်အိတ်)	ကျပ်	၄၁၀၀၀/၄၅၀၀၀
မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်)	ကျပ်	၃၅၀၀၀/၃၉၀၀၀

စားဆီ

ပဲဆီ (တစ်ပိသာ)	ကျပ်	၁၁၀၀၀/၁၂၀၀၀
နှမ်းဆီ (တစ်ပိသာ)	ကျပ်	၁၀၀၀၀/၁၁၀၀၀
နေကြာဆီ (တစ်ပိသာ)	ကျပ်	၁၂၀၀၀/၁၃၀၀၀
စားအုန်းဆီ (တစ်ပိသာ)	ကျပ်	၅၈၃၅/၅၈၅၀

စက်သုံးဆီ

ဒီဇယ်(ရိုးရိုး) (တစ်လီတာ)	ကျပ်	၂၃၆၅
ဒီဇယ်(ပရီမီယံ) (တစ်လီတာ)	ကျပ်	၂၈၄၀
မာတ်ဆီ(တစ်လီတာ)	ကျပ်	၁၉၈၀
အောက်တိန်း(၉၂) (တစ်လီတာ)	ကျပ်	၂၀၂၅
အောက်တိန်း(၉၅) (တစ်လီတာ)	ကျပ်	၂၀၈၅

(သာ စက်သုံးဆီဆိုင်၏ စျေးနှုန်းများသာဖြစ်ပါသည်။)

အိမ်ဆောက်ပစ္စည်းစျေးနှုန်းများ

ဘိလပ်မြေ

အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၂၀
AAA အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၀၀
Apache အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀
Crown အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၂၀၀
ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀

သံချောင်း

တစ်မတ်လုံး (တစ်တန်)	ကျပ်	၁၇၀၀၀၀၀
ငါးမူးလုံး (တစ်တန်)	ကျပ်	၁၄၀၀၀၀၀
သုံးမူးလုံး(တစ်တန်)	ကျပ်	၁၃၁၀၀၀၀
ခြောက်မူးလုံး (တစ်တန်)	ကျပ်	၁၂၉၀၆၀၀
ကျပ်လုံး (တစ်တန်)	ကျပ်	၉၉၈၀၀၀

အိမ်မိုးသွပ်

(၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၁၀၀
(၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၂၅၀
(၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၄၀၀

(၁၉၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀۲۲ ခုနှစ် နိုဝင်ဘာ ၅ ရက်နေ့တွင် ကျောက်မျက်ရတနာ အရောင်ထည်အရောင်းပြခန်းများကို ကြည့်ရှုခဲ့စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀۲۲ ခုနှစ် နိုဝင်ဘာ ၅ ရက်နေ့မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြသထားသော ၄ သောမ ၅ တန်ရှိ ကျောက်စိမ်းတုံးကို ကြည့်ရှုခဲ့စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀۲۲ ခုနှစ် နိုဝင်ဘာ ၅ ရက်နေ့မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ ပြသထားသော ၄ သောမ ၅ တန်ရှိ ကျောက်စိမ်းတုံးကို ကြည့်ရှုခဲ့စဉ်။

နိုင်ငံတော်အတွက် နိုင်ငံခြားငင်ငွေရှိ ရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးပြစ်ထွန်းမှုများ ရရှိနိုင်ရေးနှစ်အတွက် တူးဖေါ်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့

P3 ရှေ့မျက်နှာဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀۲۲ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ရောင်းချရန် မဂၢဇိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများ၊ ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းနိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးကြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားငင်ငွေရှိ ရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးပြစ်ထွန်းမှုများ ရရှိနိုင်ရေးနှစ်အတွက် တူးဖေါ်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀۲۲ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပြသထားသောကျောက်စိမ်းအတွဲကို ကြည့်ရှုခဲ့စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀۲۲ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပြသထားသောပုလဲအတွဲများကို ကြည့်ရှုခဲ့စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀۲۲ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ၊ အခြေခံအဆောက်အအုံများ၊ ပြသထားသောကျောက်စိမ်းအရောင်ထည်အရောင်းပြခန်းများကို ကြည့်ရှုခဲ့စဉ်။

၂၀۲۲ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအစမ်းအနားတက်ရောက်လာကြသူများ ပြသထားသောကျောက်စိမ်း အရိုင်းအတွဲများကို ကြည့်ရှုခဲ့စဉ်။

ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ် မှစတင်၍ အောင်မြင်စွာကျင်းပခဲ့ကြောင်း၊ ယနေ့ပြပွဲတွင် ပုလဲအတွဲများအတွက် ကြမ်းစင်းများကို အမေရိကန်ဒေါ်လာမြင့် သတ်မှတ်ထားရခြင်း၊ ရွေးပေးရေးကို ပြည်ပရောနာ ကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ရွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရောနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်ကြောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းစင်းနေးကို ယူရိုဇွန်ဖြင့် သတ်မှတ်ထားရခြင်း ပြည်ပရောနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ယူရို၊ယွမ်ငွေ၊ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရောနာ ကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေသွားရမည်ဖြစ်ကြောင်း၊ ပုလဲအတွဲများ အတွက် အနိမ့်ဆုံးအခြေခံရေးနှာအမေရိကန် ဒေါ်လာ ၁၀၀၀ ပြမ်းပြီး ကျောက်မျက်အတွဲများအတွက် အနိမ့်ဆုံးအခြေခံရေးနှာ ယူရို ၅၀၀ ပြမ်းကြောင်း၊ ကျောက်မျက်ရတနာ ကုန်သည်များ ကျပ်ငွေဖြင့်လည်းကောင်း ပေးချေသွားရမည်ဖြစ်ကြောင်း၊ ပုလဲအတွဲများ အတွက် အနိမ့်ဆုံးအခြေခံရေးနှာအမေရိကန် ဒေါ်လာ ၁၀၀ ပြမ်းပြီး ကျောက်မျက်အတွဲများအတွက် အနိမ့်ဆုံးအခြေခံရေးနှာ ယူရို ၅၀၀ ပြမ်းကြောင်း၊ ကျောက်စိမ်းအရောင်ထည် အတွဲများ အတွက် အနိမ့်ဆုံးအခြေခံရေးနှာ ယူရို ၁၀၀၀နှင့် ကျောက်စိမ်းအိုင်းအတွဲများ အတွက် အနိမ့်ဆုံးအခြေခံရေးနှာ ယူရို၄ ၅၀၀ ပြမ်းကြောင်း။

ယနေ့ပြုလုပ်သည့် ၂၀۲۲ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဘောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်ထိ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့်ကျောက်စိမ်း အတွဲပေါင်း ၂၅၅ ထိကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ မဂၢဇိရတနာကျောက်စိမ်းခန်းမ အတွင်း ပုဂ္ဂလိကကျောက်မျက်ရတနာအရောထည် အရောင်းပြခန်းများလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

ကျောက်မျက်ရတနာ၊ ကျောက်စိမ်း၊ ပုလဲ ရေနံမြေ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်ကျော်ကတော့ ယခုကျင်းပသည့် ကျောက်မျက်ရတနာ၊ ကျောက်စိမ်း၊ ပုလဲ ရောင်းချပွဲ ကျင်းပခြင်းသည် ကမ္ဘာ့ကျော်ကြားသော ကျောက်မျက်ရတနာ ကုန်သည်ကြီးများ ရောက်ရှိလာကြပြီး ကိုယ်စားပြုကုမ္ပဏီများ ပူးပေါင်းပြီး ကမ္ဘာ့ကျော်ကြားသော ကျောက်မျက်ရတနာ ကုန်သည်ကြီးများ ရောက်ရှိလာကြ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွင့် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ရောက်ရှိကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်အခြေအနေကို ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွင့် အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွင့် အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း ပေါက်ကွဲမှုဖြစ်ပွားရာမှ ဒဏ်ရာရရှိခဲ့သူတစ်ဦးကို ထောက်ပံ့ငွေများ ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွင့်သည် ယနေ့နေ့လယ်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ရောက်ရှိစစ်ဆေးသည်။

ထိုသို့ရောက်ရှိစစ်ဆေးစဉ် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ က အကြမ်းဖက်သမားများ၏ ပါဆယ်ထုပ်အတွင်း လက်လုပ်မိုင်းထည့်သွင်းကာ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ခဲ့သမြင့် အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဝင်ထွက်ဝိတ်ပေါက်ရှိ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံအတွင်းနှင့် အပြင်ဘက်တို့တွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့မှုကြောင့် အကျဉ်းထောင်ဝန်ထမ်း သုံးဦးနှင့် အကျဉ်းသားများအတွက် ပါဆယ်ထုပ်လာရောက်ပေးပို့သူများဖြစ်ကြသည့် အရပ်သားပြည်သူ ငါးဦး စုစုပေါင်း ရှစ်ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ အချင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြပြီး အကျဉ်းထောင်ဝန်ထမ်း ငါးဦးနှင့် အရပ်သားပြည်သူ ၁၃ ဦး စုစုပေါင်း ၁၈ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဖြစ်စဉ်မှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် အချင်းဖြစ်ရပ်အခြေအနေကို အသေးစိတ်သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အင်းစိန်ဗဟိုအကျဉ်းထောင် အစည်းအဝေးခန်းမ၌ ပေါက်ကွဲမှုဖြစ်ပွားစဉ် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အကျဉ်းထောင်ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များကို တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ အကျဉ်းထောင်တာဝန်ရှိသူများနှင့် လုံခြုံရေးဆိုင်ရာညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အင်းစိန်မြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ အကျဉ်းထောင်ပေါက်ကွဲမှုဖြစ်စဉ်အတွင်း သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူများကို တွေ့ဆုံပြီး နှစ်သိမ့်အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုဗိုလ်ချုပ်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒုဗိုလ်ချုပ်ဆုရရှိခဲ့သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု သေနတ်ပစ်အသင်းကို ကြိုဆိုဂုဏ်ပြု

နေပြည်တော် အောက်တိုဘာ ၁၉

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးထံ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု သေနတ်ပစ်အသင်းမှ တာဝန်ရှိသူများက တံခွန်စိုက်ဒုဗိုလ်ချုပ်ဆုကို အပ်နှံစဉ်။

၂၀၂၂ ခုနှစ် အကြိမ် (၆၀)မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒုဗိုလ်ချုပ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒုဗိုလ်ချုပ်ဆုရရှိခဲ့သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု သေနတ်ပစ်အသင်းအား ကြိုဆိုဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၂ ခုနှစ် အကြိမ် (၆၀)မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒုဗိုလ်ချုပ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒုဗိုလ်ချုပ်ဆုရရှိခဲ့သည့် တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုသေနတ်ပစ်အသင်းမှ တာဝန်ရှိပြုသေနတ်ပစ်အသင်းကို တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ရိုးရာအက၊ အလှများဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုသေနတ်ပစ်အသင်းမှ တာဝန်ရှိသူများက တံခွန်စိုက်ဒုဗိုလ်ချုပ်ဆုကို အပ်နှံရာ တိုင်းမှူးကလက်ခံရယူသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု သေနတ်ပစ်အသင်းကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးလူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းမှူးက တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီးလိုက်လံမျှော်ကြည့်ကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ဆက်လက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုသေနတ်ပစ်အသင်းအနေဖြင့် ၂၀၂၂ ခုနှစ် အကြိမ် (၆၀)မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒုဗိုလ်ချုပ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲတွင် အမျိုးသား စက်သေနတ်-၁ ပြိုင်ပွဲ၌ ရွှေတံဆိပ် နှစ်ဆု၊ အမျိုးသား ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် လေးဆုနှင့် ငွေတံဆိပ် တစ်ဆု၊ အမျိုးသား လေရိုင်ဖယ်ပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ဆု၊ အမျိုးသမီး ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးဆု၊ အမျိုးသမီး လေပစ္စတိုပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ အမျိုးသမီး ကာဘိုင်ပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ဆုတို့ရရှိခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၃၄ သင်းတွင် အဆင့် ၁ ဖြင့် တံခွန်စိုက်ဒုဗိုလ်ချုပ်ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၁၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၇ ဦးတွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး

နေပြည်တော် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃,၂၆၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၇ ဦးတွေ့ရှိပြီး ယနေ့တွင် တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်း၀ဲ)**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း	၆,၂၉၆,၅၃ ဦး
သေဆုံးသူ	၁,၉၄,၇,၂ ဦး
ဆေးရုံဆင်းခွင့်ရရှိသူ	၆,၀၃,၂၆၀ ဦး

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ ဆုရရှိခဲ့သူများနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းပေးခဲ့

နေပြည်တော် အောက်တိုဘာ ၁၉

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ မန္တလေးတိုင်းဒေသကြီး အတွင်းမှ ဆုရရှိခဲ့သူများနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းပေးခဲ့ပွဲကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ယနေ့ညနေပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် ဦးတည်ချက်(၉)ရပ်ထဲမှ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို မမျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည်အတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲမှရရှိသည့် အားသာချက်၊ အားနည်းချက်များကို ပြန်လည်ဆင်ခြင်သုံးသပ်၍ ယခုထက်ပိုမိုထူးချွန်ထက်မြက်အောင်ဆက်လက်ကြိုးစားရမည်ဖြစ်ကြောင်းဖြင့် မြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ပွဲဝင်များအတွက် ကျန်းမာရေး အထောက်အကူပြုဆေးပစ္စည်းများနှင့် ကူညီပံ့ပိုးခဲ့သူ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက ပြိုင်ပွဲယှဉ်ပြိုင်ခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ဆောင်ရွက်ပေးခဲ့ကြသော ဒိုင်အဖွဲ့နှင့် အုပ်ချုပ်သူအဖွဲ့များကို အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကာ ပထမဆုကို ထိုက်တန်စွာရရှိခဲ့သည့် ရာမယဏာ ဇာတ်တော်ကြီး၏ ဇာတ်ဝင်ခန်းအချို့ကိုပြသခဲ့ပြီး မြို့မတီးဝိုင်းက တေးသီချင်းများဖြင့် ညည်းခံဖျော်ဖြေတင်ဆက်ကာ ဂုဏ်ပြုညစာဖြင့် တည်ခင်းပေးခဲ့သည်။

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် မန္တလေးတိုင်းဒေသကြီး အတွင်းမှ ဝင်ရောက်ယှဉ်ပြိုင်သူဦးရေ ၂၂၀ ရှိကာ ပြိုင်ပွဲအမျိုးအစားအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြရာ စုစုပေါင်းဆုတံဆိပ် ၈၈၃ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

ရောဝတီတိုင်းဒေသကြီးအတွင်း လက်နက်၊ ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုချီးမြှင့်

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုရိုးမြှင့်ငွေများ ပေးအပ်ရိုးမြှင့်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

ရောဝတီတိုင်းဒေသကြီးအတွင်း လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများထံမှ လက်နက်၊ ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုခံရိုးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဖမ်းဆီးရမိလက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

"နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" အဖြစ် "ဥမ္မာဒန္တီ" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြားခွဲ ပြသမည်

နေပြည်တော် အောက်တိုဘာ ၁၉

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာရသ စွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ်နေနေ့ညတိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ "ဥမ္မာဒန္တီ" ဇာတ်တော်(အပိုင်း-၁)ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွာစား ဝါးခယ်မစိန်မုန့်လုံး၏တီးခတ်မှုနှင့်အတူ တင်မောင်ဆန်းမင်းဝင်း၊ ဘွန်း၊ ရေကြည်ချမ်းမြ၊ ထက်ကို၊ ဆန်းနေအောင်တို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက် စနေနေ့ည ၈နာရီ သတင်းအပြီးည ၉ နာရီခန့်နှင့် အောက်တိုဘာ ၂၆ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီး ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တို့တွင် မြန်လည်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

"တူယှဉ်ဇွဲပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(ဃ) ပွဲစဉ်(၈)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် (Live) ပြသမည်

နေပြည်တော် အောက်တိုဘာ ၁၉

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်ဇွဲပျော်ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ် ၁၈ ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှစတင်ပြီး အပတ်စဉ်သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချီးပြီး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံ တေးဂီတအဖွဲ့နှင့်တွဲဖက်၍ သရုပ်ဆောင်၊ တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဠာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲ၏အုပ်စု(ဃ) ပွဲစဉ်(၈)ကို အောက်တိုဘာ ၂၁ ရက်၊ သောကြာနေ့ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ကရင်ပြည်နယ်မှ စောရဲရဲ၊ ကချင်ပြည်နယ်မှ လလဆွတ်၊ မွန်ပြည်နယ်မှ ယွန်းလေး၊ မန္တလေးတိုင်းဒေသကြီးမှ ညွှန့်ညွှန့်ဇော်၊ ပဲခူးတိုင်းဒေသကြီးမှ မြမြသက်၊ ရောဝတီတိုင်းဒေသကြီးမှ မေသဲစု၊ မကွေးတိုင်းဒေသကြီးမှ အောင်ခိုင်စိုး၊ ရှမ်းပြည်နယ်မှ အင်ကြင်းမေနှင့် နေပြည်တော်မှ ပူတူးစုစုပေါင်းပြိုင်ပွဲဝင် ကိုးဦးတို့၏ စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ည ၈နာရီ သတင်းများအပြီးတွင် MRTV-HD မှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို အောက်တိုဘာ ၂၃ ရက် တနင်္ဂနေ့၊ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်လျှာသက်နိုး ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်လျှာသက်နိုးဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီကျင်းပသည်။

အစည်းအဝေးသို့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခုနှစ် ကထိန်အလှူခံကျောင်းအဖြစ် ရဟန်း၊ သာမဏေ ၃၀၆ ပါးရှိသည့် မစိုးရိမ်တိုက်သစ်ကျောင်းတိုက်ကို ရွေးချယ်ထားပြီး အခမ်းအနားသို့ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီး နှစ်ပါး၊ ဒေသခံပင့်သံယာတော်များဖြစ်သည့် ဥပ္ပါတသန္တိ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၀ ပါး၊ နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်ဆရာတော်ကြီး သုံးပါး၊ နေပြည်တော် သံယနာယကအဖွဲ့ ဆရာတော်ကြီး ငါးပါးနှင့် ကထိန်အလှူခံကျောင်းတိုက်မှ ဆရာတော်ကြီး ခုနှစ်ပါး စုစုပေါင်း ဆရာတော်ကြီး ၂၇ ပါးတို့ကို လျှာထား၍ ပင့်ဆောင်ပြီး ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆပ်ကော်မတီနှင့် ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကာ တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကထိန်လျှာသက်နိုးဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားကြီးဖြစ်၍ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး ဆပ်ကော်မတီအသီးသီးတို့က အထူးကြိုးစားပြီး ဆောင်ရွက်ပေးကြရန်နှင့် စေတနာသဒ္ဓါတရားထည့်၍ ကုသိုလ်ယူဆောင်ရွက်ပေးကြရန်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်း၀ဋ်)**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် အောက်တိုဘာ ၁၉

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါ၀င်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူဦးရေ ၉၀၊ ရောဝတီကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၃၆၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၄၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက Mask များ အစမဲ့ပေးဝေလှူဒါန်းစဉ်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့် ငဖဲမြို့ တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဝိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၂၁၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၆၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၂၄ ဦး၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ဒေသခံပြည်သူဦးရေ ၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများ

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT) အမှတ်စဉ် (၈/၂၀၂၂) သင်တန်းဆင်းပွဲ ကျင်းပ



မန္တလေး အောက်တိုဘာ ၁၉

မန္တလေး ပညာရေးဒီဂရီကောလိပ်မှ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT) အမှတ်စဉ် (၈/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ ၄၅၈ ဦးတက်ရောက်ကြပြီး အခမ်းအနားကို ဂုဏ်ပြုသီချင်းသီဆို၍ ဖွင့်လှစ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် နိုင်ငံ၏အနာဂတ်လူငယ်များအတွက် မျိုးဆက်သစ် ဆရာ၊ ဆရာမများ မွေးထုတ်ပေးနိုင်သည့်နေ့တစ်နေ့ဖြစ်ပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရတော့မည်ဖြစ်ကြောင်း၊ တွေ့ကြုံရမည့်စိန်ခေါ်မှုများကို အသိတရားဖြင့် စဉ်းစားဆင်ခြင်ကာ မှန်ကန်သော အသိစိတ်ဓာတ်ဖြင့် ရည်မှန်းချက်ပန်းတိုင် ရောက်အောင် သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT) အမှတ်စဉ် (၈/၂၀၂၂)သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေကျပ် ၄၅၈၀၀၀ နှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်စာအုပ်များကို ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်ပြီး ဂုဏ်ပြုဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

နေပြည်တော် အောက်တိုဘာ ၁၉

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလ အတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာန

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို နယ်မြေစံတပ်မတော်သားများက သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

ဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ အောက်တိုဘာ ၁၇ ရက်မှ ယနေ့ထိ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပန်းတနော်မြို့၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ချင်းပြည်နယ် ဟားခါးမြို့နယ်နှင့် မတူပီမြို့နယ်တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီဟင်းရွက်များကို နယ်မြေခံတပ်မတော်သားများက သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

ဒေသတွင်း စိုက်ပျိုး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ စစ်တွေတပ်နယ် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ၌ ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ သည် စစ်တွေတပ်နယ် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ၌ DYL ဝက် မွေးမြူထားရှိမှုနှင့် ဥစားကြက်မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် ခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ရတနာပြပွဲတွင် ပုလဲအတွဲ ၄၀၀၊ ကျောက်မျက်အတွဲ ၁၂၀ နှင့် ကျောက်စိမ်းအတွဲ ၂၁၅၀ တို့ကို ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကို လည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုပြပွဲ၌ ပုလဲအတွဲများကို ယနေ့တွင် စတင်ခင်းကျင်းပြသပြီး အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် လည်းကောင်း၊ ကျောက်မျက်အတွဲများကို အောက်တိုဘာ ၂၂ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်ထိ လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် လက်ပံပြန့်ကျေးရွာနေ မြတ်နိုးအောင်သည် ၎င်းအသုံးပြုသည့် "Myat Noe Aung" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင်၌ ပေါက်ကွဲမှုဖြစ်ပွားပြီး အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းအချို့နှင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရ

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင်၌ ပေါက်ကွဲမှုဖြစ်ပွား၍ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းအချို့နှင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဗဟိုအကျဉ်းထောင်၏ ဝင်ထွက်ဝိတ်ပေါက်ရှိ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံအတွင်းနှင့် အပြင်ဘက်တို့တွင် အကြမ်းဖက်သမားများ၏ ပါဆယ်ထုပ်များအတွင်း မိုင်းများထည့်သွင်းဖောက်ခွဲခဲ့မှုကြောင့် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရသည်။

အဆိုပါပေါက်ကွဲမှုများကြောင့် အချင်းဖြစ်နေရာအနီးတွင် တာဝန်ဝတ္တရားများ ဆောင်ရွက်လျက်ရှိကြသည့် အကျဉ်းထောင်တပ်သားများဖြစ်သည့် ကျော်ဇင်ဦး၊ ချစ်မိုးဝေနှင့် ပိုးအိစံ၊ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လာရောက်ပေးပို့သူများဖြစ်ကြသည့် ဒေါ်သင်းသင်းချို ၅၄ နှစ်၊ ၃၃ နှစ်၊ ဒေါ်ဇာခြည်လွင်(ခ)မလုံးစီ ၄၃ နှစ်၊ မအေးစန္ဒာစိုး ၂၁ နှစ်၊ ဒေါ်မျိုးပပဝင်း ၄၁နှစ်၊ မမေသွန်းနဒီနိုင် ၁၇ နှစ်၊ ဒေါ်နော်ဝါးဖော ၅၀ နှစ်၊ မဆွေသူအောင် ၂၉ နှစ်၊ မင်ခမာဝင်း ၃၄နှစ်၊ ဒေါ်မိုးသီတာ ၅၃နှစ်စုစုပေါင်း ၁၈ ဦးတွင် မိုင်းစထိမှန်ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကာ လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာအား မယွန်းမီမီကျော် ၁၀ နှစ်၊ ဒေါ်သိန်းကြွယ် ၅၆ နှစ်နှင့် စိစစ်ဆဲ အမျိုးသမီး နှစ်ဦးစုစုပေါင်း ရှစ်ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ အချင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြပြီး အကျဉ်းထောင်လက်ထောက်ကြီးကြွပ်ရေးမှူး(၁) ဒေါ်သိုဝင်းမြင့်၊ အကျဉ်းထောင်တပ်သား ဇေယျာခင်စိုး၊ ထွန်းထွန်းနိုင်၊ သူရိန်ထွေး၊ သဒ္ဓါဖူးကိုကိုနှင့် အကျဉ်းသားများအတွက် ပါဆယ်ထုပ် လာရောက်ပေးပို့သူများဖြစ်ကြသည့် မောင်ဖြိုးသူသျှ (ခ)ပိုင်ပိုင် ၉နှစ်၊ ကိုရန်နိုင် ၃၅ နှစ်၊ ကိုစည်သူအောင် ၃၈ နှစ်၊ မောင်ပြည့်စုံဖြိုး ၁၇ နှစ်၊ကိုထက်နိုင်ထွန်းရှိန် ၃၃ နှစ်၊ ဒေါ်ကျိုးရှင်(ခ)မလုံးစီ ၄၃ နှစ်၊ ဒေါ်ဝေါ်ရီ ၂၁ နှစ်၊ ဒေါ်ကျိုးပပဝင်း ၄၁ နှစ်၊ ဒေါ်ကျော်ဝေ ၃၀ နှစ်၊ ဒေါ်ခင်ကြီ ၅၃ နှစ်၊ ဒေါ်ကြီးကြီးမိုး ၂၁ နှစ်၊ ဒေါ်ကြီးကြီးမိုးနှင့် ကိုကိုမိုးတို့ ဖြစ်ကြပြီး ဒဏ်ရာရရှိသူ ၁၆ ဦးကို ရန်ကုန်ဗဟိုအထူးကုဆေးရုံ၊ ရန်ကုန်ဗဟိုကလေးဆေးရုံ၊ ရန်ကုန်ဗဟိုမီးသတ်ဌာန ဆေးရုံ၊ ရန်ကုန်ဗဟိုကျန်းမာရေးဌာန ဆေးရုံ၊ ရန်ကုန်ဗဟိုကုသရေးဌာန ဆေးရုံ၊ ရန်ကုန်ဗဟိုကုသရေးဌာန ဆေးရုံ(ခ)ခွဲ ကုသပေးနေကြောင်း ကိုးကားပြီး ဗဟိုအကျဉ်းထောင်ရှိ ဝန်ထမ်းများ ဆောင်ရွက်ခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အဆောက်အအုံအတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ပိုးထားသည့် ပါဆယ်ထုပ်အတွင်းမှ လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိသိမ်းဆည်းရမိသဖြင့် သက်မဲ့ပြုလုပ်ရှင်းလင်းခဲ့ပြီးဖြစ်စဉ်တွင် အကျဉ်းထောင်ဝန်ထမ်းများနှင့် အပြစ်မဲ့အရပ်သားပြည်သူများအား သေဆုံးထိခိုက်ဒဏ်ရာများရရှိစေခဲ့သည့် အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ပါဆယ်ထုပ်အတွင်းမှ တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် လက်လုပ်မိုင်းမှတ်တမ်းဓာတ်ပုံ။

တရားမဝင်သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ သန့်စင်ခန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာလမ်းဆုံတွင် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ၊ အိန္ဒိယနိုင်ငံထုတ် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့်ဆေးဝါးများ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၇ဝ၄၉၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် YUTON အမျိုးအစား မော်တော်ယာဉ်တစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ဝ၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅ဝ၀၄၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဦးဆောင်သောပူးပေါင်းအဖွဲ့က လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းဆုံအနီးတွင် Nissan Murano အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅ဝ၀၀၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က လှည်းကူးမြို့နယ် စံပြကျေးရွာအရှေ့ဘက် တစ်မိုင်ခန့်အကွာ လယ်ကွင်းစပ်တွင် တရားမဝင်ကျွန်းသစ်လုံး ၁ ဒသမ ၁၂၇၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ဝ၀ဝ၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ဝ၅၂ဝ၀ဝ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်မြို့နယ် ပိတောက်ပင်ကျေးရွာအုပ်စုမြောက်ဘက် ကြီးတိုင်း-ညောင်ဇစ်ကျေးရွာ သွားကားလမ်းအနီးတွင် တရားမဝင်ကျွန်းခွဲသားဆိုဒ်စုံ ၁ ဒသမ ၅၈ဝ၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၅၆၇၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ပုသိမ်မြို့နယ်အတွင်း တရားမဝင်တောင်သရက်ခွဲသား ၇ ဒသမ ၅၇ဝ၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၉၉၀ ကို သစ်တောဥပဒေအရလည်းကောင်း၊ ဖျာပုံမြို့နယ်အတွင်း Toyota Succeed အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃ဝ၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၉၉၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေဖူအမြတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှမန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းနှင့် အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၄၅၅ဝ၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် JIN BEI Mini Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ဝ၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၄၅ဝ၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ဒယ်အိုး ၂၃၂ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၁ဝ၈ဝ၀၆ဝ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄ဝ၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄ဝ၈ဝ၀၆ဝ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သန့်စင်ခန်းသုံးပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ဝ၀ဝ၀ဝ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၂၃ ဒသမ ၄၃၉၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၈၃၃ဝ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၇ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၅ မှမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁ဝ၈ဝ၂၈၄၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာလက်ဝှေ့ဥပဒေများ လက်ဝှေ့သမားတိုင်းနားလည်ထား

ရှေဘုံဘာမထီခင်အောင်

တစ်နိုင်ငံလုံးမှာရှိနေကြတဲ့ လက်ဝှေ့သမားတွေ၊ လက်ဝှေ့နည်းပြဆရာတွေ သိစေချင်လွန်းလို့ ဒီဆောင်းပါးကို ကျွန်တော်ရေးလိုက်ရတာဖြစ်ပါတယ်။

ဥပဒေကိုနားမလည်ကြလို့ ထုတ်ပယ်ခံရကြ

ကျွန်တော်ကိုယ်တိုင် ၁၅ နှစ် လက်ဝှေ့ထိုးသတ်ခဲ့လို့ အတွေ့အကြုံ တော်တော်များများရှိခဲ့ပါတယ်။ အမှတ်ပေးဒိုင် (Judges)အဖြစ်လဲ နှစ်ပေါင်းများစွာ လုပ်ခဲ့ပါတယ်။ အဲဒီအတွေ့အကြုံတွေကို ကျွန်တော် ကောက်နုတ်ပြီး ရေးပြလိုက်ပါတယ်။

ကျွန်တော်က ညစ်တာမကြိုက်ဘူး။ ကျွန်တော့်ကို ညစ်ရင်လဲ မခံတတ်ဘူး။ ကျွန်တော် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ သတ္တုတွင်းဝန်ကြီးဌာန လက်အောက်မှာ တာဝန်ထမ်းရွက်ခဲ့စဉ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က အမှတ်ပေးဒိုင်(Judges) တာဝန်ကို ပေးခဲ့တဲ့အတွက် ရန်ကုန်အောင်ဆန်းအားကစားကွင်းရှိ လက်ဝှေ့ပြိုင်ပွဲရုံမှာ ကျင်းပခဲ့တဲ့ လက်ဝှေ့ဝိုလ်လုပွဲတွေမှာ အမှတ်ပေးဒိုင်အဖြစ် (စေတနာ့ဝန်ထမ်းလုပ်ကိုင်ပေးခဲ့ပါတယ်။) ရှစ်နှစ် လုပ်ပေးခဲ့ပါတယ်။

ရှမ်းလက်ဝှေ့သမားလေးအထုတ်ပယ်ခံရမှု

တိုင်းနဲ့ပြည်နယ် လက်ဝှေ့ဝိုလ်လုပွဲဖြစ်ပါတယ်။ Final ည နောက်ဆုံးဝိုလ်လုပွဲ ပွဲစဉ်မှာကျွန်တော်က ဒိုင်အမှတ် (၅) ခုံမှာ တာဝန်ကျပါတယ်။ ရှမ်းပြည်နယ်နဲ့ ရန်ကုန်တိုင်း ဝိုလ်လုရမှာပါ။ အမှတ်ပေးဒိုင် (၁) က ရန်ကုန်ဒိုင်၊ အမှတ်ပေးဒိုင် (၂) ကလဲ ရန်ကုန်ဒိုင်၊ အမှတ်ပေးဒိုင် (၃) က မန္တလေးဒိုင်၊ အမှတ်ပေးဒိုင် (၄)က ပဲခူးဒိုင်၊ အမှတ်ပေးဒိုင် (၅)က ရန်ကုန်ဒိုင် (ဘာမထီခင်အောင်)ပါ။

ရှမ်းက ရန်ကုန်ကို ပထမအချီ၊ ဒုတိယအချီ တတိယအချီပြီးခါနီးထိ အမှတ်နဲ့ အနိုင်ရနေပါတယ်။ ဒါပေမဲ့ ရန်ကုန်က ငုံအတိမ်း နောက်စေ့ကိုထိုးမိသွားတော့ ရန်ကုန်တိုင်းက ကြိုးဝိုင်းဒိုင်က ချက်ချင်း Stop ဆိုပြီး နောက်စေ့ကို ထိုးတယ်ဆိုကာ ထုတ်ပယ်အရှုံးပေးလိုက်သဗျ။ "ဟာ" ခနဲ့ဖြစ်သွားရတယ်။ တကယ်တော့ ထုတ်ပယ်အရှုံးမပေးရဘူး။ Warning (သတိ)ပဲ ပေးရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းနဲ့ပြည်နယ်(စီ)အဆင့်တွေ ဖြစ်လို့ပါ။ နှမြောလိုက်တာဗျ။ အဲဒါညစ်ပတ်နည်းဗျာ။ ရှမ်းလက်ဝှေ့သမားလေးက နောက်စေ့ကို တမင်ထိုးတာမှ မဟုတ်တာ။ ပြီး(စီ)အဆင့်တွေဖြစ်နေလို့ Warning လောက်ပဲ အပြစ်ပေးရမယ်။ ထုတ်ပယ်တာက တရားလွန်တယ်။

အဲဒီညက လက်ဝှေ့ပွဲအပြီး လက်ဖက်ရည်ဝိုင်းမှ ရှမ်းပြည်နယ်က လက်ဝှေ့သမားလေးကို ထုတ်ပယ်ပစ်ခဲ့တဲ့ ကြိုးဝိုင်းဒိုင်ကို ကျွန်တော်က "မင်းလူညစ်ပဲကွ။ ရှမ်းကိုမထုတ်ရဘူး။ Warning လောက်ပဲပေးရမှာ။ မင်းဥပဒေနားမလည်ပါဘူး။ မင်းက ရန်ကုန်တိုင်း ဒိုင်းရဖို့လုပ်လိုက်တာ၊ ညစ်လိုက်တာပဲ။ ရန်ကုန်တိုင်းက အခုရတဲ့ဒိုင်းကြီးက ညစ်ယူတဲ့ဒိုင်းကြီးပဲ" လို့ပြောတော့ သူကျွန်တော့်ဘေးက ထွက်သွားတယ်။ ၁၉၅၁ ခုနှစ်ကတည်းက ကျွန်တော်နဲ့တစ်ခေတ်တည်း လက်ဝှေ့ထိုးလာခဲ့တဲ့ မြန်မာ့လက်ရွေးစင်ပေါ့။

ကျွန်တော်က ညစ်တာကို လုံးဝ(လုံးဝ)မကြိုက်ဘူး။ ကျွန်တော်လဲပဲ အညစ်ခံရတဲ့လက်ဝှေ့သမားဖြစ်လို့မို့ ကိုယ်ချင်းစာမိတာပါ။ လက်ဝှေ့ဝိုလ်လုပွဲတစ်ပွဲဝင်တော့မယ်ဆိုရင် လေးလမျှ မနက်ရောရောက်ပြီး ခြေနဲ့သွေးနဲ့အလွန်ပဲ အပင်ပန်းခံပြီး လေ့ကျင့်ခဲ့ရပါတယ်။ ဥပမာ-မနက် ၄ နာရီထပြီး နှစ်မိုင် နေ့စဉ်ပြေးရတယ်။ ညနေ လေ့ကျင့်ရင် နှစ်နာရီ လေ့ကျင့်ရပါတယ်။ အဲဒါ တစ်လမှာ ၂၆ ရက်လေ့ကျင့်ရလေရဲ့။ အဲဒါ လေးလလုံးလုံးလေ့ကျင့်ပြီးခါမှ ပွဲဝင်ကြရတာပါ။ သွေးတွေ၊ ချွေးတွေ အများကြီးကျခဲ့ရတဲ့ လက်ဝှေ့အားကစားပါ။ အဲဗျာ၊ ရှမ်းပြည်နယ်က လက်ဝှေ့သမားလေး သုံးချီစလုံး အမှတ်နဲ့အနိုင်ရနေပြီးခါမှ ပွဲပြီးခါနီး စက္ကန့် ၃၀ အလို ထုတ်ပယ်ခံရလေတော့ ကျွန်တော်စိတ်ထိခိုက်ခဲ့ရ၊ နှမြောလို့မဆုံး။ ရှမ်းကလေး ရန်ကုန်လက်ဝှေ့ကြိုးဝိုင်းအတွင်းမှ ငိုပြီးဆင်းသွားရရှာတယ်။ ကနေ့ဆို ၃၇ နှစ်ရှိပါပြီ။ ကျွန်တော်မျက်စိထဲက ကနေ့ထိ မထွက်ပါဘူး။

> ❖ ကျွန်တော်က ညစ်တာကိုလုံးဝ(လုံးဝ)မကြိုက်ဘူး။ ကျွန်တော်လဲပဲ အညစ်ခံရတဲ့လက်ဝှေ့သမားဖြစ်လို့မို့ ကိုယ်ချင်းစာမိတာပါ။ လက်ဝှေ့ဝိုလ်လုပွဲတစ်ပွဲဝင်တော့မယ်ဆိုရင် လေးလမျှ မနက်ရောရောက်ပြီး ညနေပါ ချွေးနဲ့သွေးနဲ့အလွန်ပဲ အပင်ပန်းခံပြီး လေ့ကျင့်ခဲ့ရပါတယ်။ ဥပမာ-မနက် ၄ နာရီထပြီး နှစ်မိုင် နေ့စဉ်ပြေးရတယ်။ ညနေလေ့ကျင့်ရင် နှစ်နာရီ လေ့ကျင့်ရပါတယ်။ အဲဒါ တစ်လမှာ ၂၆ ရက်လေ့ကျင့်ရလေရဲ့။ အဲဒါ လေးလလုံးလုံး လေ့ကျင့်ပြီးခါမှ ပွဲဝင်ကြရတာပါ။ သွေးတွေ၊ ချွေးတွေအများကြီးကျခဲ့ရတဲ့ လက်ဝှေ့အားကစားပါ။ ❖

သိက္ခာမရှိတဲ့အလုပ်မလုပ်ဘူး

ကျွန်တော်ဘာမထီခင်အောင် ရန်ကုန်တိုင်း လက်ဝှေ့အမှတ်ပေးဒိုင်လူကြီးအဖြစ်မှ နုတ်ထွက်တဲ့စာကို အဖွဲ့ချုပ်ဆီ တင်လိုက်တယ်။ သိက္ခာမရှိ ရန်ကုန်တိုင်း ဒိုင်းကြီးရရှိဖို့အတွက် ရန်ကုန်တိုင်းက ကြိုးဝိုင်းဒိုင်၊ အမှတ်ပေးဒိုင်တွေ ဝိုင်းဝန်းပြီး ညစ်ပေးနေမှုကို မလိုလားလို့ ထွက်ခြင်းဖြစ်ကြောင်းနဲ့ ဥက္ကဋ္ဌထံပြုပြင်သင့်တဲ့အရာတချို့ကို စာတင်ခဲ့ပါတယ်။

ကြားဒိုင်တွေကိုသာတာဝန်ချပေးရေး

ရန်ကုန်တိုင်းနဲ့ မန္တလေးတိုင်းက လက်ဝှေ့သမားထိုးရတဲ့ပွဲစဉ်မှာ ရန်ကုန်၊ မန္တလေးက အမှတ်ပေးဒိုင်၊ ကြိုးဝိုင်းဒိုင်တွေကို တာဝန်လုံးဝ (လုံးဝ)ချမပေးပါဘဲ။ (က) ဥပမာ- (၁) စစ်ကိုင်း၊ (၂) ရောဝတီ၊ (၃) ရှမ်း၊ (၄) တချင်၊ (၅) မကွေး အမှတ်ပေးဒိုင်ငါးယောက်၊ ကြိုးဝိုင်းဒိုင်ကို မွန်ပြည်နယ်အားချပေးသင့်ပါကြောင်း၊ (ခ) ဥပမာ-စစ်ကိုင်းတိုင်းနဲ့ ရောဝတီတိုင်း ထိုးပြိုင်ရရင် (၁) ရန်ကုန်၊ (၂) မန္တလေး၊ (၃) ကချင်၊ (၄) ကယား၊ (၅) ရခိုင်တို့က အမှတ်ပေးဒိုင်၊ ကြိုးဝိုင်းဒိုင် အဖြစ် ချင်းတာဝန်ချပေးသင့်ပါကြောင်း၊ (ဂ) ဥပမာ-တိုင်းနဲ့ပြည်နယ် လက်ဝှေ့ဝိုလ်လုပွဲမတိုင်မီ နှစ်လအလို တိုင်းနဲ့ပြည်နယ်က လက်ဝှေ့နည်းပြဆရာတွေကို ရန်ကုန်ဗဟိုလက်ဝှေ့အဖွဲ့ချုပ်က အမှတ်ပေးဒိုင်၊ ကြိုးဝိုင်းဒိုင်သင်တန်းပေးအပ်ပါကြောင်း၊ (ဃ) ဥပမာ-အဲဒီသင်တန်းဆင်း လက်ဝှေ့နည်းပြဆရာတွေက မိမိရဲ့တိုင်းနဲ့ပြည်နယ်က လက်ဝှေ့သမားတွေကို လက်ဝှေ့ဥပဒေတွေပဲဖြစ်ဖြစ်၊ အင်္ဂလိပ်လို လက်ဝှေ့ဝေါဟာရတွေပဲဖြစ်ဖြစ် သင်တန်းပေးသင့်ပါကြောင်း၊ (င) ဥပမာ-လက်ဝှေ့ပြိုင်ပွဲတစ်ရပ်ပြီးတဲ့နောက် အစည်းအဝေးထိုင်ပြီး သုံးသပ်ချက် (အဆိုး၊ အကောင်း) ထုတ်သင့်ပါကြောင်း၊ (စ) ဥပမာ-ပွဲတိုင်းဘက်လိုက်လေ့ရှိတဲ့ကြိုးဝိုင်းဒိုင်၊ အမှတ်ပေးဒိုင်တွေကို ပယ်ထုတ်သင့်ပြီဖြစ်ကြောင်း အကြံပြုစာတင်ခဲ့တယ်။ နုတ်ထွက်စာနဲ့အတူ။

ဘာမထီခင်အောင် ဘယ်တော့မှ အောင်ဆန်းကွင်းလက်ဝှေ့ပွဲကို လှည့်မကြည့်တော့ပါ။ ကျွန်တော် တိုင်းပြည်နဲ့လူမျိုးအတွက် အကြံပေးစာ ရေးခဲ့ခြင်းပါ။

ဝမ်းသာရသည်မှာ

ကျွန်တော် အကြံပြုစာကို ဗဟိုအားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ အတွင်းရေးမှူးဖြစ်သူ ဆရာဦးကျားဘည်မိုး NFC က ညွှန်ချုပ်ထံ ဆက်လက်တင်ပြရာ အကောင်အထည်ဖော်ကြောင်း ကျွန်တော်သိရပါတယ်။ လူကောင်းလူမှန်ကြီး ဆရာကျားဘည်မိုးအား ကျေးဇူးတင်မဆုံးပါ။ ဟံသာဝတီသတင်းစာမှာ **ဒိုင်လူကြီးများ တရားပါစေ**ခေါင်းစဉ်နဲ့ ဆောင်းပါးရေးခဲ့တယ်။ ထိမိပါတယ်။ အား/ကာ ညွှန်ချုပ်ကဖတ်ပြီး မှတ်ချက်ပေးခဲ့ကြောင်း သိရပါတယ်။

ကျွန်တော် အညစ်ခံရတဲ့ အင်းစိန်လက်ဝှေ့ပွဲ

၁၉၆၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် (ဆောင်းကာလ) (၁၂၆)ပေါင်တန်း အထူးပွဲ ပွဲစဉ် (၁၂)နောက်ဆုံးပွဲ အင်းစိန်မြို့ C.I.D ဝင်း။

ကျွန်တော်ရေးတဲ့ တစ်ကျပ်တန်လုံးချင်းဝတ္ထု **မချစ်ပြင်ပြင်**ဟာ ၁၉၆၃ ခုနှစ် ဩဂုတ်လက ထွက်နေပါတယ်။ ရန်ကုန် ၁၅၇ လမ်း၊ အမှတ်-၂၂၊ စန္ဒာဝင်းစာပေက ထုတ်ပေးတာပါခင်ဗျာ။ စာအုပ်တွေ သွားယူရင်း အင်းစိန်မှာတည်း၊ အင်းစိန်လက်ဝှေ့ပွဲဝင်ခွဲခြင်းပါ။ တိုတိုနဲ့လိုရင်း ရေးပါရစေတော့။ T. James နဲ့အတူ စိန်ခေါ်ပွဲပါ။ ပထမအချီ လွှတ်လို့ တစ်မိနစ်ကျော်ကျော်ရှိသေး။ ကျွန်တော်က အားရပါးရ ညာဖြတ်လက်သီး Right Cross ထိုးသွင်းလိုက်ရာ ဂျိမ်းရဲ့ဘယ်ဘက်မျက်ခုံး ဟက်တက်ကွဲပြတ်သွေးတေ့ါတေ့ါအပန်း "ကွဲပြီကွ"ဆိုပြီး ကြိုးဝိုင်းဒိုင် မစ္စတာအဲဗားရတ် (MR. EVEREST) ကို လှမ်းအကြည့်၊ ဂျိမ်းရဲ့လက်သီးပြင်းတစ်လုံး ဝင်လာတာကို မမြင်လိုက်၊ ကျွန်တော့်နှုတ်ခမ်းဆီ ဒိန်းခနဲ ဝင်ထိ၊ နှုတ်ခမ်းပြတ်သွားတယ်။ ကြိုးဝိုင်းဒိုင်ကပွဲကို Stop ဆိုပြီး ကျွန်တော့်ကို ချက်ချင်းအရှုံးပေးလိုက်တယ်။

ဂျိမ်းအရင်ကွဲတာဗျ။ အရင်ကွဲသူကို အရှုံးပေးရမှာဗျ။ ကျွန်တော်ငုံ့မခံပါ။ ကြိုးဝိုင်းဒိုင် မစ္စတာ အဲဗားရတ်နဲ့ ကြိုးဝိုင်းအတွင်းမှာ စကားများကြတော့တယ်။ ရှတ်ရှတ်သဲသဲပေါ့။ လက်ဝှေ့ပွဲကို ဦးဆောင်ကျင်းပတဲ့ ဆရာစောဆန်ဒီနဲ့ ဆရာသမန်မျှားဦးမြင့် (ရဲအရာရှိ)က သရေထားပြီး နှစ်ယောက်စလုံးကို တဘက်တစ်ထည်စီဆုပေးခဲ့တယ်။ တကယ်တော့ ကျွန်တော်နိုင်ရမဲ့ပွဲပါ။ ကျွန်တော်ထိုးလိုက်လို့ အရင်မျက်ခုံးပြတ်သူက ဂျိမ်းပါ။ ကျွန်တော်က ဒုတိယနှုတ်ခမ်းပြတ်ရသူပါ။ ကြိုးဝိုင်းဒိုင်က ဘက်လိုက်တာပါ။

ကျွန်တော်လဲ အညစ်ခံခဲ့ရဖူးကြောင်း ရေးပြလိုက်ပါတယ်။ အားကစားလောကက လူညစ်လူကျယ်တွေအကြောင်း နောင်အလျည်းသင့်မှ ဗဟုသုတရကြဖို့၊ သမိုင်းကိုသိကြစေဖို့ ရေးပြပါအုံးမယ်။ လူထုလူတန်းစား အသီးသီးအတွက်၊ အားကစားလောကအတွက် အကျိုးရှိမှ ကျွန်တော်ရေးပြမှာဖြစ်ပါတယ်ခင်ဗျာ။

0 w kw kd @

သံယောဇဉ်လှိုင်း

တောင်စိုး(ခင်ကြီး)

(၁)

"ညည်းတို့ကိုပြောထားမယ်။ ဇင်မင်းစိုးဆိုတဲ့ကောင်ကို ဒီနေ့ကစပြီး အိမ်ကို ဘယ်တော့မှမလာစေနဲ့။ ခွေးဖြစ်မဲ့ကောင်ဆိုတော့ ပြာပုံကိုပဲတိုးချင်တာ"

ညနေကျောင်းဆင်းချိန်တွင် တူမဖြစ်သူ ကလျာတင့်တစ်ယောက်တည်းငိုယိုကာ အိမ်သို့ပြန်လာသည်ကို အကြောင်းပြု၍ ဒေါ်ခင်မာမြင့်တစ်ယောက် ဒေါသူပုန်ထကာ တူဖြစ်သူဇင်မင်းစိုးကို ဆူပူကြိမ်းမောင်းနေသည်။ ဒေါ်ခင်မာမြင့်ဆိုသူမှာ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော် ခြောက်ဆယ်ခန့်ရှိသော အပျိုကြီးတစ်ယောက်ဖြစ်သည်။ သူ၏မိဘများမှာ သူအသက်လေးဆယ်ခန့်အရွယ်တွင် ဆုံးပါးသွားကြသည်။ သူနှင့် သူ့ညီမသုံးယောက် ကျန်ခဲ့သည်။ ဒေါ်ခင်မာမြင့်မှာ အစ်မကြီးအမိအရာဆိုသကဲ့သို့ သူ့ညီမသုံးယောက်၏ စားဝတ်နေရေးကို သူတစ်ယောက်တည်း အပင်ပန်းခံကာ လုပ်ကိုင်စောင့်ရှောက်လာခဲ့သည်။ ထို့ကြောင့်ပင် သူ့ညီမများအပေါ် သူ၏သြဇာသက်ရောက်မှုကြီးမားခဲ့သည်ဟု ဆိုရမည်။ သို့သော် ဒေါ်ခင်မာမြင့်အတွက် အခက်တွေ့ရသူမှာ သူ၏ညီမဖြစ်သူ မခင်မာတင့်ပင်ဖြစ်သည်။ မခင်မာတင့်သည် ဒေါ်ခင်မာမြင့် သဘောမကျသော မြင်းခြံနယ်သား ကိုဆန်းလွင်ထွန်းဆိုသူကို လက်ထပ်ပေါင်းသင်းသွားသည်။ အငယ်ဆုံးနှစ်ယောက်ဖြစ်သော ဆုမြတ်နွယ်နှင့်ဆုမြတ်သွယ်တို့ကား သူနှင့်စိတ်တူသူများဖြစ်ကြသည်။ သူတို့သည် ဒေါ်ခင်မာမြင့်ကဲ့သို့ အပျိုကြီးဘဝဖြင့်နေကြသည်။ ရရှိထားသော မိန်းမသားဘဝမှလွတ်မြောက်ရန် ဆုထူးပင် ပန်ထားကြလေသလားမပြောတတ်။ ဆုမြတ်နွယ်သည် သူတို့မြို့၏စျေးထဲတွင် အဝတ်အထည်ဆိုင်ဖွင့်ထားသည်။ အငယ်ဆုံးညီမဖြစ်သူ ဆုမြတ်သွယ်မှာ မူလတန်းပြကျောင်းဆရာမအလုပ်လုပ်သည်။ သူတို့သည် အလုပ်ချိန်မှအပ အပြင်အပထွက်လေ့မရှိ။ ထို့ကြောင့်လည်း ရပ်ကွက်သူ၊ ရပ်ကွက်သားများက အိမ်တွင်းပုန်းကုလားမတွေ့ဟု ခေါ်ကြသည်။

"ညီမလေးဆုမြတ်နွယ် ဟိုကောင်မအိမ်ကိုသွားပြီး ဇင်မင်းစိုးစီးတဲ့စက်ဘီးကို ယူလာခဲ့"

"အို. . . မမကြီးရယ် စိတ်လျှော့ပါ။ မမကြီးမကျေနပ်လို့ ဇင်မင်းစိုးကို အိမ်ကိုမလာစေနဲ့ဆိုလဲ ညီမတို့က အိမ်ကိုအလာမခံပါဘူး"

"အီ အဟီ"

သမီးလေး ကလျာတင့်မှာ အဒေါ်ဖြစ်သူများမှ သူ၏အစ်ကို ဇင်မင်းစိုးကို ဆူပူကြိမ်းမောင်းနေ၍ ငိုနေသည်လား သို့မဟုတ် ကျောင်းမှအစ်ကိုဖြစ်သူ နှင့်အတူပြန်လာရာ အိမ်ခြံဝရောက်မှ သူကိုထားခဲ့ကာ သူတို့မောင်နှမ၏ ဖေဖေ၊ မေမေတို့နှင့်အတူ နေရန်သွားလေသော အစ်ကိုဖြစ်သူကိုစိတ်ဆိုး၍ လားမပြောတတ် တအီအီငိုကြွေးနေ၏။

"သမီး မငိုနဲ့နော်။ သမီးအစ်ကိုဇင်မင်းစိုးကို သမီးတို့ဖေဖေအရက်သမားကြီးက နေ့တိုင်းရိုက်မှာသိလား။ သူဘာသာနေချင်နေပါစေ။ သမီးလေးက ဖေဖေအရက်သမားကြီးရဲ့အရိုက်မခံရအောင် အန်တီမေတို့ဆီ အတူနေနော်"

"ဟုတ်ကဲ့ပါ အန်တီမေ"

ဒေါ်ခင်မာမြင့်တစ်ယောက် တူမဖြစ်သူကို ချော့မော့ကာပြောရင်း တူမလေး၏မျက်နှာမှ မျက်ရည်များကိုသုတ်ပေးနေ၏။ သို့သော်လည်း သူ၏မျက်ဝန်းမှမျက်ရည်တို့သည်ကား စမ်းရေအိုင်တစ်ခုနှယ် တစိမ့်စိမ့်စီးဆင်းနေ၏။

တူဖြစ်သူ ဇင်မင်းစိုးအပေါ်တွင် ဖြစ်တည်နေသော ဒေါမနဿတရားတို့ကြောင့်ဖြစ်သည်။ ဆယ့်သုံးလေးနှစ်တိုင် ကျွေးမွေးစောင့်ရှောက်လာခဲ့ရပြီးမှ ယခုကဲ့သို့ သူတို့ကိုပစ်ခွာကာ မိဘအရင်းထံသို့ ပြန်သွားသည်ကို ယူကျုံးမရဖြစ်၍ ဝမ်းနည်းမျက်ရည်ကျနေခြင်းဖြစ်သည်။

ဒေါ်ခင်မာမြင့်သည် တူမလေး ကလျာတင့်ကို ပွေ့ဖက်ကာ မျက်ရည်များ စီးကျလျက်ရှိ၏။ ဒေါ်ခင်မာမြင့်၏မျက်နှာသည် သုန်မှုန်နေသည်။ သူ့စိတ်တို့သည် အတိတ်ဆီသို့ ပြန်လည်တွေးတောနေဟန်ရှိသည်။

(၂)

"အစ်မမြင့် ညီမလေးကို သုံးဘီးဆိုင်ကယ်တစ်စီးဝယ်ပေးပါလား။ မြင်းခြံဘက်ကို အထည်သွားရောင်းချင်လို့။ အထည်တွေတအားကြီးရောင်းကောင်းမှာသိလား မမ"

ညီမဖြစ်သူ မခင်မာတင့်၏နှုတ်မှ ပယ်ပယ်နယ်နယ်ပြောလိုက်သောစကားတစ်ခွန်းကြောင့် ဒေါ်ခင်မာမြင့်မှာ ရုတ်တရက်အံ့ဩသွားသည်။ ကိုယ့်မြို့ကိုယ့်စျေးကို ကျော်လွန်၍ အခြားမြို့သို့ ထိုးဖောက်ရောင်းချချင်သော ညီမဖြစ်သူ၏ အတွေးစိတ်ကူးကြောင့် ပင်ဖြစ်သည်။

နယ်ပယ်အသစ်ဆိုသည်မှာ ရောက်ရောက်ချင်း အဆင်ပြေဖို့မလွယ်။ အချိန်အတိုင်းအတာတစ်ခုတော့ ပေးဆပ်ရမည်။ သူများထက် စျေးချိုသာစွာရောင်းချနိုင်ရမည်။ အမြတ်အစွန်းကိုနည်းနည်းယူ၊ ကုန်ပစ္စည်းကို များများရောင်းနိုင်မှ စျေးဝယ်မိတ်များ ရရှိလာမည်ဖြစ်သည်ဟု ဒေါ်ခင်မာမြင့်တစ်ယောက် ညီမဖြစ်သူ၏ လုပ်ငန်းအပေါ် တစ်ဆက်တည်း ဖြည့်စွက်တွေးမိသည်။ သို့သော် သူနားမလည်သည်မှာ သုံးဘီးဆိုင်ကယ်ကိစ္စဖြစ်သည်။

"ဆိုင်ခန်းဝယ်ဖို့ကိစ္စမပြောဘဲ သုံးဘီးဆိုင်ကယ်ဝယ်ဖို့ပြောတာက ဘာအတွက်လဲ"

"ဒီလိုလေအစ်မရဲ့ ညီမအထည်ရောင်းမှာက မြို့ပေါ်စျေးထဲမဟုတ်ဘူးအစ်မရဲ့။ တောရွာတွေကို တစ်ရွာဝင်၊ တစ်ရွာထွက်လိုက်ရောင်းမှာ။ အဲဒါကြောင့် ဆိုင်ကယ်ဝယ်ဖို့ ပြောရတာပါ။ တောသူတောင်သားဆိုတာ နေ့စဉ် ယာအလုပ်၊ ကိုင်းအလုပ်တွေချည်းရှုပ်နေအောင် လုပ်နေရတာဆိုတော့ မြို့စျေးကို မလိုက်ဖြစ်ကြဘူး။ ညီမတို့လို အထည်သည်တွေက အခုလို ဝါကျွတ်ချိန်၊ အလျှုအတန်းပေါ်ချိန်တွေမှာ ရွာအရောက် ရောင်းချပေးလိုက်မယ်ဆိုရင် အထည်ထုပ်ဖြေလိုက်တာနဲ့ ဝါးတစ်ရာ လူတစ်ရာဆွဲဆိုသလို ချက်ချင်းကုန်သွားမှာ။ ရောင်းကောင်းမှာကို ညီမစိတ်ထဲမှာ မြင်နေလို့ပါအစ်မရယ်နော်လို့"

"ဟုတ်ပါပြီအေ ညည်းရဲ့စိတ်ကူးစိတ်သန်းတွေကို သဘောတော့ကျပါတယ်။ ဒါပေမဲ့ ညည်းပင်ပန်းမယ်နော်။ အစ်မဘက်ကတော့ ညီမလိုအပ်တာ ဖြည့်ဆည်းပေးဖို့အသင့်ပဲ"

(၃)

မြင်းခြံမြို့၏မြောက်ဘက် ဆူးလေကုန်းရွာကို မခင်မာတင့် ပထမဦးဆုံးဝင်ရောင်းကြည့်သည်။ ရွာထဲရောက်ရောက်ချင်း သူတည်းခိုမည့်အိမ်ကို ရွေးချယ်လိုက်သောအခါ ရွာအလယ်လည်းကျ၊ အိမ်အခြေအနေလည်းမခေလှသည့် ဦးဘဖေ၊ ဒေါ်နက်သာတို့အိမ်ကို ရွေးချယ်လိုက်သည်။ ခြံထဲဝင်စမ်းတော့ အိမ်သူ၊ အိမ်သားများမှာ ငေးကြောင်ကြောင်ဖြင့် သူကို ကြည့်နေကြသည်။ ထို့ကြောင့် ပါးနပ်လှသော မခင်မာတင့်မှာ သူ၏လာရင်းကိစ္စကို ရှင်းပြလိုက်သည်။ ထိုသောအခါမှ တစ်အိမ်သားလုံး ဝမ်းသာအယ်လဲဖြင့် ဘယ်သူရေ၊ ဘယ်ဝါရေ ဝမ်းတွင်းက အထည်သည်လာတယ်ဟေ့ဟု အိမ်နီးနားချင်းများကို အော်ဟစ်ခေါ်ယူပေးသည်အပြင် ရွာဆော်ကိုသာဒင်ကြီးကို ကွမ်းဝိုး၊ ဆေးဝိုးပေး၍ အသံချဲ့စက်နှင့် ဗျိုးဟစ်ဆော်ဩခိုင်းသည်။

ရွာဆော်ကိုသာဒင်ကြီးဗျိုးဟစ်ပြီး ခဏအကြာတွင် ဦးလေးဘဖေတို့အိမ်တွင် အထည်ဝယ်များတရှန်းရှန်းရောက်ရှိလာသည်။ မခင်မာတင့်မှာ မြင်းခြံနယ် ဆူးလေကုန်းရွာတစ်ကြောတွင် အထည်ရောင်းခဲ့သည်မှာ ငါးနှစ်တာကာလသို့ပင် ကြာလာခဲ့သည်။ ဆူးလေကုန်း၊ ဗောက်တော၊ ရွာမ၊ အင်းကြီး စသည့် ရွာများတွင် ခင်မာတင့်ကို မသိသူမရှိ။ အပျို၊ အအိုမကျန် အားလုံးက ချစ်ကြခင်ကြသည်။ သူမှာ ငွေစပင် အတော်အတန်စုမိဆောင်းမိဖြစ်လာခဲ့သည်။ လည်လည်ဝယ်ဝယ်ရှိလှသောသူကို တောသူဌေးတောင်သူကြီးများက သူတို့၏သားများနှင့် ပေးစားကာ ချွေးမတော်လိုကြသည်။ မခင်မာတင့်ကလည်း သည်အရပ်၊ သည်နယ်တွင် အိမ်ထောင်ဖက်ရွေးကာ အခြေချချင်သည့်ဆန္ဒရှိသည်။

(၄)

"ဘာပြောတယ် ညည်း အိမ်ထောင်ပြုတော့ မယ်ဟုတ်လား"

ဒေါ်ခင်မာမြင့်၏နှုတ်မှ ထွက်ပေါ်လာသော ဒေါသသံသည် နှစ်အိမ်ကျော်လောက်မှပင်ကြားနိုင်လောက်၏။ ညီမဖြစ်သူ မခင်မာတင့်ကတော့ ဟုတ်ကဲ့ဟူ၍ပင် ပြန်မပြော၊ ခေါင်းငိုက်စိုက်ချလျက်နေနေသည်။ ဒေါ်ခင်မာမြင့် ပြောသမျှ၊ ဆိုသမျှကို တစ်ခွန်းတစ်ပါဒမျှ စောဒကတက်ခြင်းမရှိ။ ကိုဆန်းလွင်ထွန်းဆိုသူမှာ မခင်မာတင့်အထည်ရောင်းနေသော မြင်းခြံမြို့နယ် ဆူးလေကုန်းရွာမှဖြစ်သည်။ ကိုဆန်းလွင်ထွန်း၏မိဘများသည် စီးပွားရေးအခြေအနေညံ့သူများမဟုတ်။ ဆူးလေကုန်းရွာ၏ ကြေးရတတ်စာရင်းဝင်လယ်ယာမြေများစွာ ပိုင်ဆိုင်ကြသည့် တောင်သူကြီးမျိုးဖြစ်သည်။ မခင်မာတင့်သည် သူလိုမြို့သူ ကုန်သည်တစ်ယောက်အနေဖြင့် တောသူဌေးလောက်တော့ လွယ်လွယ်နှင့်ရသင့်သည်ဟု တွက်ဆထားသည်။ သူမျှော်မှန်းထားသည့်နည်းတူ ရလည်းရခဲ့သည်။ ထို့ကြောင့် အစ်မဖြစ်သူ မည်သို့ပင်ပြောဆိုစေကာမူ ရအောင်ယူမည်၊ သူ့ကိုတစ်ချိန်ချိန်တွင် အံ့ဩသွားစေရမည်ဟု တွေးထားကာ ခေါင်းငုံ့ခံနေခြင်းလည်းဖြစ်နိုင်၏။

"ထားပါတော့ ညည်းယူမဲ့ယောကျ်ားက ဘယ်လိုအစားမျိုးထဲကလဲ။ ငါလိုက်ကြည့်လို့ရမလား"

"အခု သူ ညီမလေးတို့မြို့ကို လိုက်လာပါတယ်။ ညီမအိမ်ကိုခေါ်လာခဲ့ပါ့မယ်"

"ဩော်. . . ညည်းက ဒီအဆင့်ထိဖြစ်နေပြီကိုး။ နေတော့ ခေါ်မလာနဲ့တော့။ ညည်းထိုက်နဲ့ ညည်းကံပေါ့အေ။ ဒုက္ခတွေ့မှ အစ်မရယ်ကယ်ပါအုံးဆိုပြီး အိမ်ပြန်မလာခဲ့နဲ့။ အခု ညည်းမင်္ဂလာကိစ္စကိုလဲ ညည်းကြိုက်တဲ့နေ့ကိုစီစဉ်။ မင်္ဂလာပွဲပြီးရင်လဲ ညည်းကောင်နောက်ကို တစ်ခါတည်းလိုက်သွား ဒါပဲ"

(၅)

"အေးအတူပူအမျှ အပေးအယူ သူနဲ့ကျွန်မ အစအစညီပါရင် ကြည်သာပျော်ရွှင်ရေးတွေးမိတယ်ရှင်" ဟူသည့်သီချင်းစာသားကဲ့သို့ အိမ်ထောင်တစ်ခုကို အတွေးသက်သက်ဖြင့် စိတ်ကူးယဉ်တည်ဆောက်လိုက်သော မခင်မာတင့်မှာ သူထင်ထားသည့်အတိုင်းဖြစ်မလာ။ ကိုဆန်းလွင်ထွန်းသည် မိဘအိမ်တွင်နေကတည်းက ဘာတစ်ခုမျှ ကူဖော်လောင်ဖက်မရ။

စာမျက်နှာ ၂၅သို့ ➤

➤ **စာမျက်နှာ ၂၄မှအဆက်**

မိဘများအလိုလိုက်၍ အပျော်အပါးဖက်ကာ နေချင်သလို နေခဲ့သူဖြစ်သည်။ ယခုလည်း ကိုဆန်းလွင်ထွန်းသည် သားတစ်ယောက်၊ သမီးတစ်ယောက်ရသည့်တိုင် အိမ်၏စီးပွားရေးကို ဘာတစ်ခုမျှမလုပ်။ မိန်းမထဘီအနားခိုစားနေဆဲဖြစ်သည်။ သားနှင့်သမီးကိုထိန်းကျောင်းရင်း အိမ်တွင် ကျီးမောင်း၊ ကြက်နှင် လုပ်ဖော်ပင်မရ။ မခင်မာတင့်တစ်ယောက်မှာ ရောင်းရေးဝယ်ရေးနှင့် အိမ်မှုကိစ္စတို့ကိုပါ ဖိုသီဖတ်သီဖြင့် လုပ်နေရသည်။ သို့သော်လည်း မခင်မာတင့်သည် ကိုဆန်းလွင်ထွန်းအပေါ် အပြစ်မမြင်။ တဖြည်းဖြည်းဖြင့် ပြုပြင်ဖျောင်းဖျမည်ဟူသောစိတ်ဖြင့်-

"အစ်ကိုရေ ဈေးဖိုးတောင်းလိုက်ခဲ့ပါအုံး။ ဘယ်ရွာကို လိုက်ပို့ပေးပါအုံး"ဟူ၍ ချိုသာစွာပြော၍ အလုပ်ခွင်ထဲသို့ စိတ်ပါလာအောင် ဆွဲခေါ်လေ့ရှိသည်။ ကိုဆန်းလွင်ထွန်းကားမရ။ အမြဲပင်ငြင်းပယ်သည်။ အရက်သည်လည်း သောက်မြဲသောက်ဆဲ။ ရွာရိုးကိုးပေါက် အိမ်မကပ်အိုးမကပ် အလည်အပတ်သည်လည်း ထွက်မြဲထွက်ဆဲ။

"အစ်မခင်မာတင့် အစ်မခင်မာတင့်"

နံနက်စောစောအိမ်ရှေ့မှ အလန့်တကြားခေါ်သံကြောင့် မခင်မာတင့်ခမျာ အိမ်ရှေ့ဝရန်တာဘက်သို့ သုတ်သီးသုတ်ပျာဖြင့် ထွက်ကြည့်လိုက်သည်။

"ဟင် ဘယ်သူများလဲမှတ်တယ်။ ညီမလေး အဝိုင်းပါလား"

အဝိုင်းဆိုသူ မိန်းကလေးမှာ အခြားမဟုတ် မခင်မာတင့် မိဘ သဖွယ် အားကိုးအားထားပြုရသော ဦးဘဖေ၊ ဒေါ်နက်သာတို့၏ သမီးဖြစ်သည်။

"အစ်မ ကိုဆန်းလွင်ထွန်းရှိလား"

"ဟင့်အင်း သူ ညကအိမ်ပြန်မအိပ်ဘူး။ ဘာကိစ္စရှိလို့လဲ"

မခင်မာတင့်မှာ သူ့စကားဆုံးသည်နှင့် အဝိုင်းမျက်နှာပျက်သွားသည်ကို သတိထားမိလိုက်သည်။ ထို့ကြောင့်လည်း သူ့စိတ်တွေ တထင့်ထင့်ဖြစ်ကာ-

"ညီမလေးအဝိုင်း ကိုဆန်းလွင်ထွန်းဘာဖြစ်လို့လဲ မြန်မြန်ပြောစမ်းပါ"

"ဟို ဟိုလေ ကိုဆန်းလွင်ထွန်းက ရွာတောင်ပိုင်းက ဆေးလိပ်သမခင်ထားကို ခိုးပြေးလို့တဲ့"

အဝိုင်းဆီကကြားလိုက်ရသောစကားသည် မခင်မာတင့်အဖို့ နားထဲကို သံရည်ပူများ လောင်းချခံလိုက်ရသည့်နှယ် ပူလောင်ခြင်း၊ ခံပြင်းခြင်းတို့ကို ဖြစ်စေသည်။ သူမျက်ဝန်းမှမျက်ရည်စတို့သည်လည်း တာတမံကျိုးပေါက်လိုက်သည့်နှယ် ဒလဟောစီးဆင်းလာလေတော့သည်။

(၆)

သုံးနှစ်ဟူသည့်ကာလသည် မကြာသောကာလအပိုင်းခြားတစ်ခုဟု ထင်ရသော်လည်း အရာရာတို့သည် မထင်မှတ်ထားလောက်အောင်ပင် ပြောင်းလဲ၍နေသည်။ မခင်မာတင့်သည် သူ၏ဇာတိဝမ်းတွင်းမြို့သို့ ပြန်ရောက်ရောက်ချင်း မြတ်ညီနောင်ဘုရားသို့သွားသည်။ ဘုရားကုန်းတော်ပေါ်တက်ရာလမ်း၏ ဘေးဝဲယာတို့တွင်စိုက်ပျိုးထားသော ရေတမာပင်၊ ရွက်လှပင်တို့ပင်လျှင် ပင်စည်ရှည်လျားရွက်ဖားဖားတို့ဖြစ်နေကြပြီဖြစ်သည်။

သမီးကို ခါးထစ်ခွချီကာ သားကိုလက်ကဆွဲ၍ ဘုရားရင်ပြင်တော် အပေါ်သို့တက်ခဲ့သည်။ သားအမိသုံးယောက်သား ဘုရားကိုကန်တော့ကြသည်။ ဘုရား၏ဆည်းလည်းသံတို့ကြောင့် သူ့စိတ်နှလုံးတို့ လန်းဆန်းသွားသည်။ ထို့ကြောင့် သူ့အိမ်သို့ပြန်ရန် ဘုရားရင်ပြင်တော်ပေါ်မှ ဆင်းလိုက်သည်။

"ဒုက္ခတွေ့မှ အိမ်ကိုပြန်မလာနဲ့လို့ အစ်မပြောခဲ့တဲ့စကား မှတ်မိသေးရဲ့လား ညီမလေး"

ဦးလေးဘဖေတို့က ဖုန်းဆက်ပြီးအကျိုးအကြောင်းပြောပြထားသည်ထင်၏။ မခင်မာတင့်မှာ ခြံထဲဝင်ဝင်ချင်း အစ်မဖြစ်သူက ခပ်ထေ့ထေ့ စကားလုံးများနှင့် ဆီးကြိုနေသည်။ သို့ပေလည်း သူသည် သားနှင့်သမီးကို လက်တွဲလျက် အိမ်ထဲသို့သာ ဝင်မြဝင်သည်။ ဒေါ်ခင်မာမြင့်မှာ မခင်မာတင့်၏ဖြစ်ရပ်ကို မခံမရပ်နိုင်ဖြစ်ကာ သူ့နှတ်မှ ကရားရေလွှတ်တတွတ်တွတ် ပြောဆိုသည်။ မခင်မာတင့်ကမူ သားနှင့်သမီးကို ပွေ့ဖက်ထားလျက် ခေါင်းငိုက်စိုက်ချထားသည်။ တစ်ခါတစ်ခါ သူမျက်နှာမှ မျက်ရည်များကို လက်နှင့်သုတ်ဖယ်သည်။ စကားဟူ၍ တစ်ခွန်းတစ်ပါဒမျှမပြော။ ထို့ကြောင့် ဒေါ်ခင်မာမြင့်၏ ဒေါမနဿစကားတို့သည်လည်း တဖြည်းဖြည်း တိတ်ဆိတ်သွားသည်။

တစ်အူထွဲဆင်း ညီအစ်မအရင်းပေမို့ တစ်ရက်မှနှစ်ရက်မြောက်သော် ဒေါ်ခင်မာမြင့်တို့ညီအစ်မတစ်တွေမှာ နဂိုလို ချစ်ချစ်ခင်ခင်နေသားတကျဖြစ်လာကြသည်။ တူ မောင်ဇင်မင်းစိုးနှင့် တူမလေးကလျာတင့်တို့ကိုပါ အဒေါ်သုံးယောက်က လက်ကမချ။ မြို့ထဲရပ်ထဲသွားလျှင်ပင် တူနှင့်တူမပါမှ။

ဒေါ်ခင်မာမြင့်တို့နှင့် မခင်မာတင့်တို့သားအမိတစ်တွေ အတူနေလာကြသည်မှာ နှစ်နှစ်ခန့်မျှရှိလာခဲ့သည်။ ဒေါ်ခင်မာမြင့်သည် တူ၊ တူမလေးတို့၏ရှေ့ရေးကိုမြော်တွေးကာ ညီမဖြစ်သူကို စီးပွားရေးကိုယ်ပိုင်လုပ်ခွင့်ပေးထားသည်။ မခင်မာတင့်တို့မိသားစုကို စားစရိတ်မယူဘဲ သူကပင် ကျွေးမွေးသည်။ ဒေါ်ခင်မာမြင့်တို့ညီအစ်မများ၏ အိမ်တွင်းရေးသည် အလွန်ပင်သာယာနေသည်။ သို့သော် ဒေါ်ခင်မာမြင့်အတွက် တိမ်တောင်မတက် လျှပ်မပြက်ပါဘဲ မုန်တိုင်းတစ်ခုဝင်လာသည်။ ထို မုန်တိုင်းကား မခင်မာတင့်၏ယောကျ်ား ကိုဆန်းလွင်ထွန်းပင်ဖြစ်သည်။ ကိုဆန်းလွင်ထွန်းသည် သူ့မယားငယ်ခင်ထားကို ကွာရှင်းခဲ့ပြီး မခင်မာတင့်ရှိရာ ဝမ်းတွင်းမြို့ကလေးသို့လိုက်လာ၏။ သူ့အမှားအတွက်လည်း အစ်မကြီးဖြစ်သူ ဒေါ်ခင်မာမြင့်ကို ဦးချတောင်းပန်၏။ မခင်မာတင့်ကိုလည်း တောင်းပန်၏။ သားသမီးများ၏ရှေ့ရေးအတွက် အလုပ်ကို ကြိုးစားလုပ်ပါမည်ဟု ကတိကဝတ်များပေးသည်။

ဒေါ်ခင်မာမြင့်မှာ ကိုဆန်းလွင်ထွန်း၏စကားကို လက်မခံသည့် သဘောရှိသည်။ မျက်နှာလွှဲ၍နေသည်။ မခင်မာတင့်မှာသာ အခက်ကြုံနေရသည်။ ငြင်းပယ်လိုက်ပြန်လျှင်လည်း ကိုဆန်းလွင်ထွန်းဘဝပျက်ကာ လမ်းဘေးသို့ ရောက်သွားချေမည်။ ထိုအခါ သူ၏သားနှင့်သမီး အဖေခေါ်စရာမဲ့မည်။ ပြန်ပေါင်းလျှင်လည်း သူ့အစ်မ၊ ညီမများနှင့် ခွဲရမည်။ ဤသို့ဖြင့် မခင်မာတင့်၏အတွေးတို့ ဝိုဟဖြစ်နေသည်။

(၇)

"ရတယ် ပြန်ပေါင်းချင်ရင်ပေါင်း။ အေး ငါ့အိမ်မှာတော့ ညည်းတို့ကိုမထားနိုင်ဘူး။ ကလေးတွေကိုလဲ ညည်းတို့နဲ့မထည့်နိုင်ဘူး။ ညည်းတစ်ယောက်တည်းလိုက်သွား။ သွား"

"အန်တီမေ ဘာဖြစ်လို့ငိုနေတာလဲ။ အန်တီမေငိုတော့ သမီးလဲ ငိုချင်တယ်"

ဒေါ်ခင်မာမြင့်တစ်ယောက် အတွေးလွန်၍ မျက်ရည်စတို့စီးကျကာ ကိုယ်ခန္ဓာသိမ့်ခနဲတုန်၍ ရှိုက်သံပင်ထွက်မိသွားသည်။ ထို့ကြောင့် တူမဖြစ်သူက ငိုသံအက်အက်ဖြင့် မေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အတိတ်သို့လွင့်မျောနေသော သူ့စိတ်တို့သည် ပစ္စက္ခသို့ ပြန်ရောက်လာသည်။

"သမီး ကိုကိုက အန်တီမေတို့အိမ်ကိုပြန်မလာတော့ဘဲ သမီး ဖေဖေ၊ မေမေတို့နဲ့ အတူနေသွားလို့ပေါ့"

"သမီးကတော့ အန်တီမေတို့နဲ့ တစ်သက်လုံးအတူနေပါ့မယ်။ အန်-တီ မေမင့်နဲ့တော့နော်"

တူမဖြစ်သူကလျာတင့်၏စကားသံကြောင့် မျက်ရည်မိုးတို့ဖြင့်ညိုနေသော ဒေါ်ခင်မာမြင့်၏မျက်နှာသည် ရုတ်ခြည်းပြောင်းလဲကာ ကြည်လင်ဝင်းပသွားသည်။

"ဟောတော့ အစ်မခင်မာမြင့် လာကြည့်ပါအုံး။ အဲ့ဩစရာပဲအစ်မရေ၊ ကြက်မကြီးက သူ့ကလေးရေကူးနေတာကို ရေနစ်မှာစိုးလို့ ကတော်ကတော်နဲ့အော်နေတယ်"

ဒေါ်ခင်မာမြင့်မှာ သောကဗျာပွေနေသည့်အတွက် မိမိ၏ခြံအတွင်းသို့ တစ်ဖက်အိမ်မှ မဆန်းမေဆိုသူအမျိုးသမီး သူ့အိမ်ခြံထောင့်ရှိ ရေကန်အနီးသို့ ရောက်နေသည်ကိုပင် မသိလိုက်။ မဆန်းမေပြောသည့်အတိုင်း ရေကန်အနီးတွင် ကြက်မတစ်ကောင် ယောက်ယက်ခတ်ပြေးလွှားကာ ကတော်ကတော်အော်နေသည်။ မဆန်းမေ၏ခေါ်သံကြောင့် ရေကန်ဆီသို့ သွားလိုက်သည်။ ရေကန်ထောင့်တွင် သူ့အိမ်မှ ဘဲအုပ်များရှိသည်ကို သူမြင်တွေ့ရသည်။ ထို့နောက် ဘဲကလေးတစ်ကောင်သည် သူ၏အိမ်မှ ဘဲအုပ်ရှိရာသို့ ကူးခပ်သွားနေသည်ကို သူမြင်ရသည်။ ကြက်ရေကူးနေသည်ကိုမတွေ့ရ။

"ဘယ်မှာလဲ ကြက်ကလေးရေကူးနေတာ"

ဒေါ်ခင်မာမြင့်မှ စိတ်မကြည်ဟန် လေသံခပ်တိုတိုဖြင့်မေးလိုက်သည်။

"အဲ ဘဲကလေးက သူ့ကလေးပဲ။ ဒီလိုအစ်မရဲ့။ ညီမလေး ဒီကြက်မကြီးဝပ်ကျင်းဆင်းမဲ့လုပ်တော့ ညီမက ဘဲဥကလေးတစ်လုံးဝယ်ထည့်လိုက်တာ။ ဒီဘဲကလေးပေါက်လာတယ်။ ကြက်မကြီးက ဘဲကလေးကို သူ့ဥကပေါက်တဲ့ ကြက်ကလေးတွေလိုပဲ သားအမှတ်နဲ့ ရင်အုပ်မကွာစောင့်ရှောက်တယ်။ အခု ဘဲကလေးက နည်းနည်းကြီးလာတော့ အစ်မတို့အိမ်ကဘဲတွေနဲ့အတူနေချင်လို့ ရေထဲဆင်းသွားတယ်။ ဒါကို ကြက်မကြီးက စိုးရိမ်စိတ်နဲ့ အော်နေတယ်လေ၊ အဲ့ဩစရာကောင်းတယ်နော် အစ်မ"

မဆန်းမေသည် သူနှင့် သူ့ကြက်မကြီးအကြောင်းကို ပြောပြကာ ခိုးခိုးခစ်ခစ်ပင်ရယ်လိုက်သေးသည်။ ဒေါ်ခင်မာမြင့်လည်း ဘဲကလေးနှင့် ကြက်မကြီးကိုသဘောကျဟန်ဖြင့် တခစ်ခစ်ရယ်လိုက်မိ၏။ သို့သော် ဒေါ်ခင်မာမြင့်၏ ရယ်သွေးသံသည် ဟက်ဟက်ပက်ပက်မရှိ။ ရင်ထဲကမပါသော အပေါ်ယံရယ်ခြင်းမျိုးသာဖြစ်သည်။ ဘဲကလေးသည် သူနှင့် အမျိုးတူ ဘဲများရှိရာသို့ ကူးခပ်သွားနေသည်။ ဘဲကလေး ယက်ကန်ရွှေ့လျားလေတိုင်း ကန်ရေပြင်သည်တုန်လှုပ်၍ လှိုင်းတို့ကျန်ခဲ့သည်။ ထိုလှိုင်းတို့ကို ဒေါ်ခင်မာမြင့်သည် လွမ်းရိပ်သန်းသောမျက်နှာဖြင့် ငေး၍ကြည့်နေလေသည်။

ဗေဒါပမာ

- မြစ်နဒီ ရေလွှာကြီး
  မျောပါစီးလည်း မမှုရှာ၊
  ဗေဒါတွေ လှုပ်ရှားမြဲ
  အောင်ပွဲဆီသာ၊
  လှိုင်းပုတ်လည်း မကြောက်ပါ
  သူတို့မှာ မာန်မပျောက်၊
  စံနမူဗေဒါလမ်းသည်
  ကြမ်းတမ်းလည်းလျှောက်။

- လူသားတွေ ဘဝလမ်း
  ညှိုးနွမ်းဖို့ မသင့်တယ်၊
  ဇွဲစိတ်ကို စံတင်ထား
  အင်အားသုံးကွယ်၊
  ဘဝ၏ အောင်ပွဲရယ်
  နီးစပ်မယ် မှန်မှန်လျှောက်၊
  သရဖူပန်းတိုင်ရအောင်
  စံပြတည်ဆောက်။

- ဘဝဝယ် အနိုင်အရှုံး
  အငိုအပြုံးက သံသရာ၊
  ရှုံးတိုင်းသာ နောက်ဆုတ်လှမ်းတော့
  မောပန်းရမှာ၊
  ဘာပဲဖြစ်ဖြစ် ရှေ့သို့သာ
  ဦးတည်ကာ ပဲ့မရွှေ့၊
  ယှဉ်ပြိုင်ဖွယ်
  ရင်ဆိုင်ကွယ် ထိပ်ဆုံးရောက်အောင်
  လျှောက်လှမ်းစို့ဟေ့။ ။

မောင်မျိုးချစ်(အညာမြေ)

ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

ဘားအံ အောက်တိုဘာ ၁၉

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပုံ့ပိုးရန်ပုံငွေဖြင့် ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ မြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ ကော့ဒါန်းမယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကော့ဒါန်းမယ်ကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပုံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ အပြင် ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၂၀၀ ခန့်အကုန်အကျခံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ်သြဂုတ်လနောက်ဆုံးပတ်က စတင်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်း၏ ရာခိုင်နှုန်း ၉၀ ခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပါက ကော့ဒါန်းမယ်ကျေးရွာရှိ အိမ်ခြေ ၇၃ အိမ်၊ လူဦးရေ ၄၀၀ ခန့်၏ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

နိုင်ဂျီးရီးယားနိုင်ငံတွင် ရေနံတွင်းများပျက်စီးမှုကြောင့် ရေနံတင်ပို့နိုင်မှု သိသိသာသာကျဆင်းခဲ့

အာဘူဂျာ အောက်တိုဘာ ၁၉

နိုင်ဂျီးရီးယားနိုင်ငံတွင် ယခုနှစ် မိုးကာလအတွင်း မိုးရေချိန်မြင့်မားခဲ့ခြင်းကြောင့် နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ယခုနှစ်အတွင်း ရေကြီးရေလျှံမှု ပြဿနာကြောင့် နိုင်ဂျီးရီးယားနိုင်ငံအတွင်း သေဆုံးသူဦးရေ ၆၀၀ ထက်မနည်းရှိခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် အခြေခံအဆောက်အအုံအမြောက်အမြားလည်း ပျက်စီးခဲ့ရသည်။ ကြီးမားသည့် ဆုံးရှုံးမှုတစ်ရပ်အနေဖြင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချပြီး နိုင်ငံတော်ဘဏ္ဍာရေးဖွေနေသည့် ရေနံတွင်းများ ပျက်စီးမှုကြောင့် ယခုနှစ်အတွင်း ဥရောပနိုင်ငံများသို့ ရေနံတင်ပို့နိုင်မှု သိသိသာသာ ကျဆင်းခဲ့ကြောင်း Nigeria LNG နိုင်ဂျီးရီးယားရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်ဟု Euro News သတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

ရှရှား-ယူကရိန်းအရေးကြောင့် စွမ်းအင်အကျပ်အတည်းဖြင့် ရင်ဆိုင်နေရသည့် ဥရောပနိုင်ငံများအတွက် နိုင်ဂျီးရီးယားနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြောင့် ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့နိုင်မှု ကျဆင်းလာခြင်းကြောင့် ဥရောပနိုင်ငံများတွင် စွမ်းအင်ကျပ်တည်းမှု ပြဿနာ ပိုမိုဆိုးရွားလာနိုင်သည့် အခြေအနေဖြစ်နေသည်။

"ရေနံနဲ့ သဘာဝဓာတ်ငွေ့ တူးဖော်ရေး လုပ်ကွက်တွေကနေ ပုံမှန်ထုတ်ယူနိုင်တဲ့ပမာဏအတိုင်း ထုတ်ယူနိုင်ခဲ့တာမရှိပါဘူး။ သဘာဝဘေးအန္တရာယ်တွေကြောင့် ရေနံနဲ့ သဘာဝဓာတ်ငွေ့ တူးဖော်ရေး လုပ်ကွက်တွေ ပျက်စီးခဲ့ရတယ်။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ဥရောပနိုင်ငံတွေဆီ ပုံမှန်တင်ပို့ရောင်းချပေးနေတဲ့ပမာဏအတိုင်း ဒီနှစ်မှာတော့ တင်ပို့ရောင်းချနိုင်တော့မှာ မဟုတ်ပါဘူး"ဟု Nigeria LNG ကုမ္ပဏီမှပြောရေးဆိုခွင့်ရှိသူ အန်ဒီအိုဒက်ဟ်က ပြောကြားခဲ့သည်။

Nigeria LNG ကုမ္ပဏီထံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပုံမှန်ဝယ်ယူနေသည့် ပေါ်တူဂီအခြေစိုက် Galp Energia ကုမ္ပဏီကလည်း Nigeria LNG ကုမ္ပဏီထံမှ အသိပေးအကြောင်းကြားစာကို လက်ခံရရှိထားပြီးဖြစ်ကြောင်း အတည်ပြုသွားခဲ့သည်။

"ရေနံနဲ့သဘာဝဓာတ်ငွေ့ပုံမှန်တင်ပို့ပေးနေတဲ့ ပမာဏအတိုင်း ပို့ပေးနိုင်မှာမဟုတ်တဲ့အကြောင်း အသိပေးလာပါတယ်။ အခြေအနေ အသေးစိတ်ကိုတော့ မသိရသေးပါဘူး"ဟု Galp Energia ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

နိုင်းဆက်

ကမ္ဘာပေါ်ရှိ ကလေးငယ်တစ်ဘီလီယံခန့် ရာသီဥတုဖောက်ပြန်မှုဒဏ် ဆိုးရွားစွာကြုံတွေ့နေရ

နယူးယောက် အောက်တိုဘာ ၁၉

ရာသီဥတုဖောက်ပြန်မှု အန္တရာယ်ကြောင့် ကမ္ဘာပေါ်ရှိ ကလေးငယ် တစ်ဘီလီယံခန့်သည် စားနပ်ရိက္ခာရှားပါးမှု၊ အာဟာရချို့တဲ့မှုနှင့် ရောဂါဘယကျရောက်မှုဒဏ်ကို ဆိုးရွားစွာကြုံတွေ့နေရကြောင်း လူအခွင့်အရေး အဖွဲ့တစ်ဖွဲ့က ယနေ့တွင် ပြောကြားခဲ့ကြောင်း France 24 သတင်းဌာနက ဖော်ပြထားသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် ကလေးငယ်များအနေဖြင့် ဆိုးရွားသောအကျိုးဆက်များကို ကြုံတွေ့နေရသည့်အပြင် ပြီးခဲ့သောဆယ်စုနှစ်များအတွင်း လူငယ်များ၏လူနေမှုအဆင့်အတန်းသည် တိုးတက်မှုမရှိခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ကုလသမဂ္ဂအေဂျင်စီများမှပံ့ပိုးပေးသည့် ကိန်းဂဏန်းများအပေါ် အခြေခံထားသည့် Kids Rights အညွှန်းကိန်းတွင် ကမ္ဘာ့ကလေးငယ်များ၏ သုံးပုံတစ်ပုံကျော် သန်း ၈၂၀ ခန့်သည် လက်ရှိတွင် အပူလှိုင်းဒဏ်ခံနေရသည် ဟုဆိုသည်။

ရေရှားပါးမှုသည် ကမ္ဘာတစ်ဝန်းရှိ ကလေးငယ် သန်း ၉၂၀ ကို ထိခိုက်ခဲ့ပြီး ၄က်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကဲ့သို့ သောရောဂါများသည် ကလေးဦးရေ သန်း ၆၀၀ သို့မဟုတ် ကလေးလေးဦးလျှင် တစ်ဦးကိုထိခိုက်ခဲ့ကြောင်း နယ်သာလန်အခြေစိုက် NGO Kids Rights အဖွဲ့အစည်းမှ ပြောကြားခဲ့သည်။

အချက်အလက်များအရ နိုင်ငံပေါင်း ၁၈၅ နိုင်ငံတွင် အိုက်စလန်၊ ဆွီဒင်၊ ဖင်လန်တို့က ကလေးငယ်အခွင့်အရေးအတွက် အကောင်းဆုံးဖြစ်ပြီး ဆီရီယာလီယွန်၊ အာဖဂန်နစ္စတန်၊ ချဒ်နိုင်ငံတို့က အဆိုးဆုံးဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာလ အနှောင့်အယှက်များနှင့် ဆေးခန်းများပိတ်ရခြင်းကြောင့် အစားအသောက်နှင့် ဆေးဝါးမရရှိနိုင်မှုတို့ကလည်း ကလေးများအပေါ် ပြင်းထန်စွာ သက်ရောက်မှုရှိခဲ့ပြီး ရလဒ်အနေဖြင့် အသက် ငါးနှစ်အောက်ကလေး ၂၈၆၀၀၀ ခန့် သေဆုံးခဲ့ကြောင်း NGO Kids Rights အဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြထားသည်။ AZH

အာဂျင်တီးနားနိုင်ငံတွင် မိုးခေါင်မှုကြောင့် ပြောင်းဖူးအထွက်နှုန်း အနိမ့်ဆုံးအခြေအနေရောက်ရှိ

ဗျူနိုစ်အေရိစ် အောက်တိုဘာ ၁၉

အာဂျင်တီးနားနိုင်ငံသည် မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် ခြောက်နှစ်တာကာလအတွင်း ပြောင်းဖူးအထွက်နှုန်း အနိမ့်ဆုံးအခြေအနေဖြင့် ရင်ဆိုင်နေရသည့်အတွက် ယခုနှစ်တွင် ပြည်ပသို့ ပြောင်းဖူးတင်ပို့ရောင်းချနိုင်မှုနှုန်း ကျဆင်းနေကြောင်း ရိုဆာရီယိုပြောင်းဖူးကုန်သွယ်ရေးအဖွဲ့အစည်း (BCR) က ထုတ်ပြန်ခဲ့ကြောင်း UKR Agro သတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

အာဂျင်တီးနားနိုင်ငံသည် တောင်အာဖရိကတိုက်တွင် ပြည်ပသို့ ပြောင်းဖူး တင်ပို့ရောင်းချမှုနှုန်း အမြင့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ တောင်သူများမှာလည်း ပြောင်းဖူးစိုက်ခင်းများကို အဓိကစိုက်ပျိုးလျက်ရှိသည်နိုင်ငံဖြစ်သည်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးခေါင်ရေရှားပါးမှု ပြဿနာဖြစ်ပေါ်ခဲ့ပြီး ပြောင်းဖူးအထွက်နှုန်း ကျဆင်းလာခဲ့ရခြင်းမှာ တောင်သူများအတွက် အကျပ်အတည်းသဖွယ် ဖြစ်နေသလို နိုင်ငံတော်၏ဝင်ငွေ လျော့ကျလာမည့်အရေးဖြင့်လည်း ရင်ဆိုင်နေရသည်။

"မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် အခုနှစ်မှာ ပြောင်းဖူးပုံမှန်စိုက်ပျိုးနိုင်တာမရှိခဲ့ပါဘူး။ နှစ်စဉ် ပုံမှန်စိုက်ပျိုးနေတဲ့ ဧရိယာစုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းလောက်ပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လဲ ခြောက်နှစ်တာကာလအတွင်း ပြောင်းဖူးအထွက်နှုန်းဟာ ဆိုးရွားစွာ နိမ့်ကျခဲ့ရပါတယ်။ ပုံမှန်ပြောင်းဖူးစိုက်ပျိုးတဲ့ဧရိယာဟာ ၂ ဒသမ ၈ သန်း ဧကထိရှိခဲ့ပေမဲ့ ဒီနှစ်မှာတော့ ၁ ဒသမ ၆ သန်း ဧကသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု BCR အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

BCR အဖွဲ့အစည်း၏ထုတ်ပြန်ချက်အရ ယခုနှစ်အတွင်း ပုံမှန်ပြောင်းဖူးစိုက်ပျိုးနေသည့်ဧရိယာစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း၌သာ ပြောင်းဖူးစိုက်ပျိုးနိုင်ခဲ့ပြီး အခြားသောဧရိယာများတွင် ရေအခက်အခဲကြောင့် စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

နိုင်းဆက်

ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် အိန္ဒိယ (NTPC)နှင့် မစ်ဆူဘီရှီတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နယူးဒေလီ အောက်တိုဘာ ၁၉

ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးကြိုးပမ်းမှုအတွက် အိန္ဒိယနိုင်ငံ အမျိုးသားအပူစွမ်းအင်ကော်ပိုရေးရှင်း(NTPC)လီမိတက်သည် ဂျပန်နိုင်ငံမှ မစ်ဆူဘီရှီ၏ လုပ်ငန်းခွဲဖြစ်သော မစ်ဆူဘီရှီ အိန္ဒိယအခြေစိုက်လီမိတက်(Mitsubishi India Private Limited-MIPL)တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ရေးသားထားသည်။

နားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒက်ရှ်ပြည်နယ်ရှိ NTPC Auraiya ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွင် တပ်ဆင်ထားသည့် MHI-70 ID ဓာတ်ငွေ့တာဘိုင်များတွင် ရှပ်ကြွင်းလောင်စာအစားသဘာဝဓာတ်ငွေ့နှင့် ဟိုက်ဒရိုဂျင်ပူးပေါင်းအသုံးပြု လည်ပတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

NTPC သည် ၇၀၂၃၄ မဂ္ဂါဝပ်ရှိသော အိန္ဒိယ၏အကြီးဆုံးပေါင်းစပ် စွမ်းအင်ကုမ္ပဏီဖြစ်ပြီး Auraiya ဓာတ်ငွေ့သုံးစက်ရုံ၏ စုစုပေါင်းဓာတ်အားထုတ်လွှတ်နိုင်မှု ၆၆၃ မဂ္ဂါဝပ်ဖြစ်ကာ ဓာတ်ငွေ့တာဘိုင်လေးလုံးကို ပေါင်းစပ်စက်ဝန်းပုံစံဖြင့် လည်ပတ်လျက်ရှိကြောင်း သိရသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကိုလျှော့ချရန် စွမ်းအင်အထူးပြု ကဏ္ဍအားလုံးတွင် ပေါင်းစပ်ပြီး ကျယ်ပြန့်သော လမ်းပြမြေပုံတစ်ခု လိုအပ်ကြောင်းနှင့် လမ်းပြမြေပုံ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဓာတ်ငွေ့တာဘိုင်များတွင် ဟိုက်ဒရိုဂျင် အသုံးပြုမှုသည် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်း NTPC ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် အကြီးဆုံး လျှပ်စစ် ဓာတ်အားပေးစက်ဖြစ်သည့် NTPC သည် အိန္ဒိယနိုင်ငံ၏ စွမ်းအင်အကူးအပြောင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး ၎င်း၏ ကာဗွန်ထုတ်လုပ်မှုဆိုင်ရာ ကတိကဝတ်များကို အကောင်အထည်ဖော်ရန်ရည်ရွယ်၍ ဤစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

AZH

အိုင်ယာလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်

ဒပ်ဘ်လင် အောက်တိုဘာ ၁၉

အိုင်ယာလန်နိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန်မြင့်မားသည်အတွက် နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ကြောင်း အယ်လ်ရန်မိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု BN သတင်းဌာနက ယနေ့ ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အိုင်ယာလန်နိုင်ငံအရှေ့ဘက်ပိုင်းနှင့် အရှေ့တောင်ဘက်ပိုင်းတွင် မိုးရွာသွန်းမှုနှုန်း ပိုမိုမြင့်မားခဲ့ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ဇုန်များကိုလည်း ထုတ်ပြန်ကြညာခဲ့သည်။

"မကြာသေးမီကာလမှာ ရေဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အခုတစ်ဖန် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုတွေ ထပ်မံဖြစ်ပွားလာနိုင်ပါတယ်။ တောင်ဘက်ပိုင်းမှာရှိတဲ့ ကောင်တီတွေမှာ ရေကြီးရေလျှံမှုတွေ ဆိုးရွားစွာဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်"ဟု အယ်လ်ရန် မိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လင်ဒါဟုချ်က ပြောကြားခဲ့သည်။

ကောင်တီအလိုက် ရေဘေးအန္တရာယ် အဆင့်သတ်မှတ်ချက်ကို သတ်မှတ်ထုတ်ပြန်ခဲ့ပြီး ကော့ကောင်တီ၊ ကာရီကောင်တီ၊ ဝါတာဖို့ဒ်ကောင်တီ၊ ဝစ်ကလိုကောင်တီနှင့် ဝက်ဇ်ဖို့ဒ်ကောင်တီတို့တွင် ရေဘေးအန္တရာယ် လိမ္မော်ရောင်အဆင့်အဖြစ် သတ်မှတ်ထားကြောင်း၊ အဆိုပါကောင်တီများတွင် အောက်တိုဘာ ၁၈ ရက် ညမှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းဖြစ်ပြီး လာမည့် ၂၄ နာရီအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာဖွယ်ရှိနေကြောင်း၊ ကာလိုကောင်တီ၊ ကီလ်ကန်နီကောင်တီ၊ တစ်ပီရာရေ ကောင်တီတို့ကို ရေဘေးအန္တရာယ် သတိပေးအဆင့်ကို အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီး လာမည့် ၂၄ နာရီအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် ကာဝန်မြို့၊ မိုနာဟန်မြို့၊ ဒူဘလင်မြို့၊ ကီလ်ဒဲမြို့၊ လောက်မြို့၊ မက်မြို့တို့တွင်လည်း ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

နိုင်းဆက်

ယခုနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၆၆၅ ဒသမ ၀၁ သန်း ရရှိထား

နေပြည်တော် အောက်တိုဘာ ၁၉

ယခုနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ပြည်ပနိုင်ငံအသီးသီးသို့ပဲမျိုးစုံတင်ပို့မှုမှ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၆၆၅ ဒသမ ၀၁ သန်း ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းလွင်ထံမှ သိရသည်။

ယခုနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးဖြင့် ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၆၅ ဒသမ ၃၉ သန်း၊ နယ်စပ်ကုန်သွယ်ရေးဖြင့် ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၆၂ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆၅ ဒသမ ၀၁ သန်း ပို့ကုန်ဝင်ငွေ ရရှိထားကြောင်း သိရသည်။

"အခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ပြည်ပနိုင်ငံတွေကို ပဲမျိုးစုံတင်ပို့နိုင်မှု အခြေအနေကတော့ ဧပြီ ၁ ရက်ကနေ အောက်တိုဘာ ၇ ရက်ထိ ပင်လယ်ရေကြောင်းကနေ ပဲမျိုးစုံတင်ပို့မှုက အမေရိကန်ဒေါ်လာ ၅၆၅ ဒသမ ၃၉ သန်း၊ နယ်စပ်ကုန်သွယ်ရေးကနေ ပဲမျိုးစုံတင်ပို့မှုက အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၆၂ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆၅ ဒသမ ၀၁ သန်း ရရှိထားပါတယ်" ဟု ဦးဝင်းလွင်က ပြောပြသည်။

မြန်မာနိုင်ငံသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများ စိုက်ပျိုးကြသကဲ့သို့ ပဲလွမ်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများလည်း စိုက်ပျိုးကြကြောင်း၊ မြန်မာနိုင်ငံမှ တင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန် ပစ္စည်းများဖြစ်ပြီး ပဲမျိုးစုံသည်လည်း အဓိကပို့ကုန်အမည်တွင် ပါဝင်နေကြောင်း သိရသည်။

ASH

ဟာ၁ီလိတ်မြို့နယ်တွင် VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

တာ၁ီလိတ် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာ၁ီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာ၁ီလိတ်မြို့နယ်တွင်းရှိ ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တာ၁ီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုင်းကိုးကျေးရွာအုပ်စုရှိ ဝမ်ကဲ(၁)၊ ဆီလီမွန်း၊ ပန်အမ်၊ ပါဘီး၊ ဟာကြား၊ ရန်ရှင်း(၂)၊ ဆီနော်ကျေးရွာတို့တွင် ရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို စစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက လမ်းများရေရှည် တည်တံ့စေရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြ

ရန် ကျေးရွာများမှ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

တာ၁ီလိတ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်ရွက်ပြီးစီးသောကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀ စီ၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၇၀ စီတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဒေသခံများ အနေဖြင့် အဆင်ပြေစွာသွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ပေးနိုင်မှုကြောင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

ကျော်စောဦး(မောရှမ်းမြေ)

သရက်မြို့နယ် မြစကိုင်းကျေးရွာ၌ ရေရရှိရေးဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

သရက် အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်သူ+ကျေးလက်+ယူနီဆက်တို့ပူးပေါင်း၍ မြစကိုင်းကျေးရွာ၌ ရေမီတားသုံး အိမ်တိုင်ရာရောက်ရေပေးစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ထားရှိမှုကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်းက ကျေးရွာရေကော်မတီဝင်များနှင့်အတူ မြစကိုင်းကျေးရွာ၌ ရေမီတားသုံး အိမ်တိုင်ရာရောက်ရေပေးစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ထားရှိမှု၊ ရေသုံးစွဲမှုနှင့် ရေမီတာကောက်ခံမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ရေပေးဝေရာတွင် စနစ်တကျဆောင်ရွက်ရန်၊ ရေမီတာဖိုးကောက်ခံရာတွင် စာရင်းဇယားများ သေချာစွာထားရှိရန် စသည်လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မြစကိုင်းကျေးရွာ၌ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် စက်ရေတွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်မှရေကို ကျေးလက်နေပြည်သူများ အချိန်ကုန်သက်သာစွာဖြင့် အဆင့်မြင့်အသုံးပြုနိုင်ရန် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်သူ+ကျေးလက်+ယူနီဆက်တို့ပူးပေါင်း၍ ရေမီတာအသုံးပြုကာ အိမ်တိုင်ရာရောက်ရေပေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေပေးရေးပစ္စည်းများ ပျက်စီးပါက ပြင်ဆင်ထိန်းသိမ်းရေးအတွက် ရေဖိုးအနေဖြင့် ကောက်ခံမှုပါ တစ်ယူနစ်လျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် တစ်လတစ်ကြိမ် ကျေးရွာပြည်သူများ၊ ကျေးရွာရေကော်မတီဝင်များက ဆုံးဖြတ်ချက်ဖြင့် ကောက်ခံကြောင်း၊ ရေရရှိရေးဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၀၅ အိမ်၊ လူ ၄၂၉ ဦးတို့ ရေဖူလုံစွာအသုံးပြုလျက်ရှိကြောင်း ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

ကိုလှိုင်

မိုင်းဖြတ်မြို့နယ် ကောင်းမှုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

မိုင်းဖြတ် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For work (CFW) စီမံကိန်းဖြင့် ကောင်းမှုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တာ၁ီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာမှ CFW စီမံကိန်း ကော်မတီဝင်များနှင့်အတူ ကောင်းမှုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရဲခေါင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းမှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကောင်းမှုကျေးရွာ၌ Cash For Work (CFW) စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် အရှည်ပေ ၆၀၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာများ ပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာ ၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

စင်မာ

မကွေးတိုင်းဒေသကြီးတွင် အင်ဂျင်နီယာမွမ်းမံသင်တန်းဖွင့်

မကွေး အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ဂျင်နီယာဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် အင်ဂျင်နီယာမွမ်းမံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးမောင်က အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၈ ရက်မှ ၂၃ ရက်ထိ လမ်းတံတား၊ ရေပေးရေးနှင့်ဆိုလာစနစ်အကြောင်းအရာများကို အသိပညာပေးသင်ကြားသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အသီးသီးမှ အင်ဂျင်နီယာဝန်ထမ်း ၂၃ ဦး တက်ရောက်ခဲ့ကြကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အထွေး

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(Female))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်پို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့ (Ph.D) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(male))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်پို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ပိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ပိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ်ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့(Ph.D) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယပိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

(၁၆) ကြိမ်မြောက်
ပြင်ဦးလွင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီး

ပြင်ဦးလွင်မြို့ မဟာအုံ့ထူးကံသာဘုရားကြီး တန်ဆောင်တိုင်ပွဲတော်ကွင်းကြီး၌ ၄-၁၁-၂၀၂၂ ရက်မှ ၈-၁၁-၂၀၂၂ ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပပြုလုပ်မည့် တန်ဆောင်တိုင်ပွဲတော်ကြီးတွင် နိုင်ငံကျော် အဆိုတော်များဖြင့် စတိတ်ရှိုးပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ နေ့/ည အလှမီးပုံးပျံလွှတ်ပွဲတော်များ၊ စျေးရောင်းပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြော်ငြာလုပ်ငန်းရှင်ကြီးများ၊ စျေးရောင်းပွဲတော်ကျင်းပလိုသူများ၊ ကုမ္ဍဏီအရောင်းပြခန်းများလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်ကြီးများအား လှိုက်လှဲနွေးထွေးစွာ ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်စုံစမ်းရန်

ကိုလတ် (ဖုန်း ၀၉-၇၉၆၅၃၃၄၅)၊ ကိုသူရ (ဖုန်း ၀၉-၂၆၂၃၂၃၁၂၃)

(ပြင်ဦးလွင်တန်ဆောင်တိုင်မီးပုံးပျံပွဲတော်အမည်ဖြင့် Facebook Page တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နှစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၇၊
၀၆၇-၈၁၀၃၃၄၄၄
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ ကန်ဒေါ်လာ ၃၆၁ ဒသမ ၈၃ သန်းကျော်ရရှိ

နေပြည်တော် အောက်တိုဘာ ၁၉

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ကာလအတွင်း ပြည်ပနိုင်ငံ ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းအမျိုးအစား ၃၀၀ ကျော်တင်ပို့လျက်ရှိပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၆၁ ဒသမ ၈၃ သန်းကျော် ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းထံမှ သိရသည်။

ထိုကဲ့သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့ရာတွင် အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အခြားပြည်ပနိုင်ငံများသို့ ပုံမှန်တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တင်ပို့မှု တိုးတက်ရေးအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ကာလအတွင်းမှာ ရေထွက်ကုန်တင်ပို့မှု ကနေ ပို့ကုန်ရငွေအမေရိကန်ဒေါ်လာ ၃၆၁ ဒသမ ၈၃ သန်းကျော်ရှိခဲ့ပါတယ်။ လက်ရှိမှာတော့ ပြည်ပနိုင်ငံ ၄၀ ကျော်ကို ရေထွက်ကုန်အမျိုးအစား ၃၀၀ ကျော် တင်ပို့နေတာဖြစ်ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြသည်။

မြန်မာ့ရေထွက်ကုန်တင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် စျေးကွက်အနေအထားပေါ်မူတည်ကာ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ လိုအပ်ချက်များ ပြည့်မီရေးကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရေထွက်ကုန်များတွင် ကိုဝစ်ပိုးမပါရှိစေရေး စစ်ဆေးမှုတင်းကျပ်သည့် နိုင်ငံများသို့ တင်ပို့ရာတွင် စျေးကွက်လိုအပ်ချက်အတိုင်း ဆောင်ရွက်ကာ ပို့ကုန်မလျော့ကျစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန(နေပြည်တော်)မှ သိရသည်။ ASH

သံတောင်ကြီးမြို့နယ် ချောင်းနှစ်ခွကျေးရွာ၌ မြစ်မ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သံတောင်ကြီး အောက်တိုဘာ ၁၉

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း၀င်ကျေးရွာဖြစ်သည့် ချောင်းနှစ်ခွကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် ဝန်ထမ်းများက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က ကျေးရွာကော်မတီဝင်များကို ရန်ပုံငွေများ စနစ်တကျလွဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် သံတောင်ကြီးမြို့နယ် ချောင်းနှစ်ခွကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးအတွက် ငွေကျပ် ၃၄၅ သိန်း၊ ငွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးအတွက် ငွေကျပ် သိန်း ၄၀၊ အရောင်းအ၀ယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးအတွက် ငွေကျပ် ၃၆ သိန်း စုစုပေါင်း အသင်းသား ၇၅ ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၂၁ သိန်းကို ကျေးရွာစီမံကိန်းရန်ပုံငွေကြေးကြေပ်မှုကော်မတီ ဝင်များက ငွေကျပ် ၁၀၀ လျှင် အတိုးနှုန်းပြား ၅၀ ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်ထံမှ သိရသည်။

ကျော်ဦး

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလိမိတက်
AUNG MYINT MOH MIN INSURANCE Co., Ltd.

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုင်ငေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြေအောက်ရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁۶။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁۷။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှုအသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

ဓိသားစုဘဝ
လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့

We Protect
The Family

အမှတ်(၁၄၀)၊ ရွှေတိုဂုံဘုရားလမ်းနှင့်ပန်တျာလမ်းထောင့်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁- ၈၃၇၈၅၅၊၀၉- ၄၂၄၄၄၆၆၆၄၊ ဖက်(စ်)- ၀၁-၈၃၇၈၅၃

၂၉ X ၃၀လမ်း ကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။
ဖုန်း- ၀၉-၄၂၄၄၄၆၆၆၅၊ ဖက်(စ်)- ၀၂-၄၀၃၀၄၆၇

ကိုဇစ်-၁၃ ထောက်ကူဆက်လုပ်ကိုးကားလုပ်ရာတွင် အသေးတက်ကျေးဇူးပြုပါရန်

နာမတ်သီးဆံတွဲပါရှိသော သားတော
တက်တိုးဆန့်ကျင်းမှုည်းက အသက်
ရှူလမ်းကြောင်းကို ပိုကောက်ထောင်း
မှုမ်ားပေးသည်။

ရိုးဇစ်-၁၉ ထောက်ပံ့ကူညီရန်ရည်ရွယ်ချက်နှင့် ပြန်ချိန်ပြင်ဆင်ချိန်

ကိုဇစ်-၁၉ ဆေးရုံတွေမှာ ပြည်ပကနေ
အခြားသူတစ်ဦးထံ အလွယ်တကူ
ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်
ထွက်လျှင် နှာခေါင်းစည်း(Mask)
တပ်ပါ။

ကြော်ငြာ
ကျီပျော်မြို့နေ လှမျိုးနိုင် (ဘ) ဦးချစ်ဆန်း (၁၄/ကပန(နိုင်)၂၃၄၅၅၈) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဝန်-၆၇၄၀၈၄၆၅

ကြော်ငြာ
ဓနုဖြူမြို့နေ ရန်လင်း(ဘ)ဦးအုန်းကျော် (၁၄/ဓနဖ(နိုင်)၁၂၈၈၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဝန်-၉၃၇၉၁၅၄၆

ကြော်ငြာ
ကျောင်းကုန်းမြို့နယ်နေ သက်နိုင် ဦး (ဘ) ဦးစိန်ထွန်း (၁၄/ကကန(နိုင်)၁၁၂၃၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဝန်-၆၈၆၃၀၇၁၉၉

ကြော်ငြာ
မြောင်းမြမြို့နယ်နေ တင်ထွေး (ဘ) ဦးစိန်လတ် (၁၄/မမန(နိုင်)၁၈၀၂၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဝန်-၆၆၅၉၈ ၂၉၁၉

ကြော်ငြာ
ဇလွန်မြို့နေ သူရထွန်း (ဘ) ဦးမြင့်မောင် (၁၄/ဇလန(နိုင်)၁၆၉၃၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဝန်-၇၅၅၄ ၂၅၇၆

ကြော်ငြာ
ပုသိမ်မြို့နေ မြတ်အောင် (ဘ) ဦးစံဝင်း (၁၄/ပသန(နိုင်)၂၉၈၄ ၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဝန်-၂၆၉၇၄၀၄၃၈

ကြော်ငြာ
ကန်ကြီးထောင့်မြို့နယ်နေ စိုးမင်းသက် (ဘ) ဦးကံမြင့် (၁၄/ကကထ(နိုင်)၁၅၂၇၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဝန်-၂၆၉၇၄၀၄၃၈

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝန်ထမ်းအလိုရှိသည်

(၁) ကွန်ပျူတာစာရင်းကိုင် အမျိုးသမီး (၂) ဦး
(၂) အရောင်းဝန်ထမ်း အမျိုးသမီး (၂) ဦး

မှတ်ချက်

အမှတ်စဉ်(၁)အတွက် - Excel / PageMaker ကွန်မန်းကျင်စွာ လုပ်ကိုင်နိုင်ရမည်။

အမှတ်စဉ်(၂)အတွက် - အရောင်းအတွေ့အကြုံရှိရမည်။

အမှတ်စဉ်(၂)ခုလုံးအတွက် ဆက်ဆံရေးပြေပြစ်ပြီး ယဉ်ကျေးပျူဂုဏ်စွာ ပြောဆိုဆက်ဆံတတ်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ CV Formနှင့်တကွ (၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

မြိုးဂိန်းထက် ဂေါက်ပစ္စည်းရောင်းဝယ်ရေး
၇၃လမ်း၊ ၈လမ်း×၉လမ်းကြား၊ ဖုန်း ၀၉-၂၅၃၀၇၇၇၆၆။
(မြောက်ပြင်ဘက်နေသူ ဦးစားပေးမည်။)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး စဉ်ကိုင်မြို့နယ် ပလိပ်တောင်ကင်းရပ် အိမ်အမှတ်(၁၆)နေ (အဘ)ဦးမြသန်း (အမိ)ဒေါ်သန်းသန်းဌေးတို့၏သားဖြစ်သူ မောင်စိုးဝေလင်း (ခေါ်) ဝိုင်းချစ်သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးမြသန်း (၉/အမရ(နိုင်)၀၇၄ ၂၂၉)
ဒေါ်သန်းသန်းဌေး (၉/စကတ(နိုင်)၀၄၀၃၃၃)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်ပျံ့ဝေရောစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ထီးပီးဘုရားလမ်း၊ ဓရေမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၃ (ရုံးချိန်အတွင်း)

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အ. ထ. က(ခွဲ) အောင်ချမ်းသာ Grade-6မှ ကျောင်းဝင်အမှတ်(က-၃၃၇) မစန်းကေသီ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား အရ ဦးလှိုင်မြင့် (စ/ရနခ(နိုင်)၁၃၇၄၈၈)ဖြစ်ပါကြောင်း။ **ဦးလှိုင်မြင့် (စ/ ရနခ(နိုင်)၁၃၇၄၈၈)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) စျေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကျော့ ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော်ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော်ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာလျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော်ပြောလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ရုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကျင်းပရေးပဟိုကော်မတီ ပထမအကြိမ်ညီနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

၂၀၂၃ ရုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ၂၀၂၃ ရုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညီနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညီနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ပဟိုအကျဉ်းထောင်၌ ပေါက်ကွဲမှုဖြစ်ပွားရ၍ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းအချို့နှင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရ

စာမျက်နှာ - ၂၂

ရောဝတီတိုင်းဒေသကြီးအတွင်း လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် စွမ်းစွမ်းတမ်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုချီးမြှင့်

စာမျက်နှာ - ၁၉